EVERY MONDAY

# မြစ်ကြီးနားသတင်း ဂျာနယ်®

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ဝေသည်

အတွဲ (၅)၊ အမှတ် (၂၆) | "ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ" | ( ဇူလိုင် ၃၀ ၊ ၂၀၁၈ )



## အစိုးရက ကွင်းဆင်းဆောင်ရွက်မှု အားနည်း၍ ဖားကန့်အရေး လွှတ်တော်တင်ရန် တုံ့ဆိုင်းနေ

ဖားကန့်ဒေသတွင် ဖြစ်ပျက်နေသည့်အရေးကိစ္စများနှင့်ပတ်သက်ပြီး လွှတ်တော်တွင်တင်ပြရန် ဆန္ဒရှိကြသော်လည်း ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရတို့က လက်တွေ့ကွင်းဆင်းဆောင်ရွက်မှုအားနည်း၍ တင်သွင်းရန်အစီအစဉ်များကို အားသွန်ခွန်စိုက် ပြုလုပ်သွားတော့မည် မဟုတ်ကြောင်း ဖားကန့်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များက ပြောသည်။

စာ - ၂ သို့ »



## ငြိမ်းချမ်းရေးညီလာခံအသုံးစရိတ်နှင့် ပြည်တွင်းစစ်အသုံးစရိတ် နှိုင်းယှဉ်လျှင် စစ်အသုံးစရိတ်က ပိုများနေ

စာ - ၃ သို့ »



## ကချင်ပြည်နယ်တွင် ပထမခြောက်လပတ်အတွင်း သွေးလွန်တုပ်ကွေး ၈၄ ဦး ဖြစ်ပွား

စာ - ၄ သို့ »

## စံနှုန်းတွေအောက် နစ်မြုပ်ပျောက်ကွယ်တော့မလား ...ပြည့်တန်ဆာ

"မမှတ်မိတော့ဘူး။ အယောက် သုံးဆယ်ကျော်လောက်တော့ရှိမယ်၊ သူတို့စစ်သားတွေက တစ်ယောက်ပဲဆိုပြီး ဟိုရောက်သွားတော့ မင်္ဂလာဒုံဘက်က သားရေစက်ရုံဆိုလား ရာဘာစက်ရုံဆိုလား မမှတ်မိတော့ဘူး၊ အဲ့ဒီကိုခေါ်သွားတယ်။ သူတို့ရဲ့ တာလပတ်လေးကိုခင်းထားပြီး ဆက်ဆံခံရတယ်။ တစ်ယောက်၊ နှစ်ယောက်ဆိုရင်လည်း နည်းနည်းတော်သေးတယ်၊ အခုဟာက အများကြီး၊ တစ်ယောက်ပြီးတစ်ယောက် . . ကြည့်လည်းကြည့်နေတယ်၊ အရမ်းရှက်တာပေါ့၊ အဲ့လိုမျိုးမကြည့်ပါနဲ့ပြောတော့ ဖာသည်မရာ ဘာလို့ဖာခံစားလဲဆိုပြီး ပါးရိုက်တယ်"

စာ - ၁၈ သို့ »

## အမျိုးသားလွှတ်တော်တွင် ဒေါက်တာခင်မကြီး တင်သွင်းခဲ့သော အဆိုတစ်ခုကြောင့် ပူတာအိုခရိုင်ရောက် ဝန်ထမ်းများ ဝမ်းသာ

စာ - ၅ သို့ »

## ဧရာဝတီမြစ်ပေါ်က ဆည်တွေနဲ့ မြန်မာနိုင်ငံရဲ့အနာဂတ်



၉၉ မီဂါဝပ်ထွက် ချီဖွေငယ် ရေအားလျှပ်စစ်

ဓာတ်ပုံ - မြတ်သွေးထက်

စာ - ၈ သို့ »



## နိုဖွန်ဘော် အထက်တန်းကျောင်းတွင် ကျောင်းဆရာ အင်အား လိုအပ်နေ

စာ - ၁၅ သို့ »

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( ဇူလိုင် ၃၀ ၊ ၂၀၁၈ )

# အစိုးရက ကွင်းဆင်းဆောင်ရွက်မှု အားနည်း၍ ဖားကန့်အရေး လွှတ်တော်တင်ရန် တုံ့ဆိုင်းနေ

မြစ်ကြီးနား၊ ဇူလိုင် ၂၇

ဖားကန့်ဒေသတွင် ဖြစ်ပျက်နေသည့်အရေးကိစ္စများနှင့်ပတ်သက်ပြီး လွှတ်တော်တွင်တင်ပြရန် ဆန္ဒရှိကြသော်လည်း ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရတို့က လက်တွေ့ကွင်းဆင်းဆောင်ရွက်မှုအားနည်း၍ တင်သွင်းရန်အစီအစဉ်များကို အားသွန်ခွန်စိုက် ပြုလုပ်သွားတော့မည်မဟုတ်ကြောင်း ဖားကန့်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များက ပြောသည်။

ယခုနှစ်အတွင်း ဖားကန့်မြို့နယ်တွင် မြေစာပုံပြိုကျမှုကြောင့် လူပေါင်း ၁၂၀ ကျော်သေဆုံးခဲ့သည့်အရေးနှင့် ပတ်သက်ပြီးလွှတ်တော်တွင်တင်ပြရန်ရှိ/မရှိ အခြေအနေကို ဖားကန့်လွှတ်တော်အမတ်များအား မြစ်ကြီးနားသတင်းဂျာနယ်က မေးမြန်းရာ ဖားကန့်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

“ဒီကိစ္စကျတော့ တိုက်တွန်းကြောင်းအဆိုပဲ ရမှာလေ။ သိပ်မထိရောက်ဘူး။ အဆိုတင်ရင်လည်း ဝန်ကြီးတွေက ကျွန်တော် အမြဲတမ်းပြောသလိုပဲ သက်ဆိုင်ရာအစိုးရက အစ ယေဘုယျဆန်ဆန်နဲ့ ဖြစ်စဉ်ပုံစံပဲ သဘောထားကြတာကိုး။ ဖြစ်စဉ်ပဲ သဘောထားတော့ အခုလိုဖြစ်ပျက်တာတွေကို လက်တွေ့ကွင်းဆင်းလေ့လာတာ မရှိဘူးလေ။ တကယ်တမ်းဆိုရင် ဒီမှာဒီလိုခဏခဏဖြစ်နေတယ်ဆိုရင် ပြည်ထောင်စုအစိုးရက မဟုတ်ရင်တောင်မှ ပြည်နယ်အစိုးရက ကွင်းဆင်းပေးရမှာ။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ကတော့ ပြည်နယ်မှာ အဆိုတင်ဖို့မရှိပါဘူး”ဟု ဖားကန့်မြို့နယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒါရှီလဆိုင်းကပြောသည်။

ဖားကန့်ဒေသသည် တရားဥပဒေစိုးမိုးမှု အားနည်းသည့်ဒေသဖြစ်သည့်အတွက် အဆိုတင်သွင်းသော်လည်း အမှန်တကယ်လက်တွေ့လုပ်ဆောင်ပေးရမည့် ဌာနများက လက်တွေ့မြေပြင် အခြေအနေတွင် ညွှန်ကြားချက်များအတိုင်း လိုက်လံလုပ်ဆောင်ခြင်း မရှိကြောင်းလည်း ဖားကန့်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင့်စိုးမှမှတ်ချက်ပြု ပြောကြားသည်။



ပြိုကျသွားသော ကျောက်စိမ်းနန်းတော် လုပ်ကွက် ဓာတ်ပုံ - ဇော်မိုးထက် (ဖားကန့်)

“တင်လိုတော့ရတယ်။ အဘက်ဘက်က အကျိုးနဲ့ အပြစ်ကိုကြည့်ရတယ်။တကယ်တမ်းက ဘယ်လောက်အဆိုတင်တင် လက်တွေ့ဆောင်ရွက်ရတာက ကျောက်စိမ်းတူးဖော်ရေးဌာနဖြစ်တယ်။ သူတို့က သူတို့ အဝန်းအဝိုင်းထဲကတောင် မထွက်ဘဲနဲ့ ပြည်သူတွေကို ဘယ်လိုသွားပြီး အကာအကွယ်ပေးနိုင်မှာလဲ။ အဆိုတင်လို့ အစိုးရကခိုင်းရင် သူတို့ကို ခိုင်းမှာ။ ဘာကိစ္စမှ လိုက်ပါဆောင်ရွက်ခြင်းမရှိတဲ့အခါကျတော့ တင်လည်း ငတင်ပဲဖြစ်မှာ”ဟုဦးတင့်စိုးကပြောသည်။

NLD အစိုးရလက်ထက်တွင် ဖားကန့်မြို့နယ် ကိုယ်စားပြုအနေဖြင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးတင့်စိုး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒါရှီလဆိုင်းနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး ဦးအိတ်ချ်လအောင်တို့ ရွေးကောက်တင်မြှောက်ခြင်း ခံခဲ့ရသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ကို ဇူလိုင်လ ၂၃ ရက်က စတင်ကျင်းပနေပြီဖြစ်ပြီး ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ၁၃ ကြိမ်မြောက်ပုံမှန် အစည်းအဝေးကို ဩဂုတ်လ နောက်ဆုံးအပတ်တွင် ကျင်းပသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

စည်သူ(မြစ်ကြီးနား)

# ဗိုလ်ချုပ်ကြေးရုပ်သဘော်ဆေးသုတ်သူ နှင့်ပတ်သက်ပြီးအရပ်ထဲတွင်ကောလာဟလများ ထွက်ပေါ်နေ



ဇူလိုင် ၂၇

မြစ်ကြီးနားမြို့၊ အံ့တော်ရှင်ဘုရားအနီး ဗိုလ်ချုပ်ရင်ပြင်အတွင်းရှိ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ် မျက်နှာကို သဘော်ဆေးဖြင့် ပက်ဖျန်းဖျက်ဆီးလိုက်သည့် ကိစ္စနှင့်ပတ်သက်ပြီး လူထုအတွင်း သတင်းအမျိုးမျိုးထွက်ပေါ်နေသည်။

အရပ်ထဲတွင်မူ ဘော်ဒါဆောင်တစ်ခုမှ ငါးတန်းကျောင်းသားတစ်ဦးက လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟုပြောသူကပြော၊ အတိုက်အခံပါတီမှ အသက် ၄၀ အရွယ်ခန့်ရှိ မောင်မောင်လွင်(မည်သည့်အရပ်ဒေသကမှန်းမသိ)ဆိုသူကို ဖမ်းဆီးထားကြောင်း ပြောသူပြောနှင့် ကောလာဟလများ ထွက်ပေါ်နေသည်။

ဗိုလ်ချုပ်ကြေးရုပ်၏ မျက်နှာအား ဇူလိုင်လ ၂၂ နေ့ညအချိန်က အစိမ်းရောင်သဘော်ဆေးဖြင့် ပက်ဖျန်းခဲ့ခြင်းဖြစ်ပြီး သက်ဆိုင်ရာနယ်မြေရဲစခန်းကို ယခုတိုင်အမှု လာရောက်ဖွင့်လှစ် တိုင်ကြားခြင်းမရှိသေးဟု နယ်ထိန်းခေါင်းဆောင် ရဲအုပ်ကိုကိုနိုင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ကျူးလွန်သွားသူကို အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ကြောင်း ပြည်လည်ပြုပြင်ခြင်း လုပ်ငန်းများလည်း ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်းလည်း သိရသည်။

“နောက်ဆက်တွဲက ဘာမှ မရသေးဘူး။ စုံစမ်းဆဲပဲရှိသေးတယ်။ အမှုကလည်း ပြည်နယ်ရဲရုံးကို မရောက်လာသေးပါဘူး။ တရားလိုအနေနဲ့ လာရောက်တိုင်တန်းတာ မရှိသေးပါဘူး”ဟု ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ၊ ရဲဦးစီးအရာရှိ(ပထမတန်း) ဒုတိယရဲမှူးကြီးမျိုးသူရနောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ဖြေကြားထားသည်။

အထက်ပါဖြစ်စဉ်မှာသော့ခတ်ထားသည့် ရင်ပြင်ဝင်းထဲသို့ အနောက်မြောက်ထောင့်မှ ကျော်တက်ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး ခြေရာများလည်း တွေ့ရှိခဲ့ရသည်ဟု သိရသည်။

စည်သူ(မြစ်ကြီးနား)

မျိုးဆက်သစ် (AirCon Express) NEW GENERATION EXPRESS
အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး
မြစ်ကြီးနား ⇄ မိုးကောင်း ⇄ ဟိုပင် ⇄ မိုးညှင်း ⇄ ရန်ကုန်



မြစ်ကြီးနားမှ နံနက် ၁၀:၀၀ | ရန်ကုန်မှ နံနက် ၁၀:၀၀
မြစ်ကြီးနားမှ ညနေ ၃:၀၀ | ရန်ကုန်မှ ညနေ ၄:၀၀
နေ့စဉ်ပုံမှန် ၂ ကြိမ် ပြေးဆွဲပေးနေပါသည်
မြစ်ကြီးနားမြို့တွင်း ခရီးသည်တြိုပို့နှင့် တန်ဆာပစ္စည်းအရောက်ပို့ စနစ်ဖြင့် ဝန်ဆောင်မှုပေးနေပါသည်
ဆက်သွယ်ရန် - ရွှေလမ်းမကြီး၊ လမ်းသွယ် (၁၀)၊ မြစ်ဖျားဇရာ အဝေးပြေးယာဉ်ရပ်နားစခန်း၊ အခန်းနံပါတ် (၁၅) မြစ်ကြီးနားမြို့
မြစ်ကြီးနား 09-440064211,09-440064288,09-456469223
မိုးကောင်း 09-264145613,09-42465070,09-454097368
ဟိုပင် 09-766577944,09-258029160, 09-796517743
မိုးညှင်း 09-400053210, 09-790215384
ရန်ကုန် (အောင်မင်္ဂလာ) 09-450549991,09-450549992, 09-450549993, 09-459261688
ရန်ကုန် (စမ်းချောင်း) 01-510921, 09-421087976, 09799654210
ရန်ကုန် (အောင်ဆန်းကွင်း) 09-453196492, 09-453196493
လက်မှတ်အရောင်းဆိုင်နှင့် တန်ဆာပစ္စည်း လက်ခံဌာန
အမှတ် (၈၇) ၊ မင်းရပ်ရပ်ကွက်၊ ဘူတာကြီးရှေ့ မြစ်ကြီးနား
Ph: 09-404895206, 09-404895207
VIP 2+1 အထူးကားကြီးများဖြင့်သာ ပြေးဆွဲပေးလျက်ရှိပါသည်။

# ငြိမ်းချမ်းရေးညီလာခံအသုံးစရိတ်နှင့် ပြည်တွင်းစစ်အသုံးစရိတ် နှိုင်းယှဉ်လျှင် စစ် အသုံးစရိတ်ကပိုများနေ




မြစ်ကြီးနား၊ ဇူလိုင် ၂၆

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကျင်းပသည့် ကုန်ကျစရိတ်နှင့်ပြည်တွင်းစစ်တွင် အသုံးပြုသည့် ကုန်ကျစရိတ် နှိုင်းယှဉ်လျှင် တိုက်ပွဲများဖြစ်ပွားခြင်းကြောင့် ကုန်ကျသည့် ကုန်ကျစရိတ်က ပို၍များပြားကြောင်း ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်က ပြောသည်။

ညီလာခံကျင်းပခြင်းမှာငွေကြေးအမြောက်အမြားကုန်ကျသော်လည်း ရေရှည်အတွက် အရေးပါသည့် ငြိမ်းချမ်းရေးလမ်းစဉ်အတွက် ကုန်ကျသည့်ငွေကြေး ဖြစ်သည့်အတွက် ပြည်သူလူထုအတွက်အကျိုးရှိသည့် ကုန်ကျမှုမျိုးဖြစ်သည်ဟု ၎င်းကပြောသည်။

"ညီလာခံကျင်းပတာ ငွေတော်တော်များများ ကုန်ပါတယ်။ သို့သော် ဒီမှာကုန်တဲ့ငွေထက် တိုက်ပွဲတစ်ခါဖြစ်ရင် လေယာဉ်တွေ၊ လက်နက်၊ အမြောက်တွေ အသုံးပြုပြီး တိုက်ပွဲတွေဖြစ်ရင် ကုန်ကျတဲ့ကုန်ကျစရိတ်ကပိုများပါတယ်။ အဲ့ဒါကို နှိုင်းယှဉ်ပြီးတော့ ကျွန်တော်တို့ ပြည်သူလူထုကိုပြောလိုပါတယ်"ဟု ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်က ပြောသည်။

နှစ်ပေါင်း ၇၀ ခန့်ကြာမြင့်လာခဲ့သည့် ပြည်တွင်းစစ်တွင်သုံးသည့် ငွေကြေးများကို ငြိမ်းချမ်းရေးလမ်းစဉ်အတွက် ပြည်သူလူထု၏ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးအတွက် အသုံးပြုခဲ့မည်ဆိုပါက မည်မျှကောင်းခဲ့မည်နည်းဟုလည်း ဒေါက်တာလျန်မှုန်းဆာခေါင်က ပင်လုံညီလာခံနောက်ဆုံးနေ့တွင် ပြောဆိုခဲ့သည်။

"ဒါက ရေရှည်အတွက် ငြိမ်းချမ်းရေးသာ တကယ်ရနိုင်မယ်ဆိုရင် တိုင်းပြည်ရဲ့ ကြွယ်ဝချမ်းသာမှု၊ တိုင်းပြည်ရဲ့ ဘဏ္ဍာငွေအားလုံး ပြည်တွင်းစစ်မှာသုံးနေတဲ့ ငွေကြေးနှစ်ဘက်စလုံးမှာ သုံးနေတဲ့ငွေကြေးဟာ အင်မတန်မှ နှမြောစရာကောင်းပါတယ်။ ဒါတွေကို ရပ်တန့်ပြီးတော့ လူထုဘဝဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေးအတွက်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဒါကိုမနှမြောဖို့ ပြည်သူလူထုကိုပြောလိုပါတယ်"ဟု ၎င်းက ထပ်မံပြောဆိုသည်။

ပင်လုံညီလာခံ ကျင်းပသည့် ကုန်ကျစရိတ်အတိအကျကို ပင်လုံညီလာခံကျင်းပစဉ်ဇူလိုင်လ ၁၃ ရက်နေ့ညနေက သတင်းစာရှင်းလင်းပွဲ ပြုလုပ်ချိန်တွင် သတင်းမီဒီယာများကမေးမြန်းခဲ့ပြီး ယင်းကုန်ကျစရိတ်ကို ညီလာခံပြီးဆုံးချိန်တွင် သိရှိနိုင်မည်ဟု နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြောဆိုခဲ့ပြီး ယင်းကုန်ကျစရိတ်နဲ့ ပတ်သက်၍ ပြန်လည်ပြောဆိုခြင်းမရှိခဲ့ပေ။

"ဒီညီလာခံကတော့ အရင်ညီလာခံထက် ပိုပြီးတော့ ရှည်တယ်ပေါ့နော်။ ပြီးခဲ့တဲ့ ညီလာခံက အားနည်းချက်တွေကို အခြေခံပြီးတော့ တော်တော်များများ ပြင်ဆင်ပြီးတော့လုပ်ထားတဲ့အတွက် အရင်ညီလာခံထက်တော့ ပိုကုန်လိမ့်မယ်။ ဒါပေမယ့် အတိအကျကတော့ ညီလာခံ နောက်ဆုံးရက်လောက်မှ သိရမယ်"ဟု ဦးဇော်ဌေးက ပြောဆိုခဲ့သည်။

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံ တတိယအကြိမ်အစည်းအဝေး ကျင်းပပြုလုပ်သည့် ကုန်ကျစရိတ်မှာ ကျပ်သိန်းတစ်သောင်းနီးပါးခန့် ကုန်ကျနိုင်သည်ဟုလည်း UPDJC နိုင်ငံရေးပါတီများ အဖွဲ့ဝင်ဒေါက်တာတူးဂျာကသုံးသပ် ပြောဆိုသည်။

ထို့အပြင် မြန်မာနိုင်ငံတွင် အဓိကလိုအပ်နေသည်မှာ ငြိမ်းချမ်းရေးသာဖြစ်ပြီး ယခုညီလာခံကျင်းပခြင်းဖြင့် ငြိမ်းချမ်းရေးလမ်းစဉ်ကို တည်ဆောက်နေသည့်အတွက်ပြည်သူလူထုအကျိုးရှိသည့်ကုန်ကျစရိတ်ဖြစ်သည်ဟုလည်းဒေါက်တာတူးဂျာက ဖြည့်စွက်ပြောဆိုသည်။

"အကျိုးရှိတဲ့ အသုံးစရိတ်ပါ ငြိမ်းချမ်းရေးအတွက် မလုပ်လို့မဖြစ်ဘူး။ ညီလာခံ မကျင်းပလို့ မဖြစ်ဘူး။ ပင်လုံညီလာခံကျင်းပတာကတော့ တိုက်ရိုက်အကျိုးရှိတယ်လေ။ စစ်ရေးမှာသုံးတာက စစ်ရေးပိုင်းဆိုင်ရာပဲ ဖြစ်မှာကိုး. . .။ နိုင်ငံတော်ကာကွယ်ရေး အခုသူတို့ လုပ်နေတာကတော့ပြည်တွင်းစစ်တွေဖြစ်နေတယ်။ တိုက်ပွဲဆိုတာက ပြည်သူလူထုကိုဒုက္ခပေးနေတဲ့အရာ ဖြစ်နေတာကိုး။ ဒါကြောင့်မို့ ဒါက ပြည်သူလူထုကို အကျိုးပေးနေတယ်လို့ပြောလို့မရဘူး။ ညီလာခံကျင်းပတာက ငြိမ်းချမ်းရေးတည်ဆောက်တာဖြစ်တဲ့အတွက် ပြည်သူလူထုတော့ အကျိုးရှိတဲ့ ကုန်ကျစရိတ်ပါ"ဟု ဒေါက်တာတူးဂျာက ပြောသည်။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနအောက်ရှိ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဦးစီးဌာန၏ အသုံးစရိတ်တောင်းခံမှုနှင့် ပတ်သက်ပြီး ရှင်းပြရာ သာမန်အသုံးစရိတ်ကို ကျပ်သန်း ၇၀၀ ခန့် လျာထားကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ဒုဝန်ကြီး ဦးခင်မောင်တင်က တင်ပြခဲ့ကြောင်း 7Daydaily သတင်းဌာနက ဇူလိုင် ၂၆ ရက်နေ့က ဖော်ပြထားသည်။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန အသုံးစရိတ် ကျပ်သန်း ၁၆၀၀ တွင် ငြိမ်းချမ်းရေးအတွက် သန်း ၇၀၀ ခန့် ပါဝင်နေသည်ဟုလည်း ရေးသားဖော်ပြထားသည်။

Salai

# ဖားကန့်ဒေသတွင် မြေပြိုသေဆုံးနေမှုများနှင့်ပတ်သက်ပြီး ကေအန်စီ သဘောထားထုတ်ပြန်

မြစ်ကြီးနား၊ ဇူလိုင် ၂၇

ဖားကန့်ဒေသတွင် မြေပြိုသေဆုံးမှုများနှင့် ပတ်သက်ပြီး ကချင်အမျိုးသားကွန်ဂရက်ပါတီ(KNC)က သဘောထားကြေညာချက်တစ်ရပ်ကို ဇူလိုင်လ ၂၇ ရက်နေ့က ထုတ်ပြန်ခဲ့သည်။

ဖြစ်ပွားခဲ့သည့် ကျောက်မျက်လုပ်ကွက်များသည် သက်တမ်းကုန်လုပ်ကွက်များဖြစ်ပြီး နိုင်ငံတော်အစိုးရမှ တရားဝင်လုပ်ကွက်အသစ်အဖြစ် ပြန်လည်မချပေးမီ ဥပဒေအရ ကာကွယ်စောင့်ရှောက်ရမည့်နေရာများဖြစ်ကြောင်း၊ ကျောက်မျက် ထုတ်လုပ်ပြီး/ထုတ်လုပ်ဆဲကုမ္ပဏီများ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးမူပျက်ယွင်းခြင်း၊ စက်ယန္တရားများ အလွန်အကျွံသုံးစွဲခြင်း၊ အုပ်ချုပ်ရေးယန္တရားများ၏ ထိန်းသိမ်းမှု အားနည်းခြင်း လူအများစည်းမဲ့ကမ်းမဲ့ ဝင်ရောက်တူးဖော်ခြင်းတို့ကြောင့် မြန်မာနိုင်ငံသားများ ထိခိုက်နစ်နာ သေဆုံးနေရသည့်အတွက် ထုတ်ပြန်ရခြင်းဖြစ်ကြောင်းလည်း သိရသည်။

"မှော်ထဲမှာ စည်းမဲ့ကမ်းမဲ့လုပ်နေတာကို တာဝန်ရှိအဖွဲ့အစည်းတွေရော မြန်မြန်ဆန်ဆန်ထိန်းသိမ်းဖို့ပေါ့နော်။ အသေအပျောက်က အရမ်းကိုများနေပြီ။ ပွင့်ပွင့်လင်းလင်းပြောရရင် ဒါအစိုးရမှာ တာဝန်အရှိဆုံးပဲ။ မဖြစ်နိုင်ဘူးလို့တော့ မပြောသင့်ဘူး။ အတတ်နိုင်ဆုံးရအောင်လုပ်ရမယ်။ ရတနာနယ်မြေကို လာချင်တိုင်းလာ သွားချင်တိုင်းသွား ခွင့်ပြုထားလို့မရဘူး။ အခုက အခြေအနေကဆိုးလာပြီ"ဟု ကချင်အမျိုးသားကွန်ဂရက်ပါတီ (KNC)ဥက္ကဋ္ဌ ဒေါက်တာM ကောန်လက ပြောသည်။

ယင်းအပြင် အထက်ပါပါတီက သက်တမ်းကုန်လုပ်ကွက်များ၊ ပိတ်သိမ်းလုပ်ကွက်များ အုပ်ချုပ်ရေးယန္တရားထိရောက်စွာ ထိန်းသိမ်းပေးရန်၊ အန္တရာယ်ရှိသောကျင်းဟောင်းများ၊ ဒိုင်ကျန်များ၊ မြေစာပုံများ၊ ရေကန်ဟောင်းများကို တားမြစ်နယ်မြေ သတ်မှတ်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု ထိရောက်စွာဆောင်ရွက်ရန်၊ ၂၀၁၆ ကျောက်မျက်ရတနာ ဥပဒေဒုတိယအကြိမ်ပြင်ဆင်ချက်အရ ပြည်သူများအလုပ်အကိုင်ရရှိရေးအတွက် လက်လုပ်လက်စားလုပ်ကွက်များ ဥပဒေနှင့်အညီ အမြန်ချထားပေးရန်၊ ဒေသခံကုမ္ပဏီလုပ်သား၊ ရေမဆေးလုပ်သားများကို လိုင်စင်ကတ်များ လုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ပြုလုပ်ပေးပြီး တရားမဝင်သည့် လူများကို ထိန်းသိမ်းရန်၊ ဖားကန့်မြို့နယ်သည် ရတနာနယ်မြေဖြစ်သည်နှင့်အညီ ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်ပြီး လူအများဝင်ရောက်မှု ထိန်းသိမ်းရန်နှင့် လက်ရှိလွှတ်တော်အတွင် ဆွေးနွေးဆဲ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ အမြန်ဆုံးပြဋ္ဌာန်းပေးရန်စသည့် အချက် ၆ ချက်ကိုလည်း တောင်းဆိုခဲ့သည်။

ဖားကန့်ရတနာနယ်မြေအတွင်း ဦးသိန်းစိန်အစိုးရတက်လာသည့် ၂၀၁၄ ခုနှစ်မှစတင်ပြီး ယနေ့အချိန်အထိ မြေပြိုသေ ဆုံးသွားသူအယောက် ၅၀၀ ကျော်ခန့်ရှိပြီဖြစ်ပြီး ယခု ၂၀၁၈ ခုနှစ်စပိုင်းမှ စတင်ကာ ယနေ့ထိမြေစာပြိုကျမှုနှင့်လုပ်ကွက်ကမ်းပါးယံ ပြိုကျမှုတို့ကြောင့် လူပေါင်း ၁၂၀ ကျော်ခန့် သေဆုံးခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။

စည်သူ(မြစ်ကြီးနား)

မြစ်ကြီးနားသတင်းဂျာနယ်

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
ဇော်နိုင်ဦး

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊
အက်စတာ၊ ဆိုင်းလတ်အောင်၊
ဆန်လတ်၊ ခေါင်ဒေါင်နုတ်

**နယ်သတင်းထောက်**
သန်းထွန်းအောင်၊

**ကွန်ပျူတာစာစီ**
ဝေဝေအောင်

**ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း**
La Tawng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**စာရင်းကိုင်**
နန်အောင်၊ ဘောက်နူးဂျာ

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဇော်ထုန်

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**
အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊
တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၁၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# ဖားကန့်တွင် မြေစာပုံပြိုကျမှုကြောင့် ဆယ်ရက်အတွင်း လူပေါင်း ၅၀ ကျော် သေဆုံးခဲ့

မြစ်ကြီးနား၊ ဇူလိုင် ၂၆

ဖားကန့်မြို့နယ်အတွင်း မြေစာပုံပြိုကျမှုကြောင့် ၁၀ ရက်အတွင်း လူပေါင်း ၅၀ ကျော် သေဆုံးခဲ့ကြောင်း သိရသည်။

အလောင်းဆယ်ယူရရှိသောစာရင်းများအရ ဇူလိုင်လ ၁၄ ရက်နေ့က လုံးခင်းကျေးရွာအုပ်စု၊ ဆန်ခါမော်၊ မဟာကျောက်မျက်တူးဖော်ရေးကုမ္ပဏီ လုပ်ကွက်ကမ်းပါး ပြိုကျမှုကြောင့် လူပေါင်း ၂၃ ဦး သေဆုံးခဲ့ပြီး ဇူလိုင်လ ၂၄ ရက်နေ့က မမုံကျေးရွာအနီးရှိ ကျောက်စိမ်းနန်းတော် လုပ်ကွက်ကမ်းပါးပြိုကျမှုကြောင့် လူပေါင်း၂၇ ဦး ပျောက်ဆုံးနေပြီး ၆ ဦး၏ ရုပ်အလောင်းများကို ပြန်လည်ရှာဖွေတွေ့ရှိထားကြောင်းလည်း သိရသည်။

"မနက်ကတော့အလောင်း ၆ လောင်း ရေထဲကနေသူ့အလိုလိုပေါ်လာတယ်။ ငါးလောင်းကတော့ ပိုင်ရှင်ပြန်တွေ့ပါပြီ။ တစ်လောင်းကတော့ပိုင်ရှင်မပေါ်သေးပါဘူး" ဟု ဖားပြင်လူမှုကူညီရေးအသင်းဉက္ကဋ္ဌ ဦးရင်ထွန်းမှ မြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။

ပျောက်ဆုံးနေသည့် ၂၇ ဦး အနက်မှ ၂၄ ဦးသည် ရဝမ်လူမျိုးများဖြစ်ကြပြီး မမုံကျေးရွာအနီးတွင် အများဆုံး နေထိုင်ရင်း ရေမဆေးကျောက်ရှာဖွေနေကြသူများ ဖြစ်ကြောင်းလည်း သိရသည်။

"ရဝမ်တွေများတယ်။ အများအားဖြင့်ကတော့ ရှမ်းစု၊ မမုံနဲ့ ဖားပြင်ကျေးရွာတွေမှာ ရဝမ်တွေနေကြတာများတယ်။ သူတို့က ဒီအနီးအနားမှာရှိတဲ့ မှော်လေးတွေမှာ သွားရှာကြရင်းနဲ့ အခုလိုကြုံရတာပါ"ဟု ဦးရင်ထွန်းမှ ဆက်လက်ပြောပြသည်။



အထက်ပါ အကြောင်းအရာနှင့်ပတ်သက်ပြီး ဖားကန့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က ပျောက်ဆုံးနေသည့်သူများကို အမြန်ဆုံး ရှာဖွေတွေ့ရှိနိုင်ရေးအတွက် ပြိုကျသွားခဲ့သည့် လုပ်ကွက်အတွင်းလမ်းဖောက်လုပ်မှုများ၊ ဖောင်များပြုလုပ်ကာ ရှာဖွေသွားမည်ဟုလည်း ဆိုသည်။

ဖားကန့်ဒေသတွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ စတင်ပြီး ယနေ့အချိန်အထိ ကမ်းပါးပြိုကျမှု၊ မြေစာပုံပြိုကျမှု၊ နွံအိုင်ပေါက်ကျမှုများကြောင့် သေဆုံးခဲ့သည့် ရေမဆေးသမားဦးရေ ၁၂၀ ကျော် အထိရှိပြီဖြစ်ကြောင်း သိရသည်။

စည်သူ(မြစ်ကြီးနား)

# ကချင်ပြည်နယ်တွင် ပထမခြောက်လပတ်အတွင်း သွေးလွန်တုပ်ကွေး ၈၄ ဦး ဖြစ်ပွား

မြစ်ကြီးနား၊ဇူလိုင် ၂၇

ကချင်ပြည်နယ်တွင် ပထမခြောက်လပတ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့သူ ၈၄ ဦးရှိသည်ဟု ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဇူလိုင်လ ၂၄ ရက်နေ့ထုတ်စာရင်းများအရ သိရသည်။

ထိုသို့ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူများတွင်ပြည်သူ့ကျန်းမာရေး၏ အသက်အပိုင်းအခြား သတ်မှတ်ချက်အရ အသက်တစ်ဆယ့်ငါးနှစ်မှအထက်အရွယ်တွင်ဖြစ်ပွားမှုနှုန်း၏ ၃၈ ရာခိုင်နှုန်းခန့်ရှိပြီး၊လက်ရှိအချိန်ထိ သေဆုံးသူမရှိကြောင်းလည်း သိရသည်။

"ကျွန်တော်တို့က အသက်ကို ဒီလိုပိုင်းပြီးကြည့်လိုက်တာပေါ့လေ။ ၁ နှစ်အောက်ရယ်၊ ၁ နှစ်ကနေ ၄နှစ်၊ ၄နှစ်ကနေ ၉နှစ်၊ နောက်တစ်ခါ ၁၀နှစ်ကနေ ၁၄ နှစ်ပေါ့နော်။ အဲလိုပိုင်းကြည့်လိုက်တာဆိုတော့ ၁၅ နှစ်အောက်ပဲ ကြည့်မယ်ဆိုရင်က ပိုဖြစ်တာပေါ့လေ။ ဒါပေမယ့် အဲလိုပိုင်းပိုင်းပြီး ပြန်ကြည့်လိုက်မယ်ဆိုရင်က ကျွန်တော်တို့ လူကြီးပိုင်းကများတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဇော်ရိန်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောကြားသည်။

လက်ရှိကချင်ပြည်နယ်၏ သွေးလွန်တုပ်ကွေးဖြစ်ပွားမှုမှာ ယခင်နှစ်များထက်များစွာ လျော့နည်းလာသော်လည်း သတိထားကာ ဆက်လက်စောင့်ကြည့်ရမည်ဟု ဒေါက်တာဇော်ရိန်က မှတ်ချက်ပေးသည်။

"ဒီသွေးလွန်တုပ်ကွေးက အချို့နှစ်တွေကျတော့ အများကြီးဖြစ်လာတယ်။ အချို့နှစ်တွေကျတော့ နည်းသွားတယ်။ အဲဒါကြောင့် ဒီနှစ်ကတော့ ရောဂါဖြစ်ပွားမှုက မများဘူးလို့ ယူဆလို့ မရသေးဘူး။ကျွန်တော်တို့ နှစ်ကုန်တဲ့အထိ စောင့်ကြည့်ရမယ်။ ဘာလို့လဲဆို အောက်တိုဘာလ လောက်မှာကျ အများဆုံးဖြစ်ပွား သွားခဲ့တယ်။ ၂၀၁၆ တုန်းကလည်း အခုလိုပဲ အစောပိုင်းမှာ သိပ်မဖြစ်ဘူး။ အောက်တိုဘာလလောက်မှာမှ အများဆုံးဖြစ်ပွားသွားခဲ့ဖူးတော့ ဒီနှစ်လည်း အဲလိုများဖြစ်နေမလား။ ရာသီဥတုတို့၊ လူတွေရဲ့ရောဂါကို ခံနိုင်ရည်ရှိမှုတို့က အများကြီးမူတည်ပါလိမ့်မယ်။ ခန့်မှန်းရတော့ခက်တယ်။ နည်းလိုက်များလိုက်နဲ့ ဒီလိုတော့ဖြစ်တတ်တယ်"ဟု ဒေါက်တာဇော်ရိန်က ပြောသည်။

ကချင်ပြည်နယ်အတွင်းရှိ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုနှင့်ပတ်သက်ပြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအနေဖြင့် ကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် ကျန်းမာရေးအသိပညာပေးခြင်း(ဖုံး/သွန်/လဲ/စစ်)လုပ်ငန်းများ လုပ်ဆောင်ခြင်း၊ ခြင်လောက်လန်းသတ်ဆေး (Abate)ခတ်ခြင်း၊ သွေးလွန်တုပ်ကွေးလူနာ၏ ပတ်ဝန်းကျင်တွင် ခြင်ဆေးမှုန့်ခတ်ခြင်းလုပ်ငန်းများကို ယခုနှစ် ဧပြီလလောက်မှစတင်ကာ မြို့နယ်အသီးသီးမှ လုပ်ဆောင်လျက်ရှိသည်ဟု ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုအပေါ် မူတည်ကာ နှစ်ကုန်သည်အထိ လုပ်ဆောင်နေသည်ဟု ဒေါက်တာဇော်ရိန်က ပြောသည်။

"ပုံမှန်အားဖြင့် နိုဝင်ဘာလလောက်ဆိုရင် လူနာရှိသေးလား။ မရှိတော့ဘူးလား။ စောင့်ကြည့်တယ်။ အဲဒီအခါ လူနာမရှိတော့တာ နှစ်ပတ်သုံးပတ်လောက်ရှိရင်တော့ ကျွန်တော်တို့ခဏနားလိုက်တယ်။ ဒါပေမယ့် လူနာက ဆက်ရှိနေတုန်းပဲဆိုရင် ကျွန်တော်တို့ဆက်လုပ်နေမှာပါ။ အနည်းဆုံးကတော့ အောက်တိုဘာလထိတော့ ဆက်လုပ်နေကြသေးတယ်။ လူနာစောင့်ကြည့်ခြင်းလုပ်ငန်းကိုတော့ ဆေးရုံဆေးခန်းတွေမှာ လူနာတွေရှိသေးလား၊ မရှိဘူးလားဆိုတာမျိုး စောင့်ကြည့်နေတဲ့ လုပ်ငန်းတွေက တစ်နှစ်ပတ်လုံးလုပ်တယ်။ လူနာထွက်နေတုန်းပဲဆိုရင် ဆက်လုပ်နေတုန်းပဲ။ လူနာမထွက်တော့တာ နှစ်ပတ်၊ သုံးပတ်လောက်ရှိရင်၊ ရာသီဥတုကလည်း မိုးရာသီကုန်ပြီး ဆောင်းရာသီဝင်လာရင် ဒီအခြေအနေမျိုးဆိုရင်တော့ ကျွန်တော်တို့က ခဏနားလိုက်ပါတယ်"ဟု ဆိုသည်။

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ပူတာအိုခရိုင်မှလွဲပြီး ကျန်ဖြစ်လေ့ဖြစ်ထရှိသော မြို့နယ်များတွင် ဖိဖိစီးစီးလုပ်ဆောင်နေသည်ဟု ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ဆိုင်း (ကချင်မြေ)






# အမျိုးသားလွှတ်တော်တွင် ဒေါက်တာခင်မကြီး တင်သွင်းခဲ့သော အဆိုတစ်ခုကြောင့် ပူတာအိုခရိုင်ရောက် ဝန်ထမ်းများ ဝမ်းသာ

မြစ်ကြီးနား၊ ဇူလိုင် ၂၆


ဒေါက်တာခင်မကြီး


ဦးကျော်မျိုး (ဒုတိယဝန်ကြီး)

အမျိုးသားလွှတ်တော်တွင် မိုးကောင်းမြို့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မကြီး တင်သွင်းခဲ့သည့် အဆိုကြောင့် ပူတာအိုခရိုင်အတွင်း တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ ဝမ်းသာပျော်ရွှင်နေကြသည်ဟုသိရသည်။

ယခုလ ၂၄ ရက်နေ့က နေပြည်တော်တွင် ကျင်းပခဲ့သော အမျိုးသားလွှတ်တော်တွင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဒေါက်တာခင်မကြီးက လေယာဉ်လမ်းကြောင်းကို အဓိကအားထားနေရသည့် ပူတာအိုခရိုင်တွင် တာဝန်ထမ်းဆောင်နေကြသောပညာရေးဝန်ထမ်းများ လေယာဉ်လက်မှတ် အချိန်မီရရှိရေး၊ အချိန်စောင့်စရာမလိုပဲ လျင်မြန်စွာ စီးနင်းခွင့်ရရှိရေးနှင့် လေယာဉ် အခေါက်ရေတိုးမြှင့်ပျံသန်းပေးရေးအတွက် မေးခွန်းများမေးပြီး အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေးခဲ့၍ ဖြစ်ကြောင်းသိရသည်။

ပညာရေးဝန်ထမ်းများအတွက် အချိန်ကုန်သက်သာစေပြီး ဝန်ထမ်းများအဖို့အားတက်ဖွယ်ဖြစ်သည်ဟု ပြည်နယ်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး (ပညာ)ဦးမင်းဦးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ဒီလိုလုပ်ပေးတာက တကယ်ကို ပညာရေးဝန်ထမ်းတွေအတွက် ကောင်းပါတယ်။ ပူတာအိုဘက်က ဆရာဆရာမတွေဆို ကျောင်းဖွင့်ရာသီမှာ အလုအယက်တက်နေရတယ်။ အားလုံးက ကျောင်းဖွင့်ချိန်ဇွန်တစ်ရက်နေ့အမီ တက်ကြဖို့ ညွှန်ကြားချက်ကလည်း ရှိနေသေးတော့ ပူတာအိုဘက်က ဆရာဆရာမတွေဆိုရင် ကျောင်းမဖွင့်ခင် တစ်ပတ်၊ နှစ်ပတ်အလိုကတည်းက ကျောင်းအပ်နှံရေးနေ့ အခမ်းအနားလုပ်ဖို့ လေယာဉ်စီးရဖို့ လာစောင့်နေရတယ်"ဟု ဦးမင်းဦးကပြောသည်။

ဒေါက်တာခင်မကြီးက ကချင်ပြည်နယ်အတွင်းရှိသွားလာရေးခက်ခဲသော ခေါင်လန်ဖူး၊ နောင်မွန်း၊ မချမ်းဘော၊ ပူတာအိုမြို့နယ်များအတွင်း တာဝန်ကျနေသော ပညာရေးဝန်ထမ်း ဆရာဆရာမများအားနှစ်စဉ်ကျောင်းဖွင့်ချိန်နှင့် နွေရာသီကျောင်းပိတ်ရက်များတွင် သွားလာရေးလွယ်ကူစေရန် ပူတာအို - မြစ်ကြီးနားလေယာဉ်ခရီးစဉ်များကို တိုးချဲ့ပြေးဆွဲပြီး လေယာဉ်လက်မှတ်ရောင်းချပေးရန် ရှိ-မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကိုမေးမြန်းခဲ့သည်။

အခြေခံပညာကျောင်းများမှာ ကချင်ပြည်နယ်အတွင်းရှိ သွားလာရခက်ခဲသော ခေါင်လန်ဖူး၊နောင်မွန်း၊မချမ်းဘော၊ ဆွမ်ပရာဘွမ်နဲ့ ပူတာအိုမြို့နယ်များအတွင်းမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ပညာရေးဝန်ထမ်း ၁၄၀၀ ခန့်ရှိတဲ့အနက် ၆၄၀ ဦးခန့်က ရပ်ဝေးဒေသများမှ လာရောက်တာဝန်ထမ်းဆောင်နေကြပါတယ်။

နွေရာသီကျောင်းပိတ်ရက်များမှာ မိမိတာဝန်ထမ်းဆောင်ရာ ဒေသအသီးသီးမှ ခြေလျင်ခရီးဖြင့်လည်းကောင်း၊ ဆိုင်ကယ်ကယ်ရီများဖြင့်လည်းကောင်း ခက်ခဲပင်ပန်းစွာ ပူတာအိုမြို့သို့ ရောက်ရှိအောင်သွားကြရပါတယ်။ ပူတာအိုမြို့ကို ရောက်ရှိလာခဲ့ပေမယ့် ပူတာအို - မြစ်ကြီးနားမှတစ်ဆင့် မိမိနေရပ်အသီးသီးသို့ပြန်ရန် လေယာဉ်လက်မှတ်ဝယ်ယူတဲ့နေရာမှာ ဆရာဆရာမများအတွက် တစ်ရက်မှာ ခွဲတမ်းငါးစောင်ခန့်သာရောင်းချပေးသည့်အတွက် စားသောက်နေထိုင်စရိတ်ကြီးမားခက်ခဲသောကြောင့် အချိန်ကြန့်ကြာနေသဖြင့် ပညာရေးဝန်ထမ်းများမှာများစွာ အခက်အခဲကြုံကြရပါတယ်။ သဘာဝဘေးအန္တရာယ်များကြောင့် လမ်းအခြေအနေမကောင်းသေးတာကြောင့် ပညာရေးဝန်ထမ်းများအနေနဲ့ လေကြောင်းခရီးကိုသာ အားကိုးအားထားပြုနေရသောကြောင့် ဆရာဆရာမများမှာကျောင်းဖွင့်ရက်၊ ကျောင်းပိတ်ရက်များမှာလုံခြုံစွာသွားလာနိုင်ရေးအတွက် ပူတာအို - မြစ်ကြီးနားလေယာဉ်ခရီးစဉ်များကိုဦးစားပေးတိုးချဲ့ပေးရန်"ဟု ဒေါက်တာခင်မကြီးက တင်ပြခဲ့ခြင်းဖြစ်သည်။

အဆိုပါ လွှတ်တော်မေးခွန်းနှင့်ပတ်သက်ပြီး သက်ဆိုင်ရာဦးစီးဌာနဖြစ်သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက လေယာဉ်အခေါက်ရေ တိုးမြှင့်ပျံသန်းပေးသွားမည်ဟု ပြန်လည်ဖြေကြားခဲ့သည်။

ဆိုင်း(ကချင်မြေ)၊ ဆန်လတ်



## Editorial
### အယ်ဒီတာ့အာဘော်
## လမ်းမပေါ်မှာ စီးပွားရှာ

အမေရိကန်နိုင်ငံကမြန်မာဒုက္ခသည်များအရေးနဲ့ပတ်သက်ပြီး လွှတ်တော်ထဲမှာ တကူးတက အချိန်ပေး ဆွေးနွေးနေပေမယ့် ဒုက္ခသည်တွေ အများစုရှိတဲ့ ကချင်ပြည်နယ်ကြီးကတော့ ဒုက္ခသည်အရေးတွေ အမေရိကန်ရဲ့ စီးပွားရေးပိတ်ဆို့မှုတွေထက် မြစ်ကြီးနားက အများပြည်သူဆိုင်ရာ ကားလမ်းမကြီးပေါ်က ဆိုင်ကယ်သမားတွေကို ဘယ်လိုနည်းနဲ့ ကိုင်တွယ်ရမလဲ ဆိုတာကိုပဲ နေ့စဉ် ကြံစည်နေပုံရသည်။

ဆိုင်ကယ်စီး ဦးထုပ်တွေ ဆောင်းကြပါ၊ ဆောင်းကြပါဆိုပြီး နေ့တိုင်းဖမ်းခဲ့သည်၊ နေ့တိုင်းမိခဲ့သည်။ နောက်ပိုင်းဆိုင်ကယ်သမား ၈၀ ရာခိုင်နှုန်းလောက်က ဦးထုတ်ဆောင်းလာတော့ နောက်ကြည့်မှန်မတပ်မှုဖြင့် ဆော်ပြန်သည်။ Helmet လှလှလေးတွေနဲ့ Back မှန်လေးတွေ တပ်ပြီး ဟုတ်လှပြီအထင်နဲ့ Surprise Check လုပ်တဲ့နေရာက ဖြတ်မိလို့ကတော့ လိုင်စင်မရှိဘဲ ဆိုင်ကယ်စီးမှုဆိုတဲ့ ပုဒ်မနဲ့စွဲပြီး ဆွဲပြန်ပါသည်။

တစ်ခါတစ်ခါအဖမ်းခံလိုက်ရလျှင် ဒဏ်ငွေက နင့်ကနဲနေအောင်ပေးကြရသည်။ ဘယ်တော့မှ ကျပ်တစ်သောင်းအောက်မလျှော့။ တစ်သောင်းခွဲ၊ နှစ်သောင်း အမြဲပေးနေကြရသည်။ ထိုဒဏ်ကြေးငွေက တရားရုံးကို ဆောင်ရမည်ဟုဆိုသော်ငြား အများဆုံးရတဲ့သူက ကြိုးစားပမ်းစား ဖမ်းဆီးရေးလုပ်ပြီး မြို့မေတ္တာခံယူနေကြသူများနှင့် လမ်းမကြီးပိုင်ရှင် ဗိုလ်စည်ပင်တို့ဖြစ်သည်။

ကျွန်တော်တို့ ကျွန်မတို့ ရိုးသားကြပါသည်၊ ခင်ဗျားတို့ ပြည်သူတွေစည်းကမ်းရှိအောင် ဒဏ်ရိုက်နေတာပါဟုဆိုလျှင် ဘယ်နှခုနှစ်က ဘယ်နှစီးဖမ်းလို့ ဒဏ်ကြေးငွေ ဘယ်လောက်ရတဲ့အကြောင်း၊ အဲဒီငွေတွေကို ဘယ်နေရာမှာအသုံးပြုလိုက်ကြောင်း ပြည်သူ့ရှေ့မှာ ပွင့်လင်းမြင်သာအောင် တင်ပြပါ။

မြစ်ကြီးနားမြို့က အချို့ပြည်သူတွေ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မသိကြဘူး၊ မလိုက်နာကြဘူးဆိုတာကို မြစ်ကြီးနားသတင်းဂျာနယ်ကလည်း ကိုယ်တိုင်တွေ့မြင်၊ ကြုံကြိုက်ဖူးပါသည်။ ပြည်သူအများကို စည်းကမ်းဘောင်အတွင်း ဆွဲသွင်းပြီး လမ်းမပေါ်က အန္တရာယ်တွေ လျော့ကျအောင်လုပ်ဆောင်ခြင်းကိုလည်း ကြိုဆိုပါသည်။ သို့သော် နေ့စဉ်နီးပါးကြီး ဆပ်ပရိုက်ချက်တာကိုတော့ လက်မခံလိုပါ။

လမ်းမပေါ်မှာ ဆိုင်ကယ်စီး သွားလာနေကြသူတိုင်းသည် Surprise Check လုပ်ခိုင်းနေသည့် အထက် လူကြီးမင်းများကဲ့သို့ မိုးလည်းလုံ၊ လေလည်းလုံသည့် ကားလေးများဖြင့် ကျော့ကျော့လေး သွားလိုကြပါသည်။ နေပူခံ၊ မိုးစိုခံပြီး ဆိုင်ကယ်ဖြင့် မထွက်လိုကြပါ။ လူကြီးမင်းတို့လို ဝင်ငွေဖြောင့်သူများလည်း မဟုတ်ကြပါ။ အများစုက ဝင်ငွေနည်းပါးသူများဖြစ်၍ ဆိုင်ကယ်ကိုသာစီးနေကြသည်ကို မမေ့စေလိုပါ။ လမ်းမပေါ် သွားလာနေ ကြသူများထဲတွင် နေ့စားလုပ်သားလေးတွေ၊ လုပ်ခလစာ တစ်ရက်ငါးထောင်မပြည့်သည့် ဝန်ထမ်းလေးတွေ၊ မိဘထံ လက်ဖြန့်တောင်းနေရသည့် လူငယ်လေးတွေ ပါဝင်သည်ကို မမေ့လျော့သင့်။ မှော်ဒေသတွေကို မှီခိုနေရသည့် ကချင်ပြည်နယ်သားများ၏ မိုးရာသီစီးပွားရေး အကျပ်အတည်းကိုလည်း ငဲ့ကွက်သင့်သည်။

ဒါ့အပြင် သူတို့ ဆိုင်ကယ်မောင်းလိုင်စင်ရဖို့က လူကြီးမင်းတို့၏ သားသမီးများလို အိမ်တိုင် ယာရောက် ဘယ်သူမှလာပို့တာမဟုတ်၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှာလည်း နေ့ချင်းပြီး လုပ်လို့ ရတာမဟုတ်၊ လိုင်စင်ရဖို့ အနည်းဆုံး ရက်သတ္တတစ်ပါတ်နဲ့ ဆယ်ရက်လောက်တော့ အနည်းဆုံးအချိန်ပေးစောင့်ဆိုင်းရသည်။

ယာဉ်စည်းကမ်းတွေ လိုက်လံဟောပြောပါသည်၊ ရပ်ကွက်များအတွင်း လိုက်လံ လိုင်စင်ဆောင်ရွက်ပေးပါသည်ဟုဆိုလျှင် ထိရောက်သော ဆောင်ရွက်ချက်များဟုတ်မဟုတ် စိစစ်သင့်ပါသည်။ ဆိုင်ကယ်မောင်းခွင့်မရသည့် အရွယ်များရှိရာ စာသင်ကျောင်းများတွင် ပညာပေးခြင်းထက်ပိုသော လုပ်ဆောင်ချက်များ၊ ရပ်ကွက် သားများရောက်ခဲလှသည့် ရပ်ကွက်ရုံး နို့တစ်ဘုတ်၌ ဘယ်နေ့ဘယ်ရက်တွင် ဆိုင်ကယ်မောင်းလိုင်စင်များ ရပ်ကွက်အလိုက် လာလုပ်ပေးပါမည်ဟု စာကပ်ထားခြင်းထက်ပိုသော လုပ်ဆောင်ချက်များကို လုပ်ပြီးမှ လမ်းပေါ်တက်ဖမ်းကြဖို့ ပြည်သူများကိုယ်စား မေတ္တာရပ်ခံလိုပါသည်။

မြစ်ကြီးနားသတင်းဂျာနယ်

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( ဇူလိုင် ၃၀ ၊ ၂၀၁၈ )

# ဒေါ်အောင်ဆန်းစုကြည် လက်လွှတ်လိုက်ရသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ထိန်းချုပ်မှု



ဆယ်စုနှစ်များစွာ ကြာမြင့်နေပြီဖြစ်သော မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်ကို အဆုံးသတ်ရပ်တန့်ရန် ကြီးမားသော ရည်မှန်းချက်ဖြင့် မျှော်လင့်ချက်ကြီးစွာ ကျင်းပခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံတတိယအစည်းအဝေးသည် ဇူလိုင်လ ၁၆ ရက်နေ့တွင် ရေရာသောအဖြေတစ်စုံတရာထွက်ပေါ်လာခြင်း မရှိဘဲ ပြီးဆုံးခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံ၏ လက်ရှိစစ်မှန်သော အမျိုးသားခေါင်းဆောင်လည်းဖြစ်၊ အမျိုးသားလွတ်လပ်ရေးသူရဲကောင်းကြီး၏သမီးလည်းဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်သည် ပြည်တွင်းပဋိပက္ခများကို ချုပ်ငြိမ်းစေမည့် ငြိမ်းချမ်းရေးတစ်ရပ် ဆောင်ကြဉ်းရန် မြင့်မားသော ရည်ရွယ်ချက်များဖြင့် ၂၀၁၆ ခုနှစ် ဧပြီလအတွင်းမှစ၍နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ခဲ့သည်။

သို့ရာတွင် ဒေါ်အောင်ဆန်းစုကြည်သည် စစ်တပ်ကျောထောက်နောက်ခံပြုသမ္မတဦးသိန်းစိန်၏ ယခင်အစိုးရအဖွဲ့ထံမှ အမွေဆက်ခံယူခဲ့သောပြဿနာအခက်အခဲများနှင့် သတ်မှတ်ချက်များအပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိထားသော တပ်မတော်အား သူ့အနေဖြင့် ထိန်းချုပ်ညွှန်ကြားခွင့်မရရှိစေရန် ပိတ်ပင်ထားသည့် ဥပဒေအကန့်အသတ်များကလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သော အစိုးရအဖွဲ့၏ ပြယုဂ်မူဝါဒအဖြစ် ကျယ်ပြန့်စွာ မြင်တွေ့နေရသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးကိုအတိုက်အခံပြုလျက် ရှိပေသည်။

၂၀၁၆ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလ ၂၀၁၇ ခုနှစ် မေလတို့တွင် ကျင်းပခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံ၏ ယခင် အစည်းအဝေးနှစ်ကြိမ်နည်းတူ၊ ဇူလိုင်လလယ်အတွင်း ကျင်းပခဲ့ပြီး မကြာသေးမီက ပြီးဆုံးခဲ့သော တတိယအစည်းအဝေးသည် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များတွင် တပ်မတော်၏ ကြီးမားလှသော အရေးပါမှုကို မျက်ဝါးထင်ထင် မြင်တွေ့စေခဲ့သည်။

တပ်မတော်သည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အပြောင်းအလဲပြုရေးတွင် စိတ်ဝင်စားမှု အနည်းငယ်သာရှိကြောင်း၊ သို့မဟုတ် စိတ်ဝင်စားမှု လုံးဝမရှိကြောင်းကို ထပ်မံ၍ ပြသခဲ့သည်။ ထို ဖွဲ့စည်းပုံအခြေခံဥပဒေသည် တပ်မတော်အား အခွင့်အာဏာ လွန်ကဲစွာ အပ်နှင်းထားပြီး အဓိပ္ပါယ်ပြည့်ဝ၍ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးအတွက် မရှိမဖြစ် လိုအပ်သည်ဟု တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့တို့က ခံယူထားသည့် ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းရေးလမ်းကြောင်း ဖော်ဆောင်နိုင်ရေးအတွက် ထိုအခြေခံဥပဒေအား ပြင်ဆင်ခြင်းကို ပိတ်ပင်တားဆီးရန် တပ်မတော်က ကတိပြုထားပေသည်။

တပ်မတော်၏ မယိမ်းမယိုင်သော ရပ်တည်မှုကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ရာစုပင်လုံတတိယအစည်းအဝေးတွင် အပြည့်အဝထုတ်ဖော်ပြသလာခဲ့ပြီ ဖြစ်သည်။ တပ်တော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၁ ရာစု ပင်လုံ တတိယအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားရာ၌ တပ်မတော်သည် နိုင်ငံတော်နှင့်ပြည်သူလူထုတစ်ရပ်လုံးကို ကိုယ်စားပြုသော အဖွဲ့အစည်းဖြစ်ပြီး အခြား မည်သည့်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများသည်ပင် မြန်မာပြည်သူတစ်ရပ်လုံးအပေါ် စစ်မှန်စွာ ကိုယ်စားပြုခြင်း မရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ဇူလိုင်လ ၁၂ ရက်နေ့ထုတ် Global New Light of Myanmar နေ့စဉ်သတင်းစာတွင် ပြန်လည်ဖော်ပြထားသော အဆိုပါ အမှာစကားတွင် အချို့သောဒေသမှာ ရှိနေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဟာ ၅၂ သန်းသော တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကို ကိုယ်စားပြုတာ မဟုတ်သလို နိုင်ငံရေးပါတီများဟာလည်း သူတို့ကိုထောက်ခံသူများသာ ကိုယ်စားပြုတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တပ်မတော်ဟာ တိုင်းရင်းသားပြည်သူလူထုက ပေါက်ဖွားလာတဲ့ ပြည်သူ့တပ်မတော်ဖြစ်တာနဲ့အညီ နိုင်ငံတော်နဲ့ ပြည်သူလူထုကို ကိုယ်စားပြုရတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်" ဟု ပါရှိသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ အမှာစကားတွင် နိုင်ငံရေးပါတီများနှင့် စပ်လျဉ်း၍ ထည့်သွင်းပြောကြားချက်က နိုင်ငံ၏ များပြားလှသော တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့များထက်ပင် သာလွန်သော တုန့်ပြန်ရိုက်ခတ်မှုတစ်ရပ် ဖြစ်ပေါ်စေခဲ့သည်။ လူ့အခွင့်အရေး လှုပ်ရှားသူများနိုင်ငံရေးသမားများနှင့် လူထုလူတန်းစားအသီးသီးမှ လုပ်သားပြည်သူတို့က တပ်မတော်သည် မိမိကို ကိုယ်စားမပြုကြောင်း ရေးသားဖော်ပြချက်များစွာတို့ကို ဖေ့စ်ဘွတ်ခ်နှင့် အခြားဆိုရှယ်မီဒီယာ စာမျက်နှာများတွင် တင်ခဲ့ကြသည်။

ထိုအချက်မှာနိုင်ငံ၏ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့မျိုးစုံတို့က သုံးသပ်ကြည့်ရှုသော အခြေအနေလည်း ဖြစ်သည်။ နိုင်ငံမြောက်ပိုင်းတွင် တပ်မတော်နှင့် စစ်ပွဲများ ရင်ဆိုင်ဆင်နွှဲလျက်ရှိသော ကေအိုင်အေအဖွဲ့မှ ဗိုလ်ချုပ်ဂွန်မော်က ၂၁ ရာစုပင်လုံငြိမ်းချမ်းရေး ညစာစားပွဲတစ်ရပ်၌ ကမ္ဘာကျော် ဘီးတဲလ်(စ)(Beatles) တေးဂီတအဖွဲ့၏ ပြယုဂ်အဖြစ် ထင်ရှားကျော်ကြားသော သီချင်းဖြစ်သည့် Let It Be အမည်ရသီချင်းကို သီဆိုကာ သီချင်းပါစာသားများဖြင့် အဆိုပါအခြေအနေကို ညွှန်းဆိုသွားခဲ့သည်။

ဗိုလ်ချုပ်ဂွန်မော်၏ အဓိပ္ပာယ်နှစ်ခွထွက်လာသောသီချင်းရွေးချယ်မှုကို နားဆင်သူပရိသတ်အများစုက သတိပြုမိသည် မဟုတ်သော်လည်း၊ "ကျွန်တော်ရဲ့ အမှောင်လွှမ်းသော အချိန်နာရီများအတွင်းမှ"ဆိုသည့် စာသားနှင့် "နှလုံးကြေကွဲ ခံစားရသောသူများ" ဆိုသည့် ရည်ညွှန်းမှုနောက်မှ ဆက်လက်သီဆိုလိုက်သည့်ကံကြမ္မာကိုသာ ယိုးမယ်ဖွဲ့လိုက်သော "ရှိပါစေတော့"ဟူသည့် စာသားက သူနှင့်အခြားသော တိုင်းရင်းသားလူနည်းစုခေါင်းဆောင်တို့အနေဖြင့် လက်ရှိအချိန်အထိ ထူးခြားသောအကျိုးသက်ရောက်မှု တစ်စုံတစ်ရာထွက်ပေါ်ခြင်း မရှိသေးသည့် ဆွေးနွေးပွဲများအပေါ် ယုံကြည်မှုမည်မျှ နည်းပါးနေပြီဆိုသည်ကို ပြခြင်းပင် ဖြစ်သည်။

၂၀၁၁ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးဟောင်း ဦးသိန်းစိန်က သူ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထုတ်ဖော်ကြေညာပြီးချိန်မှစ၍ နိုင်ငံတစ်ဝန်းလုံးတွင် တိုက်ပွဲများ အများအပြား ဖြစ်ပွားလာကာ ၁၉၈၀ ခုနှစ်များ၏ နောက်ပိုင်း၌ မြင်တွေ့နေရခြင်းမရှိသော အဆင့်များသို့ ရောက်ရှိသည်အထိ ပြင်းထန်ကျယ်ပြန့်လာခဲ့သည်။ တပ်မတော်၏ ပြင်းထန်သော ထိုးစစ်ဆင်မှုများအောက်တွင် ကေအိုင်အေအဖွဲ့သည် ဆိုးကျိုးသက်ရောက်မှု အခံရဆုံး ဖြစ်လာသည်။ ယခင်ကာလများက မမြင်မတွေ့ဖူးသော လေကြောင်းချေမှုန်းရေးများဖြင့် တွဲဖက်ကာ ထိုးစစ်များ ဆင်နွှဲလာခြင်းပင်။

အစိုးရထိန်းချုပ်မှုအောက်တွင်မရှိသော လက်နက်ကိုင်အစုအဖွဲ့အားလုံး၏ ၈၀ ရာခိုင်နှုန်းကို ကိုယ်စားပြုသော ကေအိုင်အေနှင့် ယင်း၏ တိုင်းရင်းသားမဟာမိတ်များဖြစ်သည့် ဝ၊ ပလောင်၊ ကိုးကန့်၊ ရှမ်း၊ ရခိုင်၊ ရှမ်းပြည်နယ် အရှေ့ပိုင်းဒေသမှ လူနည်းစု အဖွဲ့အစည်းများသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲများသို့ လေ့လာသူအဖြစ်သာ တက်ရောက်ခွင့် ရရှိခဲ့ခြင်းဖြစ်ပြီး ပါဝင်ဆွေးနွေးခွင့်ရှိသူများ မဟုတ်ကြပေ။

တပ်မတော်နှင့် ဒေါ်အောင်ဆန်းစုကြည်၏ အစိုးရက ကိုယ်ပိုင်အုပ်ချုပ်ရေး အာဏာခွဲဝေပေးမည့် ဖက်ဒရယ်





> **တပ်မတော်သည် နိုင်ငံတော်နှင့်ပြည်သူလူထု တစ်ရပ်လုံးကို ကိုယ်စားပြုသော အဖွဲ့အစည်းဖြစ်ပြီး အခြား မည်သည့်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများသည်ပင် မြန်မာပြည်သူ တစ်ရပ်လုံးအပေါ် စစ်မှန်စွာ ကိုယ်စားပြုခြင်း မရှိ**

မူဝါဒသို့ ဦးတည်သော ကျယ်ပြန့်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်ခြင်းမပြုမီ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ကိုယင်းတို့အားလုံး လက်မှတ်ရေးထိုးရန်သာ အလေးအနက် ဆက်လက်တိုက်တွန်းသည်။

NCA စာချုပ်ကို တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့ ဆယ်ဖွဲ့အထိ ပါဝင်လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း အစိုးရက အခိုင်အမာပြောကြားသည်။ သို့ရာတွင် အဆိုပါအဖွဲ့ဆယ်ဖွဲ့အနက် ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)၊ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)နှင့် မွန်ပြည်သစ်ပါတီ(MNSP)စသည့်အဖွဲ့လေးဖွဲ့သည်သာ လက်နက်ကိုင်တပ်ဖွဲ့ အစစ်အမှန်ဖြစ်သည်။ အခြားသော အဖွဲ့ခြောက်ဖွဲ့မှာ နိုင်ငံရေးအရ ထူးခြားသော အရေးပါမှု မရှိ (သို့မဟုတ်)အနည်းငယ်မျှသာရှိသော အင်အားနည်းပါးသည့် ဒေသတွင်း လက်နက်ကိုင်များနှင့် အန်ဂျီအိုသာသာအဆင့်မျှသာရှိသော အဖွဲ့အစည်းများဖြစ်ကြသည်။

အင်အားအတောင့်တင်းဆုံးသော လက်နက်ကိုင်တပ်ဖွဲ့များဖြစ်သည့် ကေအိုင်အေ တအာင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော်(TNLA)၊ ဝ'ပြည် သွေးစည်းညီညွတ်ရေးတပ်မတော်(UNSA)၊ ရခိုင်တပ်မတော်(AA) တို့သာမက၊ ယင်းတို့၏ ရှမ်းနှင့်ကိုးကန့်တိုင်းရင်းသား မဟာမိတ်အဖွဲ့များကလည်း NCA တွင် ပါဝင်လက်မှတ်ရေးထိုးရန်ငြင်းဆန်ကြသည်။ ယင်းတို့ မျှော်မှန်းသော ဖက်ဒရယ်ပြည်ထောင်စုကို ထုဆစ်ပုံဖော်ခြင်း မပြုမီ NCA တွင် ပါဝင်လက်မှတ်ရေးထိုးခြင်းသည် လက်နက်ချခြင်းနှင့် အလားတူဖြစ်သည်ဟု ခံယူထားသဖြင့် NCA တွင် ပါဝင်လက်မှတ်ရေးထိုးမည့်ဟန် မရှိပေ။

လက်ရှိ နိုင်ငံရေးပန်းချီကားချပ်ကို ပိုမိုရှုပ်ထွေးစေသည်က အနောက်နိုင်ငံအများစု၏ အကူအညီဖြင့် ရန်ပုံငွေတောင့်တင်းသော အစုအဖွဲ့တစ်ရပ် ထပ်မံပေါ်ထွက်လာခြင်းပင်။ ရန်ကုန်မြို့ရှိ နိုင်ငံရေးလေ့လာဆန်းစစ်သူတို့က ထိုသူတို့၏ အစုအဖွဲ့ကို ငြိမ်းချမ်းရေးလုပ်ငန်း ကွန်ရက် (Peace- Industrial Complex) ဟု အပြစ်မြင်ခေါ်ဆိုကြသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း အကျိုးသက်ရောက် ထူးခြားမှုမရှိသော စီမံကိန်းများကို ရန်ပုံငွေရက်ရက်ရောရောပေးကမ်းသုံးစွဲဆောင်ရွက်ခြင်း အပါအဝင် ယင်းတို့၏ ပါဝင်ဆောင်ရွက်ချက်များက ငြိမ်းချမ်းရေးခရီး ရှေ့ဆက်နိုင်ရေးအတွက် ယခုအချိန်အထိ မဆိုစလောက်သာ ဆောင်ရွက်ပေးနိုင်သေးကြောင်း နိုင်ငံရေးလေ့လာဆန်းစစ်သူတစ်ဦးက ပြောကြားခဲ့သည်။

အခြားတစ်ဘက်တွင်မူ တရုတ်ပြည်ကိုမြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပါဝင်သည့် တစ်ခုတည်းသော ပြည်ပနိုင်ငံအဖြစ် ကျယ်ပြန့်စွာ သုံးသပ်လက်ခံထားကြသည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အင်အားအတောင့်တင်းဆုံးသော အိမ်နီးချင်းနိုင်ငံ ဖြစ်သည့်အပြင် မြန်မာနိုင်ငံ အနောက်ဘက်ကမ်းရိုးတန်း ဒေသမှ တရုတ်နိုင်ငံ တောင်ပိုင်း ကုန်းတွင်းဒေသ ယူနန်ပြည်နယ်အထိ သွယ်တန်းထားသော အရေးပါသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း လုပ်ငန်းများနှင့် အိန္ဒိယသမုဒ္ဒရာဘက်သို့ အပါအဝင်၊ အခြားသော သဘောတူစာချုပ်များကို ဗဟိုအစိုးရအာဏာပိုင်တို့နှင့် ချုပ်ဆိုရန်၊ အချို့သော လက်နက်ကိုင်အစုအဖွဲ့တို့ကို တိုက်တွန်းအားပေးခဲ့သည်။

တစ်ကြိမ်တည်းမှာပင် တရုတ်တို့သည် UWSA အဖွဲ့အား တရုတ်နိုင်ငံလုပ် ခေတ်မီလက်နက်များကို ရယူခွင့်ပြုခဲ့သည့်အပြင် UWSA ၏ တိုင်းရင်းသားလက်နက်ကိုင် မဟာမိတ်အဖွဲ့အချို့အား မျှဝေရန်ပင်ခွင့်ပြုထားခြင်း ဖြစ်သည်။ နှစ်ဘက်ခွကစားပွဲကို ကစားလာသည်။ လေ့လာစောင့်ကြည့်သူတို့က လက်နက်လွှဲပြောင်းပေးအပ်မှုကို အမြော်အမြင်ကြီးစွာခွင့်ပြုခဲ့ခြင်းက တပ်မတော်အနေဖြင့် ယင်း၏ ယိမ်းယိုင်ခြင်းမရှိသော တင်းမာသည့် သဘောထားရပ်တည်ချက်အား ပြန်လည်စဉ်းစားသုံးသပ်လာစေရန်မှာ အင်အားတောင်းတင်းပြီး၊ လက်နက်ကောင်းများတပ်ဆင်ထားသည့် တိုင်းရင်းသားအစုအဖွဲ့များကသာ လုပ်ဆောင်ပေးနိုင်လိမ့်မည်ဟု တရုတ်၏အမြင်ကို ထင်ဟပ်စေသည်။

မြန်မာနိုင်ငံစစ်ပွဲများအတွင်းတရုတ်နိုင်ငံကလက်တစ်ဘက် လျှို့ဝှက်စွာထည့်ထားသည့်လုပ်ရပ်နှင့် အမျိုးသားရေးစိတ်ပြင်းထန်သော တပ်မတော်က သံသယဖြစ်လာသည်မှာ အံ့ဩစရာပင်မဟုတ်ပေ။ တပ်မတော်ခေါင်းဆောင်ပိုင်းနှင့်နီးစပ်သော သတင်းရင်းမြစ်တို့၏ အဆိုအရ အဆိုပါသံသယသည် တပ်မတော်စစ်ထိပ်တန်း ဗိုလ်ချုပ်ကြီးများအနေဖြင့်မြန်မာနိုင်ငံ၏ရွေးကောက်ခံအစိုးရအား ငြိမ်းချမ်းရေးပန်းချီကားချပ်အတွင်းမှ ဘေးသို့မဟုတ် ဖယ်ထုတ်သွားရန် ယခင်ကထက်ပင်ပိုပြီး ဆုံးဖြတ်ချက်ခိုင်မာလာစေခဲ့ကြောင်း ထုတ်ဖော်ပြောကြားကြသည်။

တရုတ်တို့၏ချဉ်းကပ်ပုံမှာ အများအားဖြင့် အဓိကနေရာတွင် ပါဝင်နိုင်ခြင်းမရှိသော အနောက်တိုင်း ငြိမ်းချမ်းရေးဖော်ဆောင်သူများ၏ လှုပ်ရှားမှုထက်ပို၍ ဆန်းပြားရှုပ်ထွေးသည်မှာ သံသယဖြစ်ရန်မရှိပေ။ အနောက်တိုင်းငြိမ်းချမ်းရေးဖော်ဆောင်သူ အများအပြားမှာ မြန်မာနိုင်ငံ၏ ရှုပ်ထွေးနက်နဲလှသော တိုင်းရင်းသားပြဿနာများနှင့် ပဋိပက္ခများအကြောင်း အခြေခံမျှပင် နားလည်ကြသူများ မဟုတ်ကြပေ။

ဒေါ်အောင်ဆန်းစုကြည်သည်လည်း ဇူလိုင်၁၆ရက်နေ့က တတိယအကြိမ်အစည်းအဝေးအဆုံးသပ် ကျေးဇူးတင်စကားပြောကြားရာတွင် စိတ်ရှည်ရှည်ထားကြရန်နှင့် ငြိမ်းချမ်းရေးမူပေါင်တစ်ရပ်တည်ဆောက်နိုင်ရန်အတွက် မဟာဗျူဟာအမြင်သစ်တစ်ရပ် ချမှတ်နိုင်ရေး တောင်းဆိုထားခြင်းက သူ၏ ချုပ်ကိုင်မှုကို လက်လွှတ်လိုက်ရဟန် ပေါ်လာစေသည်။ ထိုအမြင်သစ်နှင့်စပ်လျဉ်း၍ အသေးစိတ်ဖော်ပြခြင်းလည်း မရှိပြန်ပေ။

ငြိမ်းချမ်းရေး ညီလာခံသည် ရပ်တန့်၍လည်းမနေ၊ နောက်ကြောင်းလည်း ပြန်လှည့်မနေဘဲ အခက်အခဲများကြားမှ ရှေ့သို့ကြိုးစားရွေ့လျားနေသည်ဆိုခြင်းထက် အနည်းငယ်မျှသာသော နိဂုံးချုပ်စကားကိုသာ ဒေါ်အောင်ဆန်းစုကြည်က ပြောကြားနိုင်ခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်၏ ၂၁ ရာစုပင်လုံသည် ယင်း၏ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်တို့၊ ရှမ်းပြည်နယ် ပင်လုံမြို့တွင် ၁၉၄၆ - ၄၇ ခုနှစ်များအတွင်း တွေ့ဆုံဆွေးနွေးကာ အင်္ဂလိပ်တို့ထံမှ ၁၉၄၈ ခုနှစ်အတွင်း ရရှိလာသည့် လွတ်လပ်ရေးအတွက် အခြေခံအုတ်မြစ် အမှတ်ပေးနိုင်ခဲ့သော ညီလာခံများကို မူသစ်ဖြင့် ကျင်းပခြင်းသာဖြစ်သည်။ ထိုအခြေခံအုတ်မြစ်သည် မည်သည့်အခါမျှ နားလည်သိရှိခြင်းမရှိသော ဖက်ဒရယ်ပြည်ထောင်စု၏ အုတ်မြစ်ပင်ဖြစ်သည်။

အမျိုးသားရေးစိတ်ပြင်းပြသည့် အစဉ်အလာတစ်ရပ်ရှိသော်လည်း၊ တပ်မတော်သည် စစ်အစိုးရအဆက်ဆက်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်များကို ဖိနှိပ်ခဲ့သည်သာမက ဒေါ်အောင်ဆန်းစုကြည်ကိုလည်း နေအိမ်အကျယ်ချုပ် ၁၅နှစ်တိုင်တိုင် ချထားခဲ့ပြီး ပြည်တွင်းစစ်ကို အဆုံးသတ်ရန် ငြိမ်းချမ်းရေး ဆောင်ကြဉ်းပေးလာသည်ကို မြင်တွေ့လိုဟန် မရှိပေ။

စင်စစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ အမှာစကားသည် အနောက်တိုင်းငြိမ်းချမ်းရေး ဖော်ဆောင်သူတို့သာမက ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်သည်ပင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ကင်းကွာသည်ထက်ကင်းကွာလာနေပြီဖြစ်သည်ကို ထင်ဟပ်ပေါ်လွင်စေသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် တပ်မတော်နှင့် တရုတ်နိုင်ငံတို့ကြားမှာ အားပြိုင်ပွဲတစ်ရပ်အဖြစ် လျင်မြန်စွာပင် အဆင့်ဆင့် အသွင်ကူးပြောင်းခဲ့ပြီ ဖြစ်သည်။ ထိုအားပြိုင်ပွဲအတွင်းမှ NCA တွင် ပါဝင်လက်မှတ်ရေးထိုးခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့များမှာ ပို၍ကြီးမားကျယ်ပြန့်သော ပထဝီနိုင်ငံရေး ကစားပွဲအတွင်းမှ နယ်ရုပ်များပင် ဖြစ်ကြသည်။

သပွတ်အူလို ရှုပ်ထွေးသော အခြေအနေအလယ်တွင် ပိတ်မိနေကြသူများမှာ ဒုက္ခသည်တစ်သိန်းကျော်ပင် ရှိခဲ့ပြီဖြစ်သည်။ သို့ရာတွင် တရုတ်နိုင်ငံနှင့် တပ်မတော်က ထိုသူတို့အတွက် စိုးရိမ်ပူပန်ဟန်မရှိပေ။ ဒေါ်အောင်ဆန်းစုကြည်၏ အကောင်းဆုံးသော ပြယုဂ်သင်္ကေတသာမက စိတ်ရောကိုယ်ပါနှစ်မြှုပ်ထားသည်ဟု ဆိုနိုင်လောက်သော အားထုတ်ကြိုးပမ်းမှုများ ပြသည့်တိုင် နိုင်ငံ၏ ကြိုတင်မှန်းဆတွေ့မြင်နိုင်သော အနာဂတ်မိုးကုပ်စက်ဝိုင်းတွင်း ရှိနေသည်က ငြိမ်းချမ်းရေးမဟုတ်ပါ။ စစ်ပွဲသာဖြစ်လေတော့သည်။

Ref; Suu Kyi Loses control of once hopeful peace process by Bertil Lintner, Chiang Mai, July 20, 2018 Asia Times

# ဧရာဝတီမြစ်ပေါ်က ဆည်တွေနဲ့ မြန်မာနိုင်ငံရဲ့အနာဂတ်

မြတ်သွေးထက်


ချီဖွေမြို့အောက်ဖက် ၆ မိုင်ခန့်အကွာတွင် တည်ရှိသော ဓာတ်အားပေးစက်ရုံ


ချီဖွေမြို့အထက် ၁၀ မိုင်ခန့်အကွာတွင် တည်ဆောက်ထားသော ရေကာတာ

မြန်မာပြည်မြောက်ပိုင်း သျှမ်းမျိုးနွယ်စုများဥက္ကဋ္ဌ ဦးစိုင်းစန်းဝေက ချီဖွေငယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို လေ့လာဖို့ ဖိတ်မန္တကပြုတာမို့(၁၅၊၇၊၂၀၁၈)နေ့မှာ ချီဖွေမြို့ဘက်ကို ခရီးထွက်ခဲ့ကြပါတယ်။ ဒီ ခရီးအတွက် အဓိကပံ့ပိုး ကူညီပေးခဲ့ကြသူတွေကတော့ မြစ်ကြီးနားမြို့အခြေစိုက် SPIC (CPI) တရုတ်ကုမ္ပဏီကပါ။ မနက်(၇)နာရီကတည်းက ပြင်းထန်နေတဲ့ လေနဲ့မိုးကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အထူးဒေသ(၁) နယ်မြေရဲ့ လမ်းတွေကတော့ ရွှံ့ဗွက်တန်းတွေနဲ့ ထူပြောနေပါတယ်။ ဒါပေမဲ့လည်း ချီဖွေမြို့က အစိုးရရုံးစိုက်ရာ မြို့နယ်ခွဲဖြစ်နေတာကြောင့် တံတားတွေနဲ့ လမ်းပိုင်းအတော်များများကို နိုင်ငံတော်က တည်ဆောက် ပြုပြင်နေပါတယ်။ လမ်းတစ်လျှောက်ဖြတ်သန်းခဲ့ရတဲ့ ရွာလေးမှာတော့ လျှပ်စစ်မီးသုံးစွဲနေတာကို မတွေ့ခဲ့ရပါဘူး။ ဒီလို လျှပ်စစ် ဓာတ်အားလိုင်း တာဝါတိုင်ကြီးတွေကို မြင်နေရပါလျက် လျှပ်စစ်မီးသုံးစွဲခွင့် မရရှာကြတဲ့ ကျေးရွာလေးတွေမှာ နေထိုင်တဲ့ ဒေသခံပြည်သူတွေကတော့ "ဖြစ်သာသွားတယ်. . . မနားတယ်. . . "ဆိုတဲ့ သီချင်းစာသားလေးပါတဲ့ ရှမ်းအဆိုတော် စိုင်းထီးဆိုင်ရဲ့ "အိုဘယ့်ခရီးသည်"သီချင်းလေးကို ဆိုကောင်း ဆိုနေကြပါလိမ့်မယ်။ ဒီသီချင်းလေးက လောပိတရေအားလျှပ်စစ် တာဝါတိုင်တွေအကြောင်း ဒေါက်တာစိုင်းခမ်းလိတ်က ရေးသားထားတာမို့ ဦးနေဝင်းအစိုးရရဲ့ တားမြစ်ပိတ်ပင်မှုကို ခံခဲ့ရပါတယ်။

အခု မြန်မာပြည်မြောက်ပိုင်းသျှမ်းမျိုးနွယ်စုများဥက္ကဋ္ဌ ဦးစိုင်းစန်းဝေကလည်း တာလောကြီး၊ ဆင်ဘိုကျေးရွာအုပ်စုတွေ ယနေ့အချိန်ထိလျှပ်စစ်မီးသုံးစွဲခွင့် မရသေးတာကြောင့် ချီဖွေငယ်စက်ရုံက ထုတ်လုပ်နေတဲ့ လျှပ်စစ်ဓာတ်အားလောက်ငှမှုရှိမရှိကို ကိုယ်တိုင်သွားရောက် လေ့လာတဲ့သဘောပါ။ ဒီလို လေ့လာတာကို SPIC (CPI) ကုမ္ပဏီက ဝမ်းပန်းတသာ ကြိုဆိုကြပါတယ်။ အကြောင်းကတော့ SPIC (CPI)ကုမ္ပဏီရဲ့ နည်းပညာပိုင်းတွေကို မြန်မာပြည်သူလူထုက အထင်သေးလာအောင် မီဒီယာတွေက ရေးသားနေကြတယ်လို့ ထင်မြင်ယူဆနေကြပြီး သူတို့နည်းပညာတွေ ဘယ်လောက်မြင့်မားကြောင်း ခေါ်ယူပြသချင်တဲ့သဘောပါ။ ဒါဟာလည်း SPIC (CPI) ကုမ္ပဏီအပေါ် အပြစ်မဆိုသာပါဘူး။ ဘာ့ကြောင့်ဆိုတော့ အင်မတန်မှညံ့ဖျင်းတဲ့ မြန်မာစစ်အာဏာရှင်တွေလောက်သာ ဆက်ဆံဖူးပြီး မြန်မာပြည်သူလူထုတွေရဲ့ယဉ်ကျေးမှု၊ဓလေ့စရိုက်၊ အသိပညာ၊ အတတ်ပညာ စတာတွေကို ထဲထဲဝင်ဝင် မလေ့လာဘဲ MOU, Non-Commerical, MOA, JVA စာချုပ်တွေကို အဆင့်ဆင့်ချုပ်ဆိုခဲ့ကြလို့ပါပဲ။ ဒီအချိန်မှာတော့ SPIC (CPI) ကုမ္ပဏီနဲ့ သဘောတူစာချုပ်အမျိုးမျိုးကို လက်မှတ်ရေးထိုးပြီး မြေနေရာတွေကို လက်ညှိုးထိုး ရောင်းစားခဲ့တဲ့မြန်မာစစ်အာဏာရှင်ကြီးတွေဟာ တာဝန်ယူမှု၊ တာဝန်ခံမှုမရှိဘဲ ရာထူးကနေ အနားယူသွားကြပါပြီ။ ဒီကိစ္စနဲ့ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံမှု စာရင်းဇယား အရှုပ်အရှင်း ပြဿနာတွေကို လက်ရှိအာဏာရပြည်သူ့အစိုးရအပေါ် SPIC (CPI) ကုမ္ပဏီဘက်က ချပြလာတာမျိုးမရှိသလို မြန်မာစစ်အာဏာရှင်တွေကလည်း လုံးဝဖုံးဖိထားဆဲပါ။ ဆိုတော့ ဒါဟာ မြန်မာပြည်သူလူထုနဲ့ SPIC (CPI) ကုမ္ပဏီအကြား ဖြစ်လာမယ့် ပြဿနာအပေါ် လက်ရှိအာဏာရ ပြည်သူ့အစိုးရအကျပ်အတည်းဖြစ်အောင် လုပ်သွားခဲ့ကြတာလားလို့တောင် တွေးချင်စရာပါ။ ဆက်ပြီးပြောရရင် SPIC(CPI) ကုမ္ပဏီနဲ့ မြန်မာစစ်အာဏာရှင်တွေ ကြားက ရင်းနှီးမြှုပ်နှံမှု၊ အပေးအယူ၊ သဘောတူညီမှု စတာတွေကို မြန်မာပြည်သူလူထုနဲ့တကွ လက်ရှိအာဏာရ ပြည်သူ့အစိုးရတို့က ယနေ့အချိန်အထိ အတိအကျ မသိရသေးပေမဲ့ SPIC(CPI)ကုမ္ပဏီရဲ့ ရင်းနှီးမြှုပ်နှံမှုအပိုင်းကို အကျပ်ရိုက်သွားစေနိုင်တဲ့ သဘောတရားကိုတော့ မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာနဲ့ နားလည်နေကြပါတယ်။ ဒါကြောင့်လည်း SPIC(CPI) ကုမ္ပဏီအနေနဲ့ မြစ်ဆုံရေကာတာအပါအဝင် မေခမြစ်ပေါ်က ရေကာတာ(၆)ခုနဲ့ မေလိခမြစ်ပေါ်က ရေကာတာ(၁)ခု စုစုပေါင်း(၈)ခု တည်ဆောက်သွားမယ့် အစီအစဉ်ကို လက်မလွှတ်ချင်တာ ဖြစ်နိုင်တယ်လို့လည်း ခန့်မှန်းတွက်ချက်နေကြပါတယ်။ နောက်ပြီး သဘာဝဘေးအန္တရာယ်ကို ဘယ်သိပ္ပံပညာကမှ တားဆီးကာကွယ်နိုင်ခြင်း မရှိသေးတာကိုလည်း စိုးရိမ်ပူပန်နေကြပါတယ်။

> “လုံလောက်တဲ့ လျှပ်စစ်စွမ်းအင်မရှိရင် တိုင်းပြည် မတိုးတက်နိုင်ဘူးဆိုတဲ့ သဘောတရားကို အသိပညာပေးတဲ့အနေနဲ့ ပြောပြနေရလောက်အောင်တော့ မြန်မာပြည်သူတွေ မညံ့ကြသေးဘူး ဆိုတာကိုလည်း နားလည်ပေးစေချင်ပါတယ်။”

တကယ်တော့ SPIC(CPI) ကုမ္ပဏီအကြီးအကဲတွေနဲ့ မြန်မာစစ်အာဏာရှင်တွေက မြန်မာပြည်သူ လူထုအပေါ် လျှော့တွက်ခဲ့တာကိုက ဒီပြဿနာရဲ့အစလို့ ဆိုနိုင်ပါတယ်။ ပြောရရင် ဒီမြစ်ဆုံဒေသ ရေကာတာတွေနဲ့ ပတ်သက်ပြီး ကန့်ကွက်နေကြတာဟာ ကချင်ပြည်နယ် လူထုတင်မဟုတ်ပါဘူး။ မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ကန့်ကွက်နေကြတာပါ။ ဒါပေမယ့်လည်း SPIC (CPI ) ကုမ္ပဏီရဲ့ ရင်းနှီးမြှုပ်နှံမှု အကျပ်အတည်းတွေကို ထောက်ထားသောအားဖြင့် လက်ရှိအာဏာရ ပြည်သူ့အစိုးရက အိမ်နီးချင်းကောင်း ပီသစွာနဲ့ မေခ၊ မလိခ၊ မြစ်ဆုံဒေသကလွဲလို့ အခြားတစ်ခုခုကို အစားထိုးပေးလာမယ်ဆိုရင်တောင် SPIC (CPI) ကုမ္ပဏီအနေနဲ့လည်း မငြင်းဆန်ကောင်းဘူး ထင်ပါတယ်။ နောက်ပြီးယခင်မြန်မာစစ်အာဏာရှင်ဟောင်းတွေနဲ့ ချုပ်ဆိုထားခဲ့တဲ့ မြစ်ဆုံဒေသ ရေအားလျှပ်စစ်စီမံကိန်း စာချုပ်ပါ အချက်အလက်တွေကို SPIC (CPI)ကုမ္ပဏီရဲ့ အကြီးအကဲတွေအနေနဲ့ မြန်မာပြည်သူ့အစိုးရကို ချပြသင့်တယ်လို့ သုံးသပ်မိပါတယ်။ ဒါမှလည်း လက်ရှိအာဏာရ ပြည်သူ့အစိုးရက မြန်မာပြည်သူလူထုအပေါ် ပွင့်လင်းမြင်သာမှုရှိအောင် ချပြနိုင်မှာပါ။

အခုဆိုရင် ယခင် စစ်အစိုးရရဲ့ ထုတ်ပြန်ကြေညာချက်အရ SPIC (CPI)ကုမ္ပဏီက (၈၀%)ရာခိုင်နှုန်း၊ ASIA WORLD ကုမ္ပဏီက(၁၅%) ရာခိုင်နှုန်းနဲ့ မြန်မာနိုင်ငံလျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနက (၅ %) ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံထားတာကိုပဲသိရပြီး လျှပ်စစ်ဓာတ်အား ခွဲဝေသုံးစွဲမှုဆိုင်ရာ စာချုပ်ပါ အချက်အလက်တွေအရ မြန်မာနိုင်ငံက သုံးစွဲခွင့်ရမယ့် လျှပ်စစ်စွမ်းအင် ပမာဏကိုလည်း မြန်မာပြည်သူလူထုနဲ့တကွ လက်ရှိအာဏာရပြည်သူ့ အစိုးရကတိတိကျကျ မသိရသေးပါဘူး။ နောက်ပြီးမြစ်ဆုံဒေသ ရေအားလျှပ်စစ်စီမံကိန်းကနေ ထုတ်လုပ်မယ့် စွမ်းအင်ပမာဏအားလုံးဟာ စာရွက်ပေါ်က စာရင်းဇယားအရ (၂၁၅၀၀)မီဂါဝပ်ရှိမှာဖြစ်ပြီး လက်တွေ့မြေပြင်ပေါ်မှာသုံးစွဲနိုင်မယ့်ပမာဏက မီဂါဝပ်တစ်သောင်းကျော်လောက်ပဲဖြစ်ဖို့ များပါတယ်။ ဆိုတော့ ဒီပမာဏဟာ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းလေးတွေနဲ့ မီးထွန်းရုံလောက်ပဲ ရည်ရွယ်တာလို့ ပြောလို့ရပါတယ်။ ဒါတောင် လျှပ်စစ်ဓာတ်အား ပမာဏအားလုံးကို မြန်မာနိုင်ငံဘက်က သုံးစွဲခွင့်ရအုန်းမှ ဖြစ်မှာပါ။ မကြာခင်ကာလမှာ ဖွင့်လှစ်တော့မယ့် ရန်ကုန် သီလဝါဆိပ်ကမ်းက ဂျပန်မော်တော်ကားစက်ရုံကြီးတွေလို အကြီးစားစက်မှုလုပ်ငန်း (Heavy Industry)တွေ ကောင်းကောင်းလည်ပတ်နိုင်တဲ့ လျှပ်စစ်စွမ်းအင် ပမာဏကို လုံလုံလောက်လောက် ထုတ်လုပ်ပေးနိုင်မှာ မဟုတ်ပါဘူး။ ဒီတော့ SPIC (CPI) ကုမ္ပဏီက အကြီးအကဲတွေ အနေနဲ့ မြန်မာပြည်သူ့အစိုးရရဲ့ ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ ညှိနှိုင်းလာနိုင်မှုအပေါ် မိတ်ဆွေကောင်းအဖြစ် ရပ်တည်ပေးသင့်တယ် ထင်ပါတယ်။ နောက်တစ်ခုအနေနဲ့ ပြောရရင် မြစ်ဆုံဒေသက ဆည်တွေအတွက် ရည်ရွယ်တည်ဆောက်ထားပြီးဖြစ်တဲ့ ချီဖွေငယ် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ တည်နေရာဟာ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းတာ တွေ့ရသလို ကျေးရွာငယ်လေးတွေ ပြောင်းရွှေ့နေရာချထားဖို့ မလိုအပ်တာကိုလည်း တွေ့ရပါတယ်။ ဒါပေမဲ့ ဒီရေကာတာကြီးတွေရဲ့ နံရံတွေပေါ်မှာ ရေညှိပင်တွေနဲ့ ကပ်ပါးပင်တွေ တောထအောင် ပေါက်နေတာကို တွေ့ခဲ့ရသလို ကိုင်းပင်တွေနဲ့ ခရမ်းခဇော့ပင်လို အပင်မျိုးတွေ တွယ်ကပ်ပေါက်ရောက်နေတာကို တွေ့ခဲ့ရတာမို့ ပြုပြင်မွမ်းမံမှု အားနည်းတဲ့သဘောကိုမြင်ခဲ့ရပါတယ်။ ဒီအားနည်းချက်က ရေရှည်ဖြစ်လာရင် ရေကာတာရဲ့ ခံနိုင်ရည်အားကို ပြိုပျက်တဲ့အထိ ထိခိုက်လာနိုင်ပါတယ်။ ဒါပေမဲ့လည်းဒီလို သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းတဲ့ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ တည်ဆောက်နိုင်ဖို့ မန်ဝိန်းရွာနဲ့ချီဖွေမြို့ကြားမှာ ရေအားကောင်းတဲ့ ချောင်းကြီး လေးချောင်းလောက် တွေ့ခဲ့ရပါတယ်။ ဒီချောင်းတွေကတော့ မန်ဒေါင်ရွာအဝင်နဲ့အထွက်မှာရှိတဲ့ ချောင်းနှစ်ချောင်းနဲ့ ရှငေါ်ချောင်း၊ ဒွန်ဘန်ချောင်း စတာတွေပဲ ဖြစ်ပါတယ်။ အခု ချီဖွေငယ်ဓာတ်အားပေးစက်ရုံ တည်ထားတဲ့ ချီဖွေချောင်းထက်လည်း ရေအားသာလွန်တာကို တွေ့ရပါတယ်။ ဒီချောင်းကြီးတွေက ခန့်မှန်းခြေ အမြင့်ပေ(၆၀၀၀) လောက်ရှိတဲ့ ကန်ပိုင်တီတောင် ရေဝေကျောတွေပေါ်ကနေ စီးဆင်းလာတာပါ။ လူနေမရှိသလောက်ကျဲပါးတဲ့ နေရာဖြစ်တာမို့ ကျေးရွာတွေပြောင်းရွှေ့နေရာချထားစရာ မလိုအပ်သလို သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးလည်း ဖြစ်မယ်ထင်ပါတယ်။ နောက်ပြီး

စာ - ၁၂ သို့ »




**တုတ်ထိုး** - သတိ၊ သတိ၊ သတိ။ နေသတိ၊ ထိုင်သတိ၊ သွားသတိ။ သတိ၊ သတိ၊ သတိ။ ဖုန်းပွတ်လည်းသတိ။ သတိ၊ သတိ၊ သတိ။

**အိုးပေါက်** - သတိတွေ ဘာတွေကပ်လို့ပါလား။ တရားပေါက်ပြီး တောထွက်မလို့လား။

**တုတ်ထိုး** - တောထွက်ချင်တာ ယားနေတာပဲ။ ဒါပေမဲ့ သစ်တောတွေက တရုတ်ပြည်ဘက် ရောက်ကုန်ကြတော့ ထွက်စရာတောလည်း မရှိတော့ဘူး။ ဟဲဟဲဟဲ။ ဒါကြောင့် တောမထွက်တော့တာ။

**အိုးပေါက်** - မှတ်တောင်ထားရဦးမယ်။

**တုတ်ထိုး** - ဒါနဲ့ ဗဟိုဘဏ်ကနေ ငွေစက္ကူ ၅၀၀ တန်၊ ၁၀၀၀ တန်၊ ၁၀၀၀၀ တန်တွေကို ရုပ်သိမ်းမယ်ဆိုပြီး နိုင်ငံတော်သမ္မတဦးဝင်းမြင့်လက်မှတ်နဲ့ သမ္မတရုံးအမိန့်စာအတုတစ်ခု သတင်းတွေ ပျံ့နေပါတယ်။ အဲ့ဒါသတင်းအတုတဲ့ဗျ။ ငွေစက္ကူတွေ ပြန်သိမ်းမယ်ဆိုတာ မဟုတ်ပါဘူးတဲ့ဗျ။ အဲဒါကြောင့် ဖုန်းပွတ်လည်း သတိလို့ပြောတာ။

**အိုးပေါက် -** Facebook ပေါ်မှာ ဘယ်လိုလူတွေက ဘယ်လိုရည်ရွယ်ချက်တွေနဲ့ လုပ်နေကြသလဲမသိတော့ပါဘူးဗျာ။ နဂိုကမှ ကျီးလန့်စာစားဖြစ်နေပါတယ်ဆိုမှ ပြည်သူတွေကို အထိတ်တလန့်ဖြစ်အောင် လုပ်နေကြတဲ့သူတွေက ရှိနေသေးတယ်။

**တုတ်ထိုး** - ဖားကန့်မှာဆိုကြည့်ဗျာ ကမ်းပါးတွေ ခဏခဏပြိုတယ်။ လူတွေ ခဏခဏသေတယ်။ မြန်မာပြည်မှာ အသက်တွေဟာ ဈေးသိပ်ပေါတာပဲ။ ခတ်လိုက်သေနိုင်တယ်။ ကမ်းပါးပြိုသေနိုင်တယ်။ ပိုင်ရှင်မဲ့ အလောင်းအဖြစ် အချိန်မရွေး ဖြစ်သွားနိုင်တယ်။

**အိုးပေါက်** - ပြည်တွင်းစစ်ကလည်း ကောက်ရိုးမီးလို ခဏငြိမ်သွားကြတာပဲ။ ပြီးရင် အချိန်မရွေးထကောက်နိုင်တယ်။

**တုတ်ထိုး** - ကယားပြည်နယ်မှာ ဗိုလ်ချုပ်ရုပ်တုထားဖို့ ကန့်ကွက်တဲ့သူတွေကို နှိမ်နင်းဖို့ရဲအင်အားမလုံလောက်ရင် တပ်မတော်ကိုတာဝန်ပေးမယ်လို့ ကယားဝန်ကြီးချုပ်က ပြောခဲ့တယ်ဆို။

**အိုးပေါက်** - တပ်မတော်ကတော့ တပ်ကိုအမိန့်ပေးတာဝန်ပေးဖို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဝန်ကြီးချုပ်တွေကို လုပ်ပိုင်ခွင့်အာဏာပေးထားတာမရှိကြောင်း သတင်းထုတ်ပြန်ခဲ့တယ်ဗျ။

**တုတ်ထိုး** - ဒါနဲ့ မြစ်ကြီးနားမှာရှိတဲ့ ဗိုလ်ချုပ်အောင်ဆန်းရုပ်တု သဘော်ဆေးနဲ့အပက်ခံရတဲ့ကိစ္စ ဘယ်လိုမြင်သလဲ။

**အိုးပေါက်** - ရုပ်ဆိုးတယ်လို့ မြင်တယ်။ မြို့ပါ သိက္ခာကျသလို ခံစားရတယ်။

**တုတ်ထိုး** - ဒီကိစ္စဟာ ဘယ်သူ့လက်ချက်လို့ မြင်သလဲ။ ဒါမှမဟုတ် ဗိုလ်ချုပ်ကို မုန်းတီးကြတဲ့သူတွေ ဖြစ်မလား။ ဒါမှမဟုတ် ငြိမ်းချမ်းရေးကို ကန့်လန့်တိုက်သူတွေ လက်ချက်များလား။ ဘာရည်ရွယ်ချက်တွေ ရှိမလဲ။

**အိုးပေါက်** - ခင်ဗျားပြောတဲ့သူတွေမဟုတ်ဘဲ ညဘက်ကြီးမှာ သွားလာနေကြတဲ့ လူအလေအလွင့်တွေလည်း ဖြစ်နိုင်တယ်။ ဆေးကြောင်ကြောင်ပြီး အသိစိတ်ပျောက်နေတဲ့သူလည်း ဖြစ်နိုင်တာပဲ။ အပျော်အပျက်သဘောသက်သက်နဲ့ အဖျက်စိတ်ဝင်နေတဲ့ လူတချို့လည်း ဖြစ်နိုင်တာပဲ။

**တုတ်ထိုး** - ဒီကိစ္စနဲ့ပတ်သက်ပြီး လူမျိုးရေးမုန်းတီးရေးတွေ ဖြစ်လာနိုင်မလား။ ဒေသခံတိုင်းရင်းသားအချင်းချင်း သံသယစိတ်တွေ ရှိနေကြမလား။

**အိုးပေါက်** - ခင်ဗျားပြောသလို သတိပေါ့ဗျာ။ တစ်စုံတစ်ယောက်က သဘော်ဆေးနဲ့ ပက်လိုက်တယ်။ မောင်မည်းက လုပ်ဆောင်ခဲ့တယ်ဆိုပါတော့ဗျာ။ မောင်မည်းကိုသာ အပြစ်တင်ပေါ့။ မောင်မည်းဟာ ဘာလူမျိုးဖြစ်တယ်။ အဲဒီလူမျိုးတွေ မကောင်းဘူး။ အဲဒီလူမျိုးတွေဟာ ယုတ်မာတယ်လို့ စွပ်စွဲရင်တော့ ဒါဟာ သတိရှိပါ။

**တုတ်ထိုး** - ဉာဏ်ပညာရှိတဲ့သူတွေကတော့ အမုန်းတရားကို မဖြန့်ကြပါဘူး။ ဒီကိစ္စကို အခွင့်ကောင်းယူပြီး တို့မီးရှို့မီးလုပ်တတ်တဲ့လူတွေကိုလည်း သတိရှိကြရမယ်။

**အိုးပေါက်** - ပြီးတော့ ပြောချင်သေးတယ်။

**တုတ်ထိုး** - ဘာပါလိမ့်။

**အိုးပေါက်** - ပွဲလမ်းသဘင်တွေရှိမှ ဗိုလ်ချုပ်ကြေးရုပ်ဝန်းကျင်မှာ ညဘက်မီးထွန်းပေးတာမျိုးမလုပ်ဘဲ ပွဲလမ်းသဘင်ရှိမှ ဗိုလ်ချုပ်ကို မီးအလင်းရောင်ပေးပြီး ပွဲလမ်းသဘင်မရှိရင် ဗိုလ်ချုပ်ကို အမှောင်ချထားတာမျိုး မလုပ်ကြပါနဲ့လို့။

**တုတ်ထိုး** - ဘာပဲပြောပြော ရည်ရွယ်ချက်ရှိသည်ဖြစ်စေ၊ ရည်ရွယ်ချက်မရှိသည်ဖြစ်စေ၊ ဗိုလ်ချုပ်ရုပ်တုကို ဆေးပဲပက်ပက်၊ ဖျက်ပဲဖျက်ဖျက် ပြည်သူလူထုရဲ့နှလုံးသားထဲမှာရှိတဲ့ဗိုလ်ချုပ်ရဲ့ပုံရိပ်ကိုတော့ ဘယ်သူမှ ဖျက်လို့မရပါဘူး။

**အိုးပေါက်** - "ပြစ်မရှိ ပြစ်ရှာ
လမင်းကိုခွေးဟောင်လို့
ရွှေလရောင် ပြောင်မပျက်
တယ်
ထွန်းလျက်ပင်သာ" ဆိုသလိုပေါ့ဗျာ။

**တုတ်ထိုး** - ဟုတ်ပ့ါ၊ ဟုတ်ပ့ါ။

**အိုးပေါက် -** လူတွေ စာဖတ်စေချင်တယ်။ လူငယ်တွေ ပိုပြီး စာဖတ်စေချင်တယ်။ စာဖတ်တော့ ဘဝလည်းသိတယ်။ သမိုင်းလည်း သိတယ်။ ဒေါက်တာသိန်းထွန်းစကားကို ငှားပြီးပြောရရင် မအအောင် စာဖတ်ကြရမယ်။

**တုတ်ထိုး** - ဒါနဲ့ ခင်ဗျားက စာတွေ မကြာခဏဖတ်နေတာတွေ့တော့ မေးရဦးမယ်။ ဒီမိုကရေစီအစိုးရ ဟုတ်၊မဟုတ် ဘာနဲ့ တိုင်းတာမလဲဗျ။

**အိုးပေါက်** - ခင်ဗျားမေးခွန်းက တော်တော်ကျယ်ပြန့်သဗျ။ အဓိကကတော့ဗျာ အစိုးရတစ်ဖွဲ့ ပေါ်ထွက်လာပုံ၊ အစိုးရအဖွဲ့ရဲ့တာဝန်နဲ့ ဦးတည်ချက်၊ အစိုးရအဖွဲ့ တည်ဆောက်ထားပုံနဲ့ သူတို့ရဲ့လုပ်ငန်းစဉ်တွေပါပဲ။ ဒါကြောင့် လူထုဆန္ဒကို အခြေခံပြီး ပေါ်ထွက်လာမယ်။ ဘုံ အကျိုးစီးပွားကို ရှေးရှုမယ်။ အစိုးရအဖွဲ့ ဖွဲ့စည်းပုံနဲ့ လုပ်ငန်းစဉ်တွေကလည်း ဒီမိုကရေစီနည်းကျမယ်ဆိုရင် ဒီမိုကရေစီအစိုးရလို့ သတ်မှတ်နိုင်ပါပြီ။ ပြောရရင်ဗျာ လူထုဆန္ဒနဲ့ ရွေးကောက်ပွဲ အနိုင်ရပြီးတက်လာတဲ့အစိုးရတိုင်းကို ဒီမိုကရေစီအစိုးရလို့ သတ်မှတ်နိုင်တယ်လို့ ယူဆပါတယ်။

**တုတ်ထိုး** - ဒါဆို ဒီမိုကရေစီအစိုးရ စစ်မစစ်ဟာ ရွေးကောက်ပွဲအပေါ် လုံးဝ တည်နေတာပေ့ါ။

**အိုးပေါက်** - ဟုတ်တယ်။ ဒါကြောင့် ပြည်သူတွေဟာ ရွေးကောက်ပွဲကို စိတ်ဝင်စားကြဖို့ လိုတယ်။

**တုတ်ထိုး** - ရွေးကောက်ပွဲတော့ ကျင်းပပါရဲ့။ တစ်ပါတီကပဲ အမြဲခိုင်နေရင်ရော. . .။

အိုးပေါက် - ဒါဆိုရင်တော့ သံသယဖြစ်စရာပေ့ါ။

**တုတ်ထိုး** - အာဏာရှင်ဆိုတာ ပြည်သူလူထုရဲ့ ဆန္ဒမပါဘဲ အစိုးရဖြစ်နေတာ။ လူထုဆန္ဒနဲ့ ရွေးကောက်ပွဲနိုင်ရာက ထွက်ပေါ်လာတဲ့ အစိုးရကိုတော့ အာဏာရှင်အစိုးရလို့ မခေါ်နိုင်ပါဘူး။

**အိုးပေါက်** - လင်းစမ်းပါဦး။

**တုတ်ထိုး** - ကျုပ်က ဘာမှမသိဘူးနော်။ ဖတ်ထားတာတွေထဲက ခင်ဗျားကို မျှဝေနေတာ။ ခင်ဗျားမေးတာတွေကို ဆရာဇင်ဝေသော်ရဲ့ "ဒီမိုကရေစီဆောင်းဦးပေါက်"ဆိုတဲ့ စာအုပ်ဖတ်ပြီးပွားနေတာ ဟဲဟဲဟဲ။

**အိုးပေါက်** - ဘာပဲဖြစ်ဖြစ်၊ မဖတ်ရသေးသူအတွက်တော့ ဗဟုသုတရတာပေ့ါ။ ပြောဗျာ။

**တုတ်ထိုး -** လူထုရွေးကောက်လိုက်တဲ့ အစိုးရဟာ ဒီမိုကရေစီအစိုးရအနေနဲ့ မွေးဖွားလာတာမို့ပဲ။ ဆရာဇင်ဝေသော်ထဲကအတိုင်းပြောရရင် ဥပမာ- လူတစ်ယောက်ဆိုပါတော့။ လူတစ်ယောက်အနေနဲ့ မွေးဖွားလာပြီးတဲ့နောက် သူ့ကို 'သူ'လို့ခေါ်ရမှာပဲပေ့ါ။ အဲဒီလူက လူမဆန်ဘူး။ တိရိစ္ဆာန်တစ်ကောင်လို ပြုမူနေထိုင်မယ်ဆိုရင်တောင် သူဟာ "လူမဆန်တဲ့ လူ"ပဲ ဖြစ်နေပါလိမ့်မယ်။ တိရိစ္ဆာန်တစ်ကောင် ဖြစ်မသွားပါဘူး။

**အိုးပေါက်** - ဟုတ်တယ်နော်။ လက်ရှိအစိုးရကရော။

**တုတ်ထိုး** - ဒီမိုကရေစီအစိုးရအနေနဲ့ မွေးဖွားလာတာမို့ ဒီမိုကရေစီအစိုးရပါပဲ။

**အိုးပေါက်** - လက်ရှိ NLD အစိုးရကို ကြိုက်သလား။ နိုင်ငံစီးပွားရေး တိုးတက်လာသလား။

**တုတ်ထိုး** - ကြိုက်ပါတယ်။ နိုင်ငံ့စီးပွားရေးကတော့ ၃၉ ဗိုက်ပူကြီးလို××× ဂျုန်း ဂျုန်း ကျနေပြီ××× ဂျုန်း ဂျုန်း ကျနေပြီလို့ ဆိုရမှာပါပဲ။ ဒါပေမဲ့ သည်းခံရမယ်။ အစိုးရအနေနဲ့လည်း ဘာကြောင့် နိုင်ငံ့စီးပွားရေးကျဆင်းနေရသလဲဆိုတာ ပွင့်လင်းမြင်သာမှုရှိရှိနဲ့ လူထုကို ချပြဖို့ လိုတယ်။ မဟုတ်ရင် "အသုံးမကျတဲ့ အစိုးရပါကွာ" လို့ အဝေဖန်ခံရပါလိမ့်မယ်။

**အိုးပေါက်** - လမ်းတွေကတော့ ရှယ်ခင်းနေကြတာနော်။ ဒါကြောင့် ဒီအစိုးရကို သဘောကျသဗျို့။

**တုတ်ထိုး** - လမ်းတွေ၊ တံတားတွေ၊ ကျောင်းတွေ၊ ဆေးရုံဆေးပေးခန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ဟာ အစိုးရရဲ့တာဝန်ပဲလေ။ အထူးအထွေနှစ်ခြိုက်ဖို့တော့ မရှိပါဘူး။

**အိုးပေါက်** - ဒါပေမဲ့ အရင်အစိုးရထက်စာရင် ပိုပြီး လုပ်လာကြတယ်မဟုတ်လား။

**တုတ်ထိုး** - ဒါတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ အရေအတွက်များပြီး အရည်အချင်းမရှိတဲ့ လမ်းတွေမဖြစ်ဖို့ လိုတယ်။ ခုတော့ ရှေ့ကခင်း နောက်ကဖာနေကြရတယ်။ မြေပဲယိုလမ်း၊ မုန့်လင်မယားလမ်း ဖြစ်နေပြီ။ တော်ကြာ ဖွံ့ဖြိုးပြီးနိုင်ငံတွေက လကမ္ဘာသွားကြမယ့်ယာဉ်တွေဟာ ကျုပ်တို့နိုင်ငံကို လကမ္ဘာထင်ပြီး ယာဉ်တွေ မှားဆိုက်လာကြမှာတောင် စိုးရိမ်ရပါတယ်။

**အိုးပေါက်** - ဒါနဲ့ စကားမစပ်၊ ဒီလိုဖြစ်နေတဲ့ NLD အစိုးရကို ၂၀၂၀ မှာ မဲပေးဦးမှာလား။

**တုတ်ထိုး** - ပေးရမှာပေ့ါ။

အိုးပေါက် - ဘာဖြစ်လို့လဲ။

**တုတ်ထိုး** - အရင်အဘတွေလက်ထက်တုန်းက တိုင်းပြည်ကို ပါးရေနားရေ ရွတ်တွတဲ့အထိ အုပ်ချုပ်ခဲ့ကြတာ နှစ်နဲ့ချီကြာတယ်။ တိုင်းပြည်ဟာ ဖွတ်ကျောပြာစုဘဝကနေ ရုန်းမထွက်လာနိုင်ခဲ့ဘူး။ အခု လူထုက တင်တဲ့ အစိုးရဟာ အဘတွေလောက် တိုင်းပြည်ကို အုပ်ချုပ်ခွင့်အချိန်သက်တမ်း မရှိသေးပါဘူး။ အဘတွေလောက် မဆိုးပါဘူး။ ဒါကို ကျုပ်တို့က သည်းခံရမှာပေ့ါ။

**အိုးပေါက်** - ကောင်းလေစွ၊ ကောင်းလေစွ၊ ကောင်းလေစွ။ ။

# ဧရာဝတီမှဂင်္ဂါသို့

အင်ခိုင်ဘွမ်



ဆရာကြီး ဂိုအင်ကာ



အရိုးပြာအိုးအား ဧရာဝတီမြစ်အတွင်းသို့သယ်ဆောင်လာစဉ်

၁၉၆၉ ခုနှစ်တွင် ဆရာကြီးဦးဂိုအင်ကာသည် အိန္ဒိယသို့ထွက်ခွာခဲ့သည်။ မြန်မာနိုင်ငံ၌ ပုဂ္ဂလိက လုပ်ငန်းကြီးများကိုပြည်သူပိုင်သိမ်းလိုက်သောအခါ မြန်မာနိုင်ငံ၌အခြေချနေကြသည့် အိန္ဒိယလုပ်ငန်းရှင်ကြီးများသည် မြန်မာနိုင်ငံ၌ ဆက်လက်နေထိုင်ရန်အဆင်မပြေတော့သဖြင့် အိန္ဒိယသို့ပြန်ကြသည်။ ဆရာကြီးဦးဂိုအင်ကာသည် မြန်မာနိုင်ငံမှ အပြီးပိုင်ထွက်ခွာခြင်းမဟုတ်ဘဲ မိသားစုကိစ္စဖြင့် အိန္ဒိယသို့သွားရန် လေဆိပ်သို့ရောက်ရှိလာသည်။ အကောက်ခွန်အရာရှိများက အားနာသော်လည်း တာဝန်အရ "ဘာတွေများပါလာသေးလဲ"ဟု မေးလိုက်သည်။ ဆရာကြီးက "တန်ဖိုးဖြတ်လို့မရတဲ့ ရတနာတစ်လုံး ပါလာတယ်"ဟု အဖြေပေးရာ အကောက်ခွန်အရာရှိများ စိုးရိမ်ထိတ်လန့်သွားခဲ့ကြသည်။ ဆရာကြီး၏ သေတ္တာကို အိတ်သွန်ဖာမှောက် ရှာကြသည်။ အင်္ကျီအိတ်ပါမကျန် ပိုက်စိပ်တိုက်ရှာကြသည်။ ဆရာကြီးက ပြုံး၍ "ကျွန်တော်သယ်ဆောင်သွားမယ့်ရတနာက ခင်ဗျားထင်တဲ့ရတနာမဟုတ်ပါဘူး။ အိန္ဒိယပြည်က မြန်မာပြည်ရောက်နေတဲ့ ရတနာပါ။ ပင်ရင်းက အိန္ဒိယကပါ။ အခု အိန္ဒိယမှာမရှိတော့ဘူး။ ဒါကြောင့်မို့ အိန္ဒိယကို ပြန်သယ်ဆောင်သွားမလို့။ အဲဒီလို သယ်ဆောင်သွားတဲ့အတွက် မြန်မာပြည်မှာလည်း ဆင်းရဲမကျန်ခဲ့ပါဘူး။ ရတနာလက်မဲ့လည်း ဖြစ်မသွားပါဘူး။ ကျွန်တော့်မှာ ပါလာတဲ့ရတနာက ဓမ္မရတနာပါ"ဟု ရှင်းပြမှ အကောက်ခွန်အရာရှိများ ပြုံးနိုင်ရယ်နိုင် ရှိခဲ့ကြရသည်။

ဆရာကြီးဦးဂိုအင်ကာ၏ အဖိုးဖြစ်သူ ဗာဗာဂိုအင်ကာသည် ၁၈၇၇ ခုနှစ်၊ မင်းတုန်းမင်းကြီးလက်ထက်တွင် မန္တလေးမြို့၌ စတင်အခြေချခဲ့ပြီး စီးပွားကုန်သွယ်မှုလုပ်ငန်းများကို လုပ်ကိုင်ခဲ့သည်။ မန္တလေးမြို့တွင်ပင်ဖွားမြင်သော ဆရာကြီးဦးဂိုအင်ကာ၏ လက်ထက်တွင် စီးပွားရေးလုပ်ငန်းများသာမက ဝိပဿနာတရားစခန်းများကိုပါ ဖွင့်လှစ်နိုင်ခဲ့ပြီး သာသနာပြုလုပ်ငန်းများကိုပါ ဆောင်ရွက်နိုင်ခဲ့သည်။ ဆရာကြီးသည် အရွယ်ရောက်၍ လုပ်ငန်းခွင်ဝင်သောအခါ ပန်းဘဲတန်းမြို့နယ်တွင် နေထိုင်ခဲ့ပြီး အိန္ဒိယအမျိုးသားများထဲတွင် အောင်မြင်သောကုန်သည်တစ်ဦးဖြစ်ရုံသာမက အနုပညာလောက၊ စာပေလောကနှင့်လူမှုရေး စသောကိစ္စများ၌ တက်တက်ကြွကြွရှေ့တန်းက ဆောင်ရွက်ခဲ့သည်။ ဆရာကြီးသည် ငယ်စဉ်ကပင် စွဲကပ်ခဲ့သော ခေါင်းကိုက်ရောဂါကို နိုင်ငံခြားသို့သွားရောက်ကုသသော်လည်း မပျောက်ကင်းခဲ့ပေ။ နောက်ဆုံး တရားသူကြီးချုပ်ဦးချန်ထွန်း၏လမ်းညွှန်တိုက်တွန်းမှုဖြင့် ရန်ကုန်မြို့ရှိ ငွေစာရင်းမင်းကြီးဦးဘခင်၏ရိပ်သာသို့ ရောက်ရှိသွားခဲ့သည်။ ဆရာကြီးဦးဘခင်က "အိန္ဒိယကလာတဲ့ အမြင့်မြတ်ဆုံးအကျင့်ကို ကျွန်တော်သင်ပေးနေတာ။ ဒါကို တန်ဖိုးမချပါနဲ့။ ရောဂါတစ်ခုပျောက်ဖို့တင်ပဲမသုံးပါနဲ့ ဒီအကျင့်က ဒုက္ခကနေ ခင်ဗျားကို လွတ်မြောက်စေမှာပါ။ ခေါင်းကိုက်တဲ့ ဒုက္ခလေးတင်တော့ မဟုတ်ဘူး"ဟု ပြောခဲ့သည်။ ထို့နောက် ၁၀ ရက် တရားစခန်းဝင်၍ တရားအားထုတ်ခဲ့သည်။ သို့သော် တရားထူးမရမီ ပျင်းရိလာပြီး ရောဂါပျောက်မည်မထင်သဖြင့် ရိပ်သာမှ တိတ်တဆိတ် ထွက်ပြေးရန် အိပ်ရာလိပ်စသည့် ပစ္စည်းများကို အုတ်တံတိုင်းအပြင်သို့ ပစ်ချစဉ် ဆရာကြီးဦးဘခင် လှည့်ပတ်ကြည့်ရှုသည့်အချိန်နှင့်တိုးသဖြင့် ဆက်လက်တရားအားထုတ်ခဲ့ရသည်။ တရားအားထုတ်ရင်း ရောဂါများပျောက်ကင်းခဲ့ပြီး လယ်တီမူဝိပဿနာကျင့်စဉ်ကို ကမ္ဘာအရပ်ရပ်သို့ ပင်ဖြန့်ဝေပေးနိုင်သည့် ကမ္ဘာကျော် ကမ္မဋ္ဌာန်းနည်းပြဆရာကြီးဖြစ်လာခဲ့သည်။

ဆရာကြီးသည် ၁၉၆၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့အာရုံကြောရောဂါကုသရန် သွားရောက်နေသော မိခင်ကြီးနောက်သို့ လိုက်သွားခဲ့သည်။ "အိန္ဒိယက ဒို့မြန်မာနိုင်ငံကို တန်ဖိုးမဖြတ်နိုင်တဲ့ ဝိပဿနာတရားတော်ကြီးကို ပေးခဲ့တယ်။ အဲဒီအကြွေးကို တို့ပြန်ဆပ်ပေးရမယ်"ဟု မကြာခဏ ပြောလေ့ရှိသော ဓမ္မဖခင်ကြီး၏စကားကိုနှလုံးသွင်းဆင်ခြင်နေမိသည်။ အိန္ဒိယတွင် ရောဂါလုံးလုံးလျားလျား မပျောက်ကင်းသော မိခင်ကြီးကို ဝိပဿနာကျင့်စဉ်ဖြင့် ကုသပေးရန် ဆုံးဖြတ်ခဲ့သည်။ ဤသို့ဖြင့် ၁၉၆၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက်တွင် ဘုံဘေမြို့၌မိဘနှစ်ပါးနှင့် အခြားသင်တန်းသား ၁၂ ဦးတို့ဖြင့် ပထမဆုံး ဝိပဿနာသင်တန်းကို ဖွင့်လှစ်ခဲ့သည်။ ထို့နောက် အများတောင်းဆိုမှုကြောင့် ၁၉၇၁ ခုနှစ်၊ ဇန်နဝါရီလမှစတင်ကာ ဘုံဘေမြို့၌ တရားပတ် ၄ ကြိမ်၊ မဒရတ်မြို့၌ ၃ ကြိမ်၊ နယူးဒေလီမြို့၌ ၂ ကြိမ်၊ ဗုဒ္ဓဂယာ၌ ၂ ကြိမ်အပါအဝင် စုစုပေါင်း တရားပတ် ၂၇ ကြိမ် ဖွင့်လှစ်နိုင်ခဲ့သည်။ ထိုသို့ တရားပြနေစဉ် ဓမ္မဖခင်ကြီး ဦးဘခင် ကွယ်လွန်ကြောင်း ကြေးနန်းစာရရှိခဲ့သည်။ ဓမ္မဖခင်ကြီး၏ကျေးဇူးတရားကို ဓမ္မဖြင့်ဆပ်ရန် စိတ်ဆုံးဖြတ်ချက်ချခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ဆရာကြီး၏ယောဂီဖြစ်သူ အိန္ဒိယအရာရှိကြီးတစ်ဦးက အကျဉ်းသားများကို တရားပြပေးရန် အကူညီတောင်းခံခဲ့သည်။ ဆရာကြီးသည် တရားပြရာတွင် အကျဉ်းသားများနှင့် အတူနေထိုင်၍ တရားပြမည်ဟုဆိုသဖြင့် အကျဉ်းသားများနှင့် ထောင်အမှုထမ်းများသာ နေထိုင်ခွင့်ရှိကြောင်း ပြဌာန်းထားသည့် အကျဉ်းထောင်လက်စွဲဥပဒေကို ပြည်နယ်အစိုးရမှ ပြင်ဆင်ပေးခဲ့ရသည်။ ဆရာကြီးသည် ၁၉၇၆ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ဘုံဘေမြို့အနီး အေးချမ်းသော အီဂတ်ပူရီမြို့တွင် ဓမ္မဂီရိ ဝိပဿနာရိပ်သာကို စတင်တည်ထောင်ဖွင့်လှစ်ပြီး အိန္ဒိယနိုင်ငံအတွက်သာမက ကမ္ဘာတစ်ဝှမ်းလုံးသို့ ဓမ္မဆီမီးကို ထွန်းညှိခဲ့သည်။

ထိုအချိန်မှစ၍ အနောက်နိုင်ငံများက ဆရာကြီးကို တရားပြရန် အကြိမ်ကြိမ်ဖိတ်ခေါ်မှုများရှိလာသည်။ သို့သော် အနောက်နိုင်ငံများသို့ သွားရန် ပြည်ဝင်ခွင့်နိုင်ငံကူးလက်မှတ်အခက်အခဲရှိလာသဖြင့် ဆရာကြီးသည် ၁၉၇၉ ခုနှစ်တွင် မြန်မာနိုင်ငံသားအဖြစ်ကိုစွန့်လွှတ်၍ အိန္ဒိယနိုင်ငံသားအဖြစ် ခံယူခဲ့သည်။ ဆရာကြီးဦးဂိုအင်ကာသည် အိန္ဒိယသို့ပြန်သွားပြီးနောက် အိန္ဒိယပြည်တွင်းနှင့် ပြည်ပနိုင်ငံများ၌ ဝိပဿနာနှင့်ပတ်သက်၍ အောင်မြင်မှုများမှာ ဆထက်ထမ်းပိုး တိုးတက်များပြားခဲ့သည်။ မြို့ပေါင်းများစွာတွင် ဝိပဿနာရိပ်သာဌာနခွဲများ ဖွင့်လှစ်နိုင်ခဲ့သည်။ တရားထိုင်သည့် ယောဂီအရေအတွက်များပြားလွန်းသဖြင့် မြန်မာနိုင်ငံ ဆရာကြီးဦးဘခင် နိုင်ငံတကာတရားရိပ်သာမှ တရားပြဆရာများကို အကူအညီတောင်းခဲ့ရသည်။ ဆရာကြီးသည် မြန်မာနိုင်ငံအားကျေးဇူးပြန်ဆပ်လိုသော စိတ်ဆန္ဒဖြစ်ပေါ်လာခဲ့သည်။ ယင်းရည်ရွယ်ချက် အကောင်အထည်ဖော်သည့်အနေဖြင့် ၁၉၈၀ ပြည့်နှစ်၊ ၁၉၈၆ ခုနှစ်၊ ၁၉၉၀ ခုနှစ်များတွင် မြန်မာနိုင်ငံမှစာရေးဆရာယောဂီများကို အိန္ဒိယသို့ ဖိတ်ကြား၍ မိမိ၏ ဓမ္မလုပ်ငန်းများကို ပြသခဲ့သည်။ တည်ဆဲဥပဒေများနှင့် အခြားအခြေအနေများကြောင့် မြန်မာနိုင်ငံနှင့် ဆက်သွယ်မှုလျော့နည်းနေသည်ကို ပြန်လည်အစဖော်ရန် ကြိုးစားခဲ့သည်။

ဆရာပါရဂူ အစရှိသော ပုဂ္ဂိုလ်များသည် ဆရာကြီး၏ ဓမ္မနှင့်ပတ်သက်သော ကြိုးပမ်းဆောင်ရွက်ချက်များကို မြန်မာနိုင်ငံရှိ စာနယ်ဇင်းများတွင် ဆောင်းပါး၊ စာတမ်းများဖြင့် တင်ပြပေးခဲ့ကြသည်။ ဆရာကြီးဦးဂိုအင်ကာ၏ ဝိပဿနာနှင့်ပတ်သက်သော စာအုပ်များကိုလည်း မြန်မာပြန်ဆိုထုတ်ဝေကြသည်။ ထိုအချိန်တွင် မြန်မာနိုင်ငံအစိုးရက ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလာရာ ဆရာကြီးဦးဂိုအင်ကာ၏သားဖြစ်သူ ဦးရွှေသည် မြန်မာနိုင်ငံတွင် ဗန္ဓုလကုမ္ပဏီကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံသမ္မတဟောင်း ဒေါက်တာမောင်မောင်၏ကြိုးပမ်းမှုဖြင့် ဆရာကြီးသည် နိုင်ငံတော်ဧည့်သည်အဖြစ် ဖိတ်ကြားခြင်းခံခဲ့ရပြန်သည်။ "မိမိဇာတိနိုင်ငံသို့ လာရသည့်အတွက် ပီတိသောမနဿဖြစ်ရခြင်းထက် အဆပေါင်းများစွာ မိမိအနေနှင့် မြန်မာနိုင်ငံမှ ဆရာတော်ကြီးများ၏ရှေ့မှောက်၌ ဓမ္မနှင့်ပတ်သက်ပြီး မိမိသဘောပေါက်နားလည်ခြင်းများကို ရိုသေလေးစားစွာ လျှောက်ထားရှင်းလင်းပြောပြခွင့် ရရှိမည်ဖြစ်သောကြောင့် ပိုမို၍ ပီတိသောမနဿ ဖြစ်ရသည်"ဟု ပြောကြားခဲ့သည်။

ဆရာကြီးသည် မြောက်ဥက္ကလာပ သီလရှင်ဆရာကြီး၏ဒေါ်ဓမ္မသီ၏ ကျောင်းတိုက်တွင် ၁၀ ရက်တရားစခန်းဖွင့်ခဲ့သည်။ အိန္ဒိယနိုင်ငံသို့ပြန်သွားချိန်တွင် ယောဂီများကို တနင်္ဂနွေနေ့တိုင်း တရားထိုင်ရန် ဓမ္မတာဝန်ပေးအပ်ခဲ့သည်။ ရန်ကုန်မြို့၌ ဓမ္မဇောတိရိပ်သာတရားဌာနကြီးကို ဖွင့်နိုင်ခဲ့သည်။ ရန်ကုန်မြို့တွင်သာမက မန္တလေးမြို့၊ မိုးကုတ်မြို့နှင့်အခြားမြို့နယ်များတွင်လည်း တရားစခန်းများဖွင့်လှစ်နိုင်ခဲ့သည်။ ရန်ကုန်မြို့၌ ဓမ္မဇောတိရိပ်သာဖွင့်လှစ်သောအခါ ဆရာမကြီးလူထုဒေါ်အမာ၏ မောင်ဖြစ်သူ ဒေါက်တာခင်မောင်အေးသည် မြန်မာလူမျိုးထဲမှတရားပြဆရာဖြစ်လာသည်။ ဆရာမကြီးလူထုဒေါ်အမာသည် ဒေါက်တာခင်မောင်အေးကို အကြောင်းပြု၍ ရန်ကုန်မြို့သို့ တကူးတကလာရောက်၍ တရားထိုင်ခဲ့သည်။ ဆရာကြီးဦးဂိုအင်ကာနှင့်ဆရာမကြီးလူထုဒေါ်အမာတို့ စကားပြောဖြစ်ရာ ဆရာကြီးက "မန္တလေးဇာတိချင်းဖြစ်လို့ စောစောကပဲ လူထုဒေါ်အမာရေးတဲ့ စာအုပ်များကို ဖတ်လာခဲ့တယ်။ မန္တလေးဇာတိချင်း ဖြစ်တဲ့အတွက်ကြောင့် တစ်ကြောင်း၊ စာပေအရဆက်သွယ်မှုရှိတဲ့အတွက်ကြောင့် တစ်ကြောင်း၊ ဒေါ်အမာကို တွေ့မြင်ချင်တာကြာပါပြီ။ ကျုပ် နည်းပေးလမ်းပြပြုလုပ်တဲ့ ဝိပဿနာတရားရိပ်သာမှာ လာထိုင်တဲ့ယောဂီတစ်ဦးအဖြစ်တွေ့ရတဲ့အတွက် အကြီးအကျယ်ဝမ်းသာအားရဖြစ်ရပါတယ်"ဟု ဖွင့်ပြောပြခဲ့သည်။ ဆရာကြီး မြန်မာနိုင်ငံသို့လာရောက်စဉ်တွင် ဓမ္မဟောပြောပွဲများကို ကျင်းပခဲ့သည်။ ဆရာကြီးက အင်္ဂလိပ်ဘာသာဖြင့်ဟောပြောပါက ဆရာကြီးဇေယျာမောင်က မြန်မာဘာသာသို့ပြန်ပေး၍ ဟိန္ဒီဘာသာဖြင့်ဟောပြောလျှင် ဆရာကြီးပါရဂူက မြန်မာဘာသာသို့ပြန်ပေးခဲ့ကြသည်။ ဆရာကြီး၏ ဝိပဿနာတရားစခန်းသတင်းသည် ကမ္ဘာအနှံ့မွှေးပျံ့ခဲ့သဖြင့် ကမ္ဘာပေါ်ရှိအဖွဲ့အစည်းကြီးငယ်များက ဟောပြောပို့ချရန် ဖိတ်ကြားခဲ့ရာ ကုလသမဂ္ဂအထွေထွေညီလာခံ၊ အိန္ဒိယပါလီမန်၊ ကမ္ဘာ့စီးပွားရေးဖိုရမ်၊ မက်ဆာချူး

ဆက် စက်မှုတက္ကသိုလ်၊ ဆီလီကွန်တောင်ကြားမှသည် အကျဉ်းထောင်များအထိ ဝိပဿနာတရားများကို ပို့ချခဲ့ရသည်။ ဒလိုင်းလားမားက အကူအညီတောင်းသဖြင့် တိဗက်ဘုန်းတော်ကြီးများကိုလည်း ဝိပဿနာတရားများ ပို့ချခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် ဆရာကြီး၏အဖိုးဖြစ်သူ မန္တလေးမြို့စတင်ရောက်ရှိသည့် ၁၂၅ နှစ်ပြည့်အဖြစ် "ဓမ္မနိုင်ငံမှာ ၁၂၅ နှစ်ကြာ (125 Years in Dhamma Land)" အခမ်းအနားကြီးကို ခမ်းနားသိုက်မြိုက်စွာကျင်းပခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် စတင်အုတ်မြစ်ချခဲ့သော ရွှေတိဂုံစေတီတော်ပုံတူကမ္ဘာ့ဝိပဿနာစေတီတော်မြတ်တစ်ဆူကို ၂၀၀၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ ဘုံဘေမြို့တွင် အောင်မြင်စွာတည်ထားနိုင်ခဲ့သည်။ ၎င်းစေတီ၏ လိုဏ်ဂူတော်သည် ပေ ၂၈၀ ကျယ်ဝန်းပြီးကမ္ဘာ့အကြီးဆုံးသော ဂူဘုရားကြီးတစ်ဆူဖြစ်သည်။ ယောဂီ ၈၀၀၀ ခန့် တစ်ပြိုင်တည်း တရားအားထုတ်နိုင်လေသည်။ ဆရာကြီးသည် ဓမ္မမိတ်ဆွေ ၁၅၀ ခန့်နှင့်အတူ မြန်မာနိုင်ငံသို့ နောက်ဆုံးခရီးစဉ်အဖြစ် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်မှ ၃၀ ရက်အထိ လာရောက်လည်ပတ်ခဲ့ပြီး "ဓမ္မနိုင်ငံမှာ ၁၃၅ နှစ်ကြာ (135 Years in Dhamma Land)"ဟူသော ဓမ္မညီလာခံကြီးကို ရန်ကုန်မြို့ အမျိုးသားပြဇာတ်ရုံတွင် ၂ ရက်ကြာ ကျင်းပခဲ့သည်။ ဝိပဿနာဆိုင်ရာ တရားဒေသနာများကို အင်္ဂလိပ်၊ မြန်မာ ၂ ဘာသာဖြင့် ဟောကြားခဲ့သည်။ ဆရာကြီးသည် အသက် ၉၀ အရွယ် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်တွင် အိန္ဒိယနိုင်ငံ ဘုံဘေ (မွန်ဘိုင်းမြို့) နေအိမ်၌ ကွယ်လွန်ခဲ့လေသည်။

ဆရာကြီး ဦးဂိုအင်ကာသည် ၁၉၅၀ ဝန်းကျင်တွင် ဧရာဝတီကဗျာရှည်ကြီးကို ဟိန္ဒီဘာသာဖြင့်ဖွဲ့ဆိုခဲ့သည်။ ဖွဲ့နွဲ့မှုအားကောင်းပြီး၊ သံစဉ်များက နားဝင်ချိုလွန်းလှသဖြင့် ပရိတ်သတ်၏အားပေးမှုနှင့်အတူ မော်စကိုရေဒီယိုကလည်း အသံလွှင့်ပေးခဲ့သည်။ မြန်မာနိုင်ငံအပေါ်၊ ဧရာဝတီမြစ်အပေါ် ဆရာကြီး၏ချစ်ခင်မြတ်နိုးစိတ်သည် ပေါ်လွင်လှသော "အိုဘယ့် အို ဧရာဝတီ- သင်ဟာ မြစ်များစွာအနက်မှ မြစ်တစ်စင်း၊ သင်ဟာ ငါတို့ပြည်မြန်မာရဲ့ ထာဝရစီးဆင်းမြစ်မင်းဧရာ"အစချီ ကဗျာရှည်ကြီးဖြစ်သည်။ ဆရာကြီး၏ အရိုးပြာအိုးရေမျှောပွဲကို မန္တလေးမြို့ ဧရာဝတီမြစ်အတွင်းတွင် ကျင်းပပြုလုပ်ရန် အရိုးပြာအိုးအား အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၇ ရက်နေ့တွင် သယ်ဆောင်ခဲ့ကြသည်။ အောက်တိုဘာလ ၁၀ ရက်တွင် အရိုးပြာအိုးရေမျှောပွဲကို ဧရာဝတီမြစ်အတွင်း ကျင်းပခဲ့သည်။ "စစ်ကိုင်းတံတားမရောက်ခင် ရေကြောင်းအတိုင်း မန္တလေးဘက်ကိုပြန်ဆန်တက်လာပြီး ဘောဂကြီးဆိပ်နဲ့ ရေပေါ်ဟိုတယ်ကြားရှိ မြစ်ရေပြင်မှာ ဆရာကြီးရဲ့ ဆွေတော်မျိုးတော်တွေကိုယ်တိုင် ရေမျှောပူဇော်ခဲ့ကြပြီး မီးရှူးမီးပန်းတွေလည်း ပစ်ဖောက်ခဲ့ကြတယ်"ဟု ဆရာကြီး၏ဆွေမျိုးတစ်ဦးက ပြန်လည်ပြောကြားခဲ့သည်။ သီတဂူဆရာတော်ကြီးက "အနောက်တောင်လေလာလျှင် ဂင်္ဂါက ရေခိုးရေငွေ့တို့သည် ဧရာဝတီသို့ရောက်ရှိလာကုန်၏။ အရှေ့မြောက်လေလာပြန်သော် ဧရာဝတီကလည်းဂင်္ဂါသို့ ရေကြည်ရေအေးတွေ ပြန်ပို့ပါသည်။ ဓမ္မ၏မွေးရပ်မြေသို့ ဓမ္မကိုပြန်ပို့၍ အစားထိုးနိုင်စွမ်း ရှိပေသော ဆရာဂိုအင်ကာကို ဂုဏ်ပြုပါသည်။ ပန်းသူနွမ်းသူတို့ကို ဧရာဝတီရော ဂင်္ဂါကပါ လှမ်းကြိုပါသည်"ဟုမိန့်ကြားခဲ့လေသည်။

**ရည်ညွှန်း - ဓမ္မနိုင်ငံမှာ ၁၃၅ နှစ်ကြာ (135 Years in Dhamma Land)စာစောင်**
**ဂိုအင်ကာနှင့် သူ၏ခေတ်ပြိုင်များ (ပါရဂူ)**
**FASHION IMAGE MAGAZINE (2013)**

# ငေါ့ချန်းခ (မေခ) မြစ်ပေါ်တွင် တည်ဆောက်မည့် ရေကာတာစီမံကိန်းများ ထာဝရရပ်တန့်ရေး ဒေသခံများ ဆွေးနွေး




မြစ်ကြီးနား၊ ဇူလိုင် ၂၄

ချီဖွေမြို့နယ် ငေါ့ချန်းခမြစ်ပေါ်တွင် တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်းလေးခုနှင့်စပ်လျဉ်း၍ ရွှေ့ပြောင်းခံရမည့် ဒေသခံပြည်သူများ၏ လူမှုဘဝထိခိုက်နစ်နာမှုများရှိနိုင်သည့်အတွက် စီမံကိန်းဆက်လက်မပြုလုပ်ရန် ဒေသခံများက သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ ရှင်းလင်းပွဲကို မြစ်ကြီးနားမြို့ Hotel Madira တွင် ဇူလိုင်လ ၂၃ ရက်က ဒေသခံကိုယ်စားလှယ်များနှင့် Transparency and Accountability Network Kachin State (TANKS)အဖွဲ့တို့မှ ပူးပေါင်းလုပ်ဆောင်ခြင်း ဖြစ်သည်။

"ရေကာတာပြုလုပ်မှ ကျွန်တော်တို့ဒေသမှာ လမ်းရမယ်၊ မီးရမယ်၊ ကျောင်းရမယ်ဆိုရင် အစိုးရမလိုတော့ဘူး။ ကျွန်တော်တို့သိတာက အဲဒါတွေက အစိုးရမှာတာဝန်ရှိတယ်လို့သိထားပါတယ်။ ကုမ္ပဏီတွေဝင်မှရမယ်ဆိုရင် အစိုးရလိုဘူးလို့ ကျွန်တော်ခံယူပါတယ်"ဟု ချီဖွေဒေသခံများကိုယ်စား ဦးဇောင်းဒိုင်းက ပြောသည်။

ယင်းဒေသတွင် ခေတ်အဆက်ဆက်ကတည်းက ထင်းရှူးဆီကို အသုံးပြုခဲ့ကြရာမှ ယနေ့ခေတ်တွင် တရုတ်နိုင်ငံမှ ထုတ်သည့် ကိုယ်ပိုင်ရေအားလျှပ်စစ်စက်၊ ရွာပိုင်ရေအားလျှပ်စစ်များဖြင့် ဒေသအတွက် လုံလောက်သည့် မီးပမာဏကို ရယူသုံးစွဲနေသည့် အတွက် ကုမ္ပဏီဝင်ကာ ရေကာတာကြီးပြုလုပ်မည်ကို လုံးဝသဘောမတူနိုင်ကြောင်း ဒေသခံများက ပြောသည်။

လက်ရှိချီဖွေငယ် ရေအားလျှပ်စစ်မီးသည်လည်း ဒေသခံများ မရရှိသည့်အပြင် ရေအားလျှပ်စစ်ဓာတ်အားရုံမှ ထွက်လာသည့် ဘေးထွက်ဆိုးကျိုးမှန်သမျှကို ဒေသခံတိုင်းရင်းသားများ ခံစားနေရသဖြင့် ငေါ့ချန်းခမြစ်ပေါ်တွင် ထပ်မံပြုလုပ်မည့်ရေကာတာများကိုခွင့်မပြုနိုင်ကြောင်းလည်း ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

"အခုရှိနေတဲ့ ရေအားလျှပ်စစ်စက်ရုံကမီးကိုတောင် ချီဖွေဒေသအတွင်းမှာ မီတာခအများကြီးဆောင်နေရတယ်။ မီးကြိုးကတော့ အပေါ်ကနေဖြတ်သွားတယ်။ အပင်တောင်ပြန်စိုက်လို့မရဘူး။ ရွာထဲမှာတော့မီးမရဘူး။ စစ်ကိုင်းဘက်ကိုတော့ မီးသွားပေးနေတယ်။ ဒေသခံတွေက ပေးဆပ်ရတာပဲရှိပြီး အကျိုးတော့မခံစားရဘူး"ဟု ဦးဇောင်းဒိုင်းက ပြောသည်။

ဒေသခံများအနေဖြင့် ပြောင်းရွှေ့ပေးမည် ဆိုပါကလည်း မြစ်ဆုံဒေသခံများကဲ့သို့ ဒုက္ခခံရမည်ကို စိုးရိမ်နေကြကြောင်းနှင့် နဂိုကဒေသခံများပိုင်သည့်မြေများ၊ တောင်များကို ပိုင်ဆိုင်ခွင့်ရရှိတော့မည်မဟုတ်သည့်အတွက် လုံးဝပြောင်းရွှေ့ရန် သဘောမတူနိုင်ကြောင်း ဒေသခံများက ပြောသည်။

"ပြောင်းရွှေ့လိုက်မှပဲ မီးရမယ်၊ ကျောင်းရမယ်၊ လမ်းရမယ်ဆိုရင် ကျွန်တော်တို့ဒေသခံတွေ ဘာမှမလိုချင်တော့ဘူး" ဟုဦးဇောင်းဒိုင်းကပြောသည်။

ရေကာတာများ စီမံကိန်းသည် ၂၀၀၉ - ၁၀ ခုနှစ်က စတင်ဝင်ရောက်လာပြီး သမ္မတဦးသိန်းစိန်က မြစ်ဆုံဆည်နှင့်အတူ ဆိုင်းငံ့ထားခြင်းတို့ကြောင့် ရပ်နားခဲ့ခြင်းဖြစ်ကာ လက်ရှိအစိုးရကလည်း စာချုပ်ကို ပွင့်လင်းမြင်သာစွာချပြမည်ဟု မဲဆွယ်ကာလတွင် ပြောကြားခဲ့သော်လည်း ယခုတိုင် ပြတ်သားသည့်အဖြေမထုတ်နိုင်သေးသည့်အတွက် ထာဝရရပ်တန့်သွားရန် ဆက်တိုက် ကန့်ကွက်မှုများ ပြုလုပ်နေရခြင်း ဖြစ်သည်ဟုလည်း ဆိုသည်။

ရေကာတာပြုလုပ်မည့်စီမံကိန်းနှင့်စပ်လျဉ်း၍ စစ်အစိုးရအနေဖြင့် ဒေသခံများ၊ လူမျိုးစု/မျိုးနွယ်စု အကြီးအကဲများနှင့် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများကို လာရောက်အသိပေး၊ ဆွေးနွေး၊ ညှိနှိုင်း၊ တိုင်ပင်ခြင်းများ အရင်ပြုလုပ်ရမည်ဖြစ်သော်လည်း ပြုလုပ်ခြင်းမျိုးမရှိခဲ့ကြောင်း သိရသည်။

ရေကာတာပြုလုပ်ပါက ထိခိုက်နိုင်သည့် ထန်းဒုံ၊ ကျင်းယော့၊ ဖျင်းလော့၊ ထွန်းရှိန်၊ ဆော့လန်၊ ဗွေလပ်၊ ငမော်ဇွပ်၊ လောင်ဒယ် စသည့်ကျေးရွာပေါင်းရှစ်ရွာ၏ လက်ရှိလူမှုဘဝနေထိုင်မှုနှင့် မိသားစုဝင်ငွေများဆိုင်ရာ အချက်အလက်များကနဦး စစ်တမ်းကောက်ယူခဲ့ကြောင်း သိရသည်။

ဒေသခံများက TANKS အဖွဲ့ကို အကူညီတောင်းခံကာ ၎င်းတို့၏ ဒေသများသို့သွားရောက်ကာ ယခင်နှစ်ဇူလိုင်လက ကနဦးစစ်တမ်းကောက်ယူခြင်းများပြုလုပ်ကာ သုတေသနတွေ့ရှိချက်အစီရင်ခံစာ အကျဉ်းချုပ်ကို ရှင်းလင်းပွဲတွင် ပြောကြားခဲ့ကြောင်း သိရသည်။


"ကျွန်မအမြင်ကို ပြောရမယ်ဆိုရင် အခုလည်းသူတို့က မီးသုံးနေတာဖြစ်တဲ့အတွက် သူတို့ဒေသခံဖွံ့ဖြိုးဖို့ ဆည်ကြီးတည်ဆောက်မှုပဲ ဖွံ့ဖြိုးမယ်ဆိုတာကတော့ မှားပါတယ်။ နိုင်ငံတော်ရဲ့ ဒေသဖွံ့ဖြိုးရေးဆိုတဲ့ ခေါင်းစဉ်အောက်မှာ ကျောင်း၊ လမ်း၊ ကျန်းမာရေး၊ မီးဆိုတာတွေပါတယ်။ အချိန်တန်ရင် သူတို့ရမှာဖြစ်တယ်"ဟု TANKS စီမံကိန်းမန်နေဂျာ ဒေါ်ဂျာခေါ်လုက ပြောသည်။

ဒေသခံများ၏ အတွေးအခေါ်တွင် ဆည်တည်ဆောက်မှ မီးရရှိပြီး ဖွံ့ဖြိုးမည်ဆိုသည့် အတွေးကို ထည့်မပေးဘဲ နိုင်ငံတော်အတွက် အကျိုးအမြတ်ရနိုင်သည့်နေရာ ဟုတ်မဟုတ်၊ သဘာဝသားငှက်တိရစ္ဆာန်များကို ကွယ်ပျောက်သွားရန်မည့်အရေးတို့ကို ထည့်သွင်းစဉ်းစားပေးစေချင်ကြောင်း ဒေါ်ဂျာခေါ်လုကပြောသည်။

မွန်းမွန်းပန်

# စာအုပ်စင်ကဏ္ဍ

**ညီထွန်းလင်း**




| အချိုးအကွေ့တစ်ခု၏ဆုံမှတ်များ |
|---|
| စာရေးသူ = မေခအောင် |
| စာအုပ်တိုက် = စိတ်ကူးချိုချိုပုံနှိပ်တိုက် |
| တန်ဖိုး = ၂၅၀၀ ကျပ် |

ဆရာမမေခအောင် မြစ်ကြီးနားသတင်းဂျာနယ်တွင် ရေးသားခဲ့သော ဆောင်းပါးများကို စုစည်းထားခြင်းဖြစ်ပါသည်။ အတွေးထက်ထက်၊ အရေးထက်ထက်ဖြင့် ပညာရေးလောက၊ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး စသော နယ်ပယ်ပေါင်းစုံတို့မှ ဖြစ်ရပ်များ အတွေးအမြင်များကို ဝေဖန်သုံးသပ်စေ့ငုထားသော ဆောင်းပါးကောင်းများ ဖြစ်ကြပါသည်။ ပညာရေးဝန်ထမ်းတစ်ဦးဖြစ်သော ဆရာမမေခအောင်က ပညာရေးလောက အကြောင်းများကို အဓိက ဇောင်းပေးရေးသားထားသော စာများလည်း ဖြစ်ကြသည်။ အမှတ်ရချက် ဆောင်းပါးရှည်ကြီးကိုလည်း ယခုစာအုပ်တွင် ဖတ်ရှုကြရမည် ဖြစ်ပါသည်။

"ညကတည်းက တစိမ့်စိမ့် ရွာသွန်းနေခဲ့သောမိုးက မနက်အလင်းမှာတော့ သည်းလာခဲ့သည်။ ထုံးစံမ ပျက်ဆိုသလိုပင်၊ နံနက် ၇နာရီထိုးခါနီးမှာ ပိုသည်းလာသည်။ ၈နာရီထိုးခါနီးမှာကား ပို၍ပို၍ သည်းလာသည်။ မိုးအနည်းငယ်စဲမှ ကျောင်းသွားမည်ဟု စိတ်ကူးထားသည်ကို ဖျက်လိုက်ရသည်။ မစဲသည့်အပြင် ကောင်းကင်တစ်ခုလုံး မည်းမှောင်နေပြီး တဝေါဝေါရွာချလာ၍ဖြစ်သည်။ သည်နေ့က ရှစ်နာရီထက် နောက်ကျ၍မဖြစ်။ ကျောင်းကောင်စီအသင်းငါးသင်းဦးဆောင်သည့် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ အတွက် ရှစ်နာရီအရောက်သွားမှဖြစ်မည်။ လမ်းမပေါ်တွင်တော့ မသွားမဖြစ်သွားလာလှုပ်ရှားနေရသည့် ဆရာ၊ ဆရာမများ၊ ကျောင်းသူကျောင်းသားများ၊ ဆိုင်ကယ်ဈေးသည်များ၊ ဈေးသွားဈေးပြန်များ၊ သုံးဘီးဆိုင်ကယ်များ၊ ဆိုက်ကားများ စသည် စသည်ဖြင့်။ အားလုံးမှာလည်း ရွှဲရွှဲစိုစက်စက်ကျ။

ကျောင်းရောက်တော့ ဆိုင်ကယ်ထားနေကျ ခန်းမရှေ့မှာ ရေစဝင်နေပြီ။ မိုးတော်တော်များမှ ထိုသို့ဝင် ခြင်းဖြစ်သည်။ သည်နေရာမှာက အဆင်အပြေဆုံးဖြစ်၍ နောက်ထပ်တက်မည်ဟုလည်း ထင်မထား၍ ဆိုင်ကယ်သော့ခတ်ကာ ကျောင်းပေါ်တက်ခဲ့သည်။ ကိုးနာရီမှာ ကျောင်းသားများအား နေရာချပေးရန်ဆင်းလာချိန်တွင်ကား ဆိုင်ကယ်များ ဘီးတစ်ဝက်နီးပါး နစ်မြုပ်နေလေပြီ။ ဓာတုဗေဒလက်တွေ့ခန်း ရေစဝင်နေပြီမို့ ပစ္စည်းများ စားပွဲပေါ်တင်နေကြလေပြီ။ သည်မျှအခြေအနေဆိုးနေလျှင် မြို့၏နေရာတော်တော်များများ ရေလွှမ်းနေမှာ သေချာပြီ။ (စာ-၄၄ ဉ်အဖြစ်မျိုးမှ မှ)



| ဖွင့်ကြည့်မိတဲ့တိမ် |
|---|
| စာရေးသူ = မိုးသက်ဆွေ |
| စာအုပ်တိုက် = ဥတ္တရလမင်း စာပေ |
| တန်ဖိုး = ၂၅၀၀ ကျပ် |

ရွှေအမြုတေ၊ ကလျာ၊ မဟေသီ၊ ပေဖူးလွှာ၊ စတဲ့မဂ္ဂဇင်းတွေမှာ ရေးသားဖော်ပြခဲ့တဲ့ ဝတ္ထုတို ၁၅ ပုဒ် စုစည်းမှုဖြစ်ပါတယ်။ "ဝတ္ထုတိုတွေမှာ ဇာတ်ကြောင်းပြောဖို့ အားသန်တတ်ကြပြီး အခင်းအကျင်းနဲ့ပြဖို့ အားနည်းတတ်ကြပါတယ်။ ဆရာမိုးသက်ဆွေကတော့ အပြောကိုပဲ အပြအတွက် အဓိကထား ရေးဖွဲ့သွားတယ်လို့ ဆိုနိုင်နေပါတယ်။ အခင်းအကျင်းတစ်ခုကို ဇာတ်ကောင်တစ်ကောင်က ပြောပြနေပေမယ့် စာရေးသူရဲ့ အပြောတွေက အဲဒီဇာတ်ကောင်ထဲကို သိပ်စွက်ဖက်တာမျိုး မမြင်မိပါဘူး။ ဒါကြောင့် အခြေအနေတစ်ရပ်၊ အကျပ်အတည်းတစ်ခုကို ပြောပြီးပြသွားပေမယ့် အဲဒါဟာ ဘာပဲလို့ တပ်အပ်စွပ်စွဲ ပြောဆိုလိုက်တာမျိုး ဒီဝတ္ထုတွေမှာ တွေ့ရနည်းပါတယ်" လို့ ဆရာမမသီတာ(စမ်းချောင်း)က အမှာစာမှာ ရေးသားဖော်ပြထားပါတယ်။

"အဲသည်လိုအဖြစ်မျိုး ခံစားမှုမျိုး သူ့ဆီမှာ ဖြစ်ပေါ်နေသည်ကို သူ့မိန်းမကတော့ လုံးဝရိပ်မိခြင်းမရှိချေ။ ရိပ်မိသွားလျှင်လည်း သူရှက်လို့ဆုံးမှာ မဟုတ်တော့။ အမှန်တကယ်တော့ ထိုကိစ္စကို ဖြေရှင်းဖို့ သိပ်ခက်ခဲနေတာမျိုးလည်း မဟုတ်ပါဘူး။ သူကခပ်တည်တည်နှင့် ထိုကုလားထိုင်တွင် ဝင်ထိုင်ပြီး စားလိုက်လို့လည်း ဘာမှမဖြစ်ပါဘူး။ အမျိုးသမီးကလည်း ဘာမျှပြောမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ အဲဒီလိုလုပ်ဖို့ သူ့စိတ်ထဲတွင် တစ်စုံတရာက တားဆီးထားသလို ဖြစ်နေသည်။ ထိုအရာဟာ ဘာဖြစ်မလဲဟု သူမကြာခဏတွေးကြည့်မိသည်။ အရှက်အကြောက်တရားလား။ ဒါမှမဟုတ် ငါ အိမ်ထောင်ဦးစီး၊ ငါ အဲဒီကုလားထိုင်မှာထိုင်မယ်ဆိုပြီး ဗီတိုအာဏာသုံးဖို့ကို ရှက်ကြောက်နေမိတာလား။ ဒါမှမဟုတ် သူများမပေးသည့် နေရာကို အတင်းယူဖို့ ဝန်လေးနေတာများလား။ သူက သူ့ကိုယ်သူ အိမ်ထောင်ဦးစီးဟု ထင်မြင်ယူဆထားသော်လည်း အမှန်တကယ်တမ်းတွင် သူ့ဝင်ငွေမှာ သူ့အမျိုးသမီးဝင်ငွေနှင့် နှိုင်းယှဉ်လျှင် အလွန်တရာနည်းပါးလှပါသည်။ အဲဒီအတွက် သူ့စိတ်ထဲ တွင်သိမ်ငယ်စိတ်ဝင်နေတာများလား။ အဲသည်ထဲက တစ်ခုခုသို့မဟုတ် အားလုံးသည် သူ့ကိုထိုကုလားထိုင်တွင် ထိုင်ဖို့ တားဆီးနေတာ ဖြစ်နိုင်သည်။

ကြာလာတော့ သူ ထမင်းစားရမှာကိုပင် ကြောက်သလိုဖြစ်လာသည်။ ထမင်းစားရတော့မည်ဟု သူ့ ခေါင်းထဲအချက်ပြလာလျှင် သူ့စိတ်တို့မှာ ရုတ်ချည်းပင် ကျောက်တုံးကျောက်ခဲတစ်လုံးချိတ်ဆွဲခံလိုက်ရသူလို လေးလံဖိစီးသွားတော့သည်။ သို့နှင့်သူသည် ညနေစာကို အမျိုးသမီးနှင့် အတူတူမစားတော့ချေ။ ဗိုက်မဆာသေးလို့၊ ဗိုက်အောင့်နေလို့၊ စောစောကမှ မုန့်တစ်ခုခုစားထားလို့စသည့် အကြောင်းပြချက်တစ်ခုခုပေးကာ ရှောင်နေလိုက်တော့သည်။" (စာ - ၅၆ ကုလားထိုင် မှ)

---

စာ - ၈ မှ »

(၉၉)မီဂါဝပ်လောက်ပဲ ထုတ်လုပ်နိုင်တဲ့ ချီဖွေငယ်ဓာတ်အားပေးစက်ရုံထက် လျှပ်စစ်စွမ်းအင်ကို သာလွန်အောင် ထုတ်လုပ်နိုင်မယ့် အနေအထားမျိုးဖြစ်ပါတယ်။ မြန်မာပြည်မှာဆိုရင် ဒီလိုအခြေအနေတွေနဲ့ပြည့်စုံတဲ့ ရေအရင်းမြစ်တွေက ရာနှင့်ချီပြီးကို ရှိနေတာပါ။ နိုင်ငံရဲ့ အနောက်ပိုင်းမှာဆိုရင်လည်း နတ်မြစ်၊ မယူမြစ်၊ လေးမြို့မြစ်နဲ့ အတ္တရံမြစ်တွေရှိနေပါတယ်။ ပညာရှင်တွေက တိကျတဲ့သုတေသနတွေပြုလုပ်ကြပြီးမြန်မာပြည်သူလူထုအပေါ် သိက္ခာရှိရှိပွင့်လင်းမြင်သာအောင်ချပြပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ဖို့ပဲ အရေးကြီးတာပါ။ လုံလောက်တဲ့ လျှပ်စစ်စွမ်းအင်မရှိရင် တိုင်းပြည်မတိုးတက်နိုင်ဘူးဆိုတဲ့ သဘောတရားကို အသိပညာပေးတဲ့အနေနဲ့ ပြောပြနေရလောက်အောင်တော့ မြန်မာပြည်သူတွေမညံ့ကြသေးဘူးဆိုတာကိုလည်း နားလည်ပေးစေချင်ပါတယ်။

အိမ်နီးချင်းတိုင်းပြည်တွေမို့နှစ်ဦးနှစ်ဘက်မေတ္တာမပျက်ဆက်လက်ရပ်တည်သွားနိုင်ကြဖို့ကိုလည်း မျှော်လင့်ပါတယ်။ အခုဆိုရင် လျှပ်စစ်တာဘိုင်တစ်လုံးကို (၃၃)မီဂါဝပ် ထုတ်လုပ်နိုင်တဲ့ တာဘိုင်(၃)လုံးတပ်ဆင်ထားပြီး (၉၉)မီဂါဝပ်ထုတ်လုပ်နိုင်တဲ့ ချီဖွေငယ်လျှပ်စစ်ဓာတ်အားပေးစက်ရုံက တာဘိုင်နှစ်လုံးတည်းလည်ပတ်နေပြီး(၆၆)မီဂါဝပ်ပဲ ထုတ်လုပ်နေတာပါ။ (၆၆)မီဂါဝပ်မှာတောင် နိုင်ငံတော်အစိုးရအနေနဲ့ လျှပ်စစ်ဓာတ်အားလိုင်းကွန်ရက်တွေ ချိတ်ဆက်မပေးနိုင်သေးတာကြောင့် ဘူးဂါး ကုမ္ပဏီက ဝယ်ယူဖြန့်ဖြူးနေတဲ့ (၃၀%)ရာခိုင်နှုန်းကလွဲလို့ကျန်မီဂါဝပ်အတော်များများအလဟဿဖြစ်နေရတယ်လို့ SPIC (CPI ) ကုမ္ပဏီရဲ့တာဝန်ရှိသူတွေက ပြောပါတယ်။ နောက်ပြီး "ခင်ဗျားတို့ SPIC (CPI)ကော်ပိုးရေးရှင်းကHydro Power (ရေအားလျှပ်စစ်) စက်ရုံတစ်မျိုးတည်းကိုပဲ တာဝန်ယူတည်ဆောက်ပေးတာလား" ဆိုတဲ့မေးခွန်းကိုတော့ ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံအပြင်၊ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံတွေ၊ သဘာဝဓာတ်ငွေ့သုံးစက်ရုံတွေနဲ့ အဏုမြူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတွေကိုပါ မိမိတို့ကုမ္ပဏီအနေနဲ့ကမ္ဘာအနှံ့ တာဝန်ယူဆောက်လုပ်ပေးနိုင်ကြောင်း ဖြေကြားသွားပါတယ်။ တိုင်းပြည်တစ်ခု တိုးတက်ဖို့အတွက် အဓိကကျတဲ့ လျှပ်စစ်စွမ်းအင် အပြည့်အဝရရှိဖို့ဆိုတာကတော့ အဏုမြူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံကလွဲလို့ အခြားမဖြစ်နိုင်တာမို့မြန်မာပြည်အတွက်ငြိမ်းချမ်းရေးရဖို့ကသာ အဓိကကျတာပါလို့ပဲ ပြောလိုက်ချင်ပါတယ်။

မြတ်သွေးထက်

---

**မိခင်အမည်မှန်မှာ**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊
အ.ထ.က(၃) တွင်ပညာသင်ကြားနေသော
မမျိုးသန္တာငြိမ်း(IVA) မခိုင်သန္တာငြိမ်း(IC)
တို့၏ မိခင်အမည်မှန်မှာ ဒေါ်လောမေ(ခ)ကျန်းရင်
ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဒေါ်လောမေ(ခ)ကျန်းရင်**
**၁/ဝမန(နိုင်) ဝ၅၁၈၃၄**

**အမည်ပြောင်းအသိပေးကြေညာခြင်း**

ကချင်ပြည်နယ်၊ ပူတာအိုမြို့၊ အစိုးရနည်းပညာအထက်တန်း
ကျောင်းတွင် တက်ရောက်နေသော မောင်ဖုန်ဆားရ်ဖေရမ်၊
အဘဦးဖုန်ဆားရ်ခင်ဟု မှားယွင်းနေပါသဖြင့် ၎င်းတို့၏
နာမည်ရင်းမှန်မှာ မောင်ဖုန်ဆန်ဖေရမ်
(၁/ပတအ (နိုင်)ဝ၅၆၅၅၃ နှင့် အဘ ဦးဖုန်ဆန်ခင်
၁/ပတအ(နိုင်)ဝဝ၅၉၈၁ဖြစ်ကြောင်း
အသိပေးကြေညာအပ်ပါသည်။

**ဒုဏ္ဍန်၊ ရပ်ကွက် (၅)**

# ကိုးရီးယားရဲ့ဘာဘီကျူး ယဉ်ကျေးမှု



အသားကင်ခေတ်ရောက်နေတယ်လို့ပြောရမလား နိုင်ငံတော်တော်များများကနေ မြန်မာ တစ်နိုင်ငံလုံးနီးပါး အခုဆို မြစ်ကြီးနားမြို့ တစ်မြို့လုံးမှာလည်း ဆိုင်မျိုးစုံနဲ့ ဟိုဟိုဒီဒီ လက်ညှိုးထိုးမလွဲ တွေ့မြင်နေရတယ်။ ညနေစောင်းတာနဲ့ လမ်းတိုင်း လမ်းတိုင်းနီးပါးက အကင်ဆိုင်လေးတွေမှာ အသားကင်နံ့တွေ လှိုင်လို့။

အရင်ကဆို ညနေပိုင်း ဘီယာဆိုင် အရက်ဆိုင်တွေမှာ အမြည်းအဖြစ်လောက်ပဲ အကင်တွေ ရောင်းတာတွေ့ရပေမယ့် အခုနောက်ပိုင်း အကင်ချည်းပဲ သီးသန့်ဆိုင်တွေနဲ့ အဝစားဘူဖေးဆိုင်တွေ အများအပြား အပြိုင်အဆိုင်ဖွင့်လာကြတာ တွေ့ရတယ်။ ဘယ်ဆိုင်က Discount တဲ့ ဟိုဆိုင်က ပိုတန်တယ်တဲ့ ဒီဆိုင်က အဝစားမှဘယ်လောက်တဲ့ တန်တယ်ဆိုပြီး တစ်မြို့လုံးနီးပါးမှာ အကင်ဆိုင်တွေမှာ ရုံးပိတ်ရက်တွေမှာ ထိုင်စရာခုံမရှိလောက်အောင် လူပြည့်နေတတ်တာ တွေ့နေရပါတယ်။

ဘာဘီကျူးယဉ်ကျေးမှုရဲ့ အစက ကိုးရီးယား၊ တရုတ်နဲ့ ထိုင်းနိုင်ငံတွေကနေ ဝင်ရောက်လာတာလို့ပဲ ပြောရမလား။ ဗိုင်းရပ်လို ကူးစက်တာလည်းမြန်ရဲ့။ ဆိုင်စားတင်မကတော့ဘဲ အိမ်မှာ အလွယ်တကူ ချက်စား ကင်စားဖို့ အကင်ဟော့ပေါ့အိုးတွေ ပုံစံမျိုးစုံနဲ့ ဈေးကွက်ထဲ ဝင်ရောက်လာတာလည်း မှိုလိုပေါက်လို့ပါပဲ။

အဲဒါတွေ ထားလိုက်ပါ။ အခုပြောချင်တာက ကျန်းမာရေးအတွက် အကင်ရဲ့ ဘေးထွက်ဆိုးကျိုးတွေကိုတော့ စာဖတ်ပရိသတ်ကြီးလည်း အနည်းအကျဉ်းတော့ သိကြမှာပါ။

အကင်ကြောင့် ကင်ဆာရောဂါနဲ့ တခြားရောဂါ(သံထခြင်း)၊ အစာအဆိပ်သင့်ခြင်းတွေ ဖြစ်ပေါ်နိုင်ပါတယ်။ ဟိုးအရင်ကတည်းက အကင်မျိုးစုံ စားသုံးခဲ့ကြပေမယ့် ရိုးရိုးအသားငါးကင်နဲ့ အသီးအရွက်တွေကိုသာ ကင်စားခဲ့ကြတာဖြစ်တဲ့အတွက် လေဖြတ်တာတွေ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါတွေ မဖြစ်ခဲ့ကြတာပါ။ အခု အမည်မသိတဲ့အသားတွေ၊ အိမ်နီးချင်းနိုင်ငံတွေက ဝင်ရောက်လာတဲ့ အေးခဲအသားတွေ၊ ရက်လွန်အသားတွေ တော်တော်များများအသုံးပြုနေကြတာကြောင့် ကင်ဆာလိုမျိုး ထူးထူးဆန်းဆန်းရောဂါတွေ ပေါ်ပေါက်လာတာဖြစ်ပါတယ်။

အကင်ဆိုတာ သေချာချက်ပြုတ်ထားတာ မဟုတ်တဲ့အတွက် ဘက်တီးရီးယားတွေပါလာနိုင်ပြီး အစာအိမ်ကို ဒုက္ခပေးနိုင်ပါတယ်။ လမ်းဘေးဆိုင်က မကျက်တကျက်ကင်ထားတဲ့ အသားတွေရယ်၊ ဟော့ဒေါ့တွေနဲ့ အသားတုတွေမှာ ပတ်ထားတဲ့ ပလတ်စတစ်တောင် မခွာဘဲ မီးမြိုက်စားသုံးကြတာတွေက ကင်ဆာရောဂါရဲ့ အဓိကလက်သည်လို့ပဲ ပြောရမှာပေါ့။

ဒါကြောင့် အကင်စားမယ်ဆိုရင် လတ်လတ်ဆတ်ဆတ် အသားကို သေချာဆေးကြောပြီး အသားမှာကပ်နေတဲ့ အဆီကိုလှီးထုတ်ပါ။ အဆီတွေကမီးထဲကိုကျသွားတဲ့အခါ ကာစီနိုဂျင် နောက်တစ်မျိုးဖြစ်တဲ့ Polycyclic Aromatic Hydrocarbons (PAHs) ဖြစ်လာပြီး PAHs တွေက မီးခိုးငွေ့နဲ့အတူ အကင်မှာ ကပ်ပါလာလို့ စားမိတဲ့အခါ အစာအိမ်ကင်ဆာဖြစ်နှုန်းကို ပိုများစေတယ်လို့ သိရပါတယ်။ ဒါကြောင့် တူးနေတဲ့အကင်တွေကိုမစားသင့်တာပါ။

ပြီးတော့ ဆန်ခါ(ဒါမှမဟုတ်) အကင်အိုးမျက်နှာပြင်ကို အသုံးပြုခါနီး ဆီသုတ်လိမ်းထားပါ။ ဒါမှ အသားတွေကပ်ပြီး တူးဖို့မလွယ်မှာပါ။ သုံးပြီးတဲ့ ဆန်ခါ(သို့)အကင်အိုးကိုလည်း သေချာဆေးကြောပြီး သန့်သန့်ရှင်းရှင်းထားပါ။

အကင်တွေကို မစားနဲ့လို့ ပြောတာမဟုတ်ဘဲ လျှော့စားကြဖို့ မြစ်ကြီးနားသတင်းပရိသတ်ကို ပြောပြချင်တာပါ။

ကဲ... ပရိသတ်ကြီးလည်း ကျန်တဲ့ ကိုယ့်ဘဝသက်တမ်းကို ကျန်းမာပျော်ရွှင်စွာနဲ့ လူ့ဘဝကို သက်တမ်းစေ့နေနိုင်ဖို့အတွက် အေးခဲအသားတွေ၊ ပြုပြင်ပြင်ဆင်ထားတဲ့ အသားတွေရှောင်ပြီး အသီးအရွက်တွေကို ရေစင်စင်ဆေး၊ အသားတွေကို ကျက်အောင်ချက်ပြုတ်စားသုံးကြပါ။ ကင်ဆာကင်းစင်တဲ့ လူမှုပတ်ဝန်းကျင်မှာ ကျန်းမာပျော်ရွှင်ကြပါစေလို့ မြစ်ကြီးနားသတင်းဂျာနယ်က ဆုတောင်းပေးလိုက်ပါတယ်။

# ဓာတ်မြေသြဇာနှင့် ဓာတုဆေးများ

(Chemical Fertilizer)



ဓာတ်မြေသြဇာနှင့် ဓာတုဆေးများ အသုံးပြုခြင်း၏ အကြောင်းအရင်းများ

ကမ္ဘာ့လူဦးရေ တိုးလာသည်နှင့်အမျှ စားနပ်ရိက္ခာဖူလုံရန်အတွက် စိုက်ပျိုးရေးအထွက်နှုန်းကောင်းစေရန် စိုက်ပျိုးပင်များ ပိုးမွှားရောဂါများကာကွယ်နှိမ်နင်းရန်။

**အသုံးပြုခြင်း၏ အကျိုးဆက်များ**

ပိုးသတ်ဆေးကြောင့် ပိုးမွှားရောဂါများကို နှိမ်နင်းသော်လည်း ပိုးသတ်ဆေးဖျန်းသူ၏ အကာအကွယ်မဲ့ပေါ့ဆမှုကြောင့် ပိုးသတ်ဆေးဖျန်းသူရောဂါရနိုင်သည်။ အသက်ဆုံးရှုံးနိုင်လောက်အောင် အန္တရာယ်ဖြစ်စေသည်။

ပိုးသတ်ဆေးကြောင့်ကြက်၊ ငှက်၊ တိရစ္ဆာန်ဇီဝမျိုးစိတ်များ သေဆုံးရသည်။

ပိုးသတ်ဆေးကြောင့် မြေကြီးမှ အကျိုးဇီဝပိုးများ၊ တီကောင်များသေဆုံးပြီး မြေကြီးမာကျောကာ ပျက်စီးလာသည်။

စိုက်ပျိုးရေးတွင် နိုက်ထရိတ်ဓာတ်မြေသြဇာကို အဓိကထားအသုံးပြုသည်။ နိုက်ထရိတ်ဓာတ်ပါဝင်သော ရေနှင့် စိုက်ပျိုးအစားအစာများကိုစားသောက်ပါက သွေးအဆိပ်သင့်ရောဂါနှင့် ကင်ဆာရောဂါဖြစ်စေသည်။ ဝန်းကျင်ဂေဟစနစ်ကို ပျက်စီးစေသည်။

**ရောဂါအကျိုးဆက်များ**

အဆုတ်ရောဂါ၊ ချောင်းဆိုးချင်း၊ အသက်ရှူကျပ်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ နှလုံးရောဂါ၊ အင်္ဂါမစုံသော ကလေးမွေးခြင်း၊ ကိုယ်ဝန်ပျက်ကျခြင်း၊ မြုံခြင်း၊ လေဖြတ်ခြင်း၊ ကိုယ်လက်တုန်ခြင်း။

ပေါင်းသတ်ဆေးသုံးခြင်းကြောင့် အသက်ဆုံးရှုံးလျက်ရှိသည်။

ဓာတုဆေးများ အသုံးပြုထားသော ဟင်းသီးဟင်းရွက်များစားသုံးခြင်းကြောင့်ကြက်၊ ဝက်များ သေဆုံးရသည်။ လူများမှာ အော့အန်ခြင်းမှသေဆုံးသည်အထိ နှစ်စဉ်ဖြစ်ပွားလျက်ရှိပါသည်။

Movie View

▶ **ယခုအပတ် ရော(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ**

၂၇ - ၇ - ၂၀၁၈ မှ ၂ - ၈ - ၂၀၁၈ အထိ

မြန်မာရုပ်ရှင်ကို နေ့လယ် ၁၂ နာရီ၊ ၇ နာရီခွဲစသည့် ပွဲချိန်တွင် - **ကာဗွန်ဒိုင်အောက်ဆိုဒ် (CO2)**

မြန်မာရုပ်ရှင်ကို ညနေပိုင်း ၃ နာရီခွဲပွဲချိန်တွင် - **MISSION: IMPOSSIBLE FALLOUT**







| အသုံးဝင်သော ဖုန်းနံပါတ်များ | |
|---|---|
| ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | ၀၇၄-၂၂၃၆၃၊ ၂၂၄၄၄ |
| မြို့မရဲစခန်း | ၀၇၄-၂၂၆၀၄ |
| နယ်မြေရဲစခန်း | ၀၇၄-၂၂၆၀၅ |
| မူးယစ်(အထူး) | ၀၇၄-၂၀၈၉၈ |
| မှုခင်းရဲတပ်ဖွဲ့ | ၀၇၄-၂၃၉၃၇ |
| ယာဉ်ထိန်းရဲ | ၀၇၄-၂၂၃၀၈ |
| မီးသတ်တပ်ဖွဲ့ | ၀၇၄-၂၂၄၆၇ |
| လူကုန်ကူးမှုတားဆီးရေး | ၀၇၄-၂၀၈၉၈ |
| ပြည်သူ့ဆေးရုံ (ဆေးရုံအုပ်ကြီး) | ၀၇၄-၂၂၃၀၃ |

# ဖုန်လုံယန် စစ်ရှောင်စခန်းတွင် ချောင်းရေကြီးမှုကြောင့်သောက်သုံးရေ အခက်အခဲ ဖြစ်နေ



ဇူလိုင် ၂၆

ဇူလိုင်လ ၂၄ ရက် နံနက် ၄ နာရီခန့်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လိုင်ဇာမြို့အနီးရှိ ဖုန်လုံယန်စစ်ရှောင်စခန်းတွင် ရေပိုက်လိုင်းများပျက်စီးကာ သောက်သုံးရေ အခက်အခဲဖြစ်နေသည်ဟု ဖုန်လုံယန်စစ်ရှောင်စခန်းတာဝန်ခံ ဦးဒိုင်လော့ဒ်က ပြောသည်။

ဂျေယန့်ချောင်းနှင့် ဖုန်လုံချောင်းနှစ်ခုပေါင်း၍ လျှံတက်လာသည့် မိုးရေများက အရှိန်အဟုန် ပြင်းထန်လာသဖြင့် စခန်းအတွင်းမှ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များနှင့် အခြား အိမ်အသုံးအဆောင်ပစ္စည်းများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း ဦးဒိုင်လော့ဒ်က ပြောသည်။

မူကြိုကျောင်းနှင့် ပညာရေးကျောင်းကိုလည်း ၎င်းနေ့တွင် ပိတ်လိုက်ရသည်။ ထို့အပြင် စစ်ရှောင်ပြည်သူများ၏ စိုက်ခင်း၊ ပြောင်းခင်း၊ ငါးကန်၊ ဝက်နှင့် ဝက်ခြံများလည်း ရေနှင့်အတူ မျောပါသွားကာ အနည်းငယ် ပြိုကျပျက်စီးသွားသည့် စစ်ရှောင်စခန်းအဝင် လူသွားလမ်းမကြီးကို ကေအိုင်အိုဗဟိုဌာနချုပ်က ပြုပြင်ပေးနေသည်ဟု ဦးဒိုင်လော့ဒ်က ပြောသည်။

"စခန်း လူနေအဆောင်တွေက အရမ်းကြီးပျက်စီးသွားတာတော့ မရှိဘူး။ ရေကတော့ အဲဒီနေ့မှာ ၂ နာရီ ၃ နာရီ လောက်သာကြီးပြီး အရှိန်ပြန်လျော့ကျသွားတယ်။ နောက်ထပ်မိုးတွေ ဆက်တိုက်ရွာနေရင်တော့ ရေပြန်ကြီးလာနိုင်တယ်။ ဒီလိုဖြစ်ရပ်တွေက ရာသီဥတု အခြေအနေပေါ်မှာပဲ မူတည်နေတယ်။ နောက်ထပ် ဒီလိုဖြစ်လာရင် ကြိုတင်ကာကွယ်နိုင်ဖို့ နေရာတွေလည်း စီစဉ်ထားတယ်။ နောက်နှစ်တွေမှာလည်း ဒီလိုဖြစ်ရပ်ကြောင့် ဆုံးရှုံးမှု မဖြစ်အောင် ရေကာတာလုပ်ဖို့ ငွေလိုအပ်တယ်"ဟုဦးဒိုင်လော့ဒ်ကပြောသည်။

ယခင်နှစ် မိုးရာသီများက ရေကြီးရေလျှံခဲ့ဖူးသော်လည်း ယခုနှစ်လောက် ဆိုးဆိုးရွားရွားဖြစ်ပွားခဲ့ခြင်း မရှိကြောင်း၊ ယခုနှစ်တွင် နှစ်ရက်ခန့် သောက်သုံးရေ ပြတ်လပ်ခဲ့သည့်အပြင် လျှပ်စစ်မီးများလည်း ပြတ်တောက်ခဲ့ကြောင်း၊ မူကြိုကျောင်းနှင့် စာသင်ကျောင်းလည်း ပိတ်ခဲ့ရကြောင်း ဖုန်လုံယန်စစ်ရှောင်စခန်းမှကိုဇော်ထွယ်အောင်က ပြောသည်။

"ဒီရေကြီးမှုကြောင့် ရေအားလျှပ်စစ် စက်ချို့ယွင်းပြီးတော့ လျှပ်စစ်မီးတွေလည်း မရတော့ဘူး။ ဖုန်းအားလည်း မသွင်းရတော့ ဆက်သွယ်ဖို့လည်း အရမ်းခက်ခဲနေတယ်။ အခုက သောက်သုံးရေလွှဲယူတဲ့ နေရာမှာလည်း ရေကြီးမှုတွေကြောင့် ပျက်စီးသွားပြီးတော့ အခုသောက်သုံးရေတွေ အရမ်းလိုအပ်နေကြတယ်"ဟုလည်း ၎င်းက ပြောသည်။

ရေအခက်အခဲဖြစ်နေသည့် စစ်ရှောင်ပြည်သူများအတွက် ဇန်းမော်(ZinLum) အဖွဲ့အစည်းက အကူအညီပေးမည်ဟု ကေအိုင်အို ဗဟိုဌာနချုပ် IRRC မှ တစ်ဆင့်ပြောကြားထားသော်လည်း မည်သည့်အဖွဲ့အစည်းမျှ လာရောက်အကူအညီပေးခြင်းမရှိသေးသဖြင့် ဖုန်လုံယန်စစ်ရှောင်စခန်းတွင် သောက်သုံးရေ အရေးပေါ်လိုအပ်နေကြောင်း စခန်းတာဝန်ခံက ပြောသည်။

PH.ဘရန်ဂျာ

# ငရုတ်စိုက်ခြံ အလုပ်သမတစ်ဦးကို အဓမ္မပြုကျင့်ရန် ကြိုးစားသူ တရုတ်နိုင်ငံသားကို ရဲတပ်ဖွဲ့ကဖမ်းဆီး

ဇူလိုင် ၂၂

ဝိုင်းမော်မြို့နယ် စန်းကားကျေးရွာရှိ ဆွမ်ဘွမ်ကုမ္ပဏီ၊ ငရုတ်စိုက်ခြံတွင် တရုတ်နိုင်ငံသားတစ်ဦးက ဝန်ထမ်းအမျိုးသမီးကို သားမယားပြုကျင့်ရန် ကြံစည်ခဲ့သဖြင့် ဝိုင်းမော်မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဇူလိုင်လ ၂၀ ရက်က အဆိုပါကုမ္ပဏီအတွင်း နေမကောင်းသဖြင့် အိပ်နေသည့် ဝန်ထမ်းအမျိုးသမီးကို အလိုမတူဘဲ အဓမ္မပြုကျင့်ရန် ကြံစည်ခဲ့ခြင်းဖြစ်ကာ ထိုအမျိုးသမီးက တွန်းထိုးရုန်းကန်ထွက်ပြေးခဲ့သဖြင့် ပြုကျင့်ခြင်းမခံခဲ့ရဟု ရဲမှတ်တမ်းများတွင် ဖော်ပြထားသည်။

ထိုသို့ပြုကျင့်ရန်ကြံစည်သူ တရုတ်နိုင်ငံသား ကျုံးလီဆိုသူကို အရေးယူပေးရန်အတွက် ထိုအမျိုးသမီးက တရားလိုပြုကာ ဝိုင်းမော်မြို့မရဲစခန်းတွင် တိုင်ကြားခဲ့ရာ ရဲစခန်းက ရာဇသတ်ကြီးပုဒ်မ - ၃၇၆/၅၁၁ ဖြင့် အမှုဖွင့်လှစ် ဖမ်းဆီးချုပ်နှောင်ထားကြောင်းသိရသည်။

မုဒိမ်းမှုကို ကျူးလွန်လျှင် ထောင်ဒဏ် ၁၀ နှစ်ဖြစ်စေ၊ တစ်သက်တစ်ကျွန်းဖြစ်စေ ကျခံရမည်ဖြစ်သည့်အပြင် ငွေဒဏ် လည်းကျခံရမည်ဖြစ်ကြောင်း ရာဇသတ်ကြီးပုဒ်မ ၃၇၆ တွင် ဖော်ပြထားသည်။

မွန်းမွန်းပန်






# မြန်မာမိန်းကလေးများ တရုတ်နိုင်ငံတွင် အရောင်းစားခံရလျှင် ဉာဏ်ရည်မမီသော သက်ကြီးရွယ်အိုယောကျ်ားများနှင့် ပေါင်းသင်းကြရဟုဆို

ဇူလိုင် ၂၅

မြစ်ကြီးနားမြို့ရှိ အမှတ် (၁၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ ပူးပေါင်းကာ မြို့ပေါ်မှ အစိုးရစာသင်ကျောင်းများတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာများနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အသိပညာများကို လိုက်လံဟောပြောခဲ့ကြောင်း သိရသည်။

ဟောပြောပွဲများကိုဆောင်ရွက်ခြင်းသည် စက်တင်ဘာလ ၁၃ ရက်တွင် ကျရောက်မည့်လူကုန်ကူးမှုတားဆီး ကာကွယ်ရေးနေ့ အကြိုလှုပ်ရှားမှုအနေဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကာ ဇွန်လ ၁၈ ရက်မှစပြီး စက်တင်ဘာလ ၂၈ ရက်အထိ မြို့ပေါ်ရပ်ကွက်များနှင့် ကျောင်းများတွင် ပြုလုပ်နေကြောင်း သိရသည်။

လူကုန်ကူးမှုဆိုသည်မှာလူတစ်ဦးသည် အခြားလူတစ်ဦးကို ပြည့်တန်ဆာလုပ်ခိုင်းခြင်း၊ အခြားကာမဆိုင်ရာကိစ္စ တစ်မျိုးမျိုးပြုလုပ်ခိုင်းခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်း၊ အဓမ္မလက်ထပ်ထိမ်းမြားခြင်း၊ ကျွန်ပြုခြင်း၊ ကျေးကျွန်ကဲ့သို့ခိုင်းစေခြင်း၊ ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်း၊ အခြားသူတစ်ယောက်၏ ခန္ဓာကိုယ်အစိတ်အပိုင်းအား ထုတ်ယူဖယ်ရှားခြင်း၊ ရောင်းစားခြင်း စသည်တို့ကိုပြုရာမှ ငွေကြေးကိုသော်လည်းကောင်း၊ အကျိုးအမြတ်တစ်စုံတစ်ရာကို သော်လည်းကောင်း၊ လက်ခံခြင်း(သို့မဟုတ်) လက်ခံရယူရန် သဘောတူခြင်းတို့ဖြစ်ကြောင်း သိရသည်။

တစ်ဘက်နိုင်ငံသို့ လူကုန်ကူးခံရသော မြန်မာအမျိုးသမီးများသည် တရုတ်အမျိုးသား၏ ဇနီးမယားအဖြစ် အရောင်းခံရခြင်း၊ ဇနီးမယားဆိုသော်လည်း မိသားစုခံစားခွင့် မရရှိခြင်း၊ ပွဲစား၏မက်လုံးပေးစည်းရုံးစဉ်က ရမည်ပြောသည့် ခံစားခွင့်များ တကယ်မရရှိခြင်း၊ အသက်အရွယ်ကြီးသူ၊ ကိုယ်အင်္ဂါချို့ယွင်းသူ၊ ဉာဏ်ရည်မမီသူများနှင့် အဓမ္မပေါင်းသင်းပြုစုရပြီး လယ်ယာလုပ်ငန်းခွင်များတွင်လည်း အခကြေးငွေမရဘဲ လုပ်ကိုင်ရခြင်း၊ သားသမီးရရှိပါက မွေးဖွားလာသောအခါမိမိမပိုင်တော့ခြင်း၊ တစ်ဖက်နိုင်ငံသို့ရောက်ရှိပါက၊ လူပွဲစားများ၏ ခြိမ်းခြောက်ခြင်း၊ ရိုက်နှက်ညှင်းဆဲခြင်းများခံရခြင်း၊ တရုတ်ခင်ပွန်းနှင့် သားသမီးရပြီးပါကလည်း၊ အခြားတရုတ်အမျိုးသားထံသို့ ထပ်ဆင့်ရောင်းစားခံရတတ်ခြင်း၊ မိဘများကိုယ်တိုင် မိမိသမီးအားဆန္ဒမပါဘဲ အဓမ္မလက်ထပ်ရန်ပေးစားသည့်အခါ တင်တောင်းငွေ(ကွမ်းဖိုး) သို့မဟုတ် ပစ္စည်းရယူလျှင်မိဘများသည် လူကုန်ကူးဥပဒေအရ အရေးယူခံရခြင်း စသည်ဆိုးကျိုးများကို ခံစားရမည်ဖြစ်ကြောင်း သိရသည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၁၄ အရ အမျိုးသမီးများနှင့် ကလေးသူငယ်များကို လူကုန်ကူးပါက ထောင်ဒဏ် ၁၀ နှစ်မှ ထောင်ဒဏ်တစ်သက်အထိ ချမှတ်ခြင်းခံရမည်၊ ပုဒ်မ ၁၅ အရ အမျိုးသမီးနှင့် ကလေးသူငယ်များမှအပ အခြားသူတစ်ဦးဦးကို လူကုန်ကူးပါက၊ ထောင်ဒဏ် ငါး နှစ်မှ ထောင်ဒဏ် ၁၀ နှစ်အထိချမှတ်ခြင်းခံရမည်၊ ပုဒ်မ ၂၈ အရ လူကုန်ကူးမှုကို သုံးဦးနှင့်အထက် ပူးပေါင်း၍ ကျူးလွန်ပါက၊ ထောင်ဒဏ် ၂၀ နှစ်မှ ထောင်ဒဏ်တစ်သက်အထိ ချမှတ်ခြင်းခံရမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပုဒ်မ ၂၉ အရလူကုန်ကူးမှုကျူးလွန်စဉ် ထောင်ဒဏ် လေးနှစ်နှင့်အထက်ချမှတ်နိုင်သည့်ပြစ်မှုကိုကျူးလွန်ပါက ထောင်ဒဏ် ၁၀ နှစ်မှ သေဒဏ်အထိချမှတ်ခြင်း ခံရမည်၊ပုဒ်မ၃၂အရဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန်ပြင်ဆင်ခြင်း၊ အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ စည်းရုံးခြင်း၊ စီမံခန့်ခွဲခြင်း၊ အားပေးကူညီခြင်း၊ ငွေကြေးထောက်ပံ့ခြင်း၊ တစ်ခုခုပြုလျှင်ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်း ခံရမည် ဖြစ်ကြောင်းလည်း သိရသည်။

အဆိုပါဥပဒေကို ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၁၃ ရက်ကပြဋ္ဌာန်းကာ ကျူးလွန်သူများကို အရေးယူဆောင်ရွက်မှုများပြုလုပ်နေကြောင်း၊ ယမန်နှစ်က အမှုပေါင်း၃၀ကျော် အရေးယူခဲ့ပြီး ယခုနှစ်ဝက်အတွင်း လူကုန်ကူးမှုဖြစ်စဉ် ၁၆ မှုရှိပြီဖြစ်ကြောင်းလည်း သိရသည်။

မွန်းမွန်းပန်

# နိုဝ္ဇန်ဘော်အထက်တန်းကျောင်းတွင်ကျောင်းဆရာအင်အား လိုအပ်




မြစ်ကြီးနား၊ ဇူလိုင် ၂၇

ချီဖွေမြို့နယ် နိုဝ္ဇန်ဘော်ကျေးရွာရှိ အထက်တန်းကျောင်းတွင် ကျောင်းဆရာ၊ ဆရာမ လိုအပ်နေသည့်အတွက် သင်ကြားရေးတွင် အခက်အခဲဖြစ်နေကြောင်း ကျောင်းကော်မတီဝင်များထံမှ သိရသည်။

ယင်းကျောင်းကို တက်ရောက်သော ကျောင်းသူ၊ ကျောင်းသားများသည် ရှစ်မိုင်ခန့်ဝေးသည့်ကျေးရွာများမှ လမ်းလျှောက်ပြီး လာရသည့်ကလေးများလည်း ပါဝင်သဖြင့် ကျောင်းလာရကျိုးနပ်အောင် ဆရာများဖြည့်တင်းပေးစေလိုသည်ဟု ဒေသခံတို့ကပြောသည်။

"မိဘတွေက ပိုက်ဆံအရမ်းရှိလို့ ထားတာမဟုတ်ဘူး။ တချို့မိဘတွေက ပညာရေးကိုဦးစားပေးတဲ့သူမဟုတ်ဘူး။ အဲဒီလိုဖြစ်တော့ ကလေးတွေပဲကြားကနေ နစ်နာတယ်။ ပိုက်ဆံမရှိတဲ့ကြားက စာတတ်စေချင်လို့ ထားတာတယ်။ ကလေးတွေ ကလည်းစာသင်ချင်လို့တက်ကြတာကို ဘာသာစုံမသင်ပေးတော့ စာမေးပွဲလည်းမအောင်ကြဘူး" ဟု ကျောင်းကော်မတီဝင် ဦးထွန်းရှိန်ဇုန်းကီက ပြောသည်။

ထိုကျောင်းတွင် မူလတန်းပြဆရာ ခြောက်ဦး၊ အလယ်တန်းပြဆရာ ခြောက်ဦးရှိရမည်ဖြစ်သော်လည်း သုံးဦးစီသာရှိကြောင်း၊ အထက်တန်းပြဆရာအင်အားမှာလည်း ခုနှစ်ဦးရှိရမည်ဖြစ်သော်လည်း ငါးဦးသာရှိကြောင်း သိရသည်။

"ဒီဘက်ကိုရောက်လာတဲ့ဆရာ၊ ဆရာမတွေက ရာထူးတိုးဖို့ကိုပဲ ဦးစားပေးရောက်လာကြတော့ တစ်နှစ်၊ နှစ်နှစ်ဆို ပြောင်းပြောင်းသွားကြတယ်။ ပြောင်းတာကလည်းစာသင်ချိန် တစ်နှစ်ပြည့်မှလည်း မဟုတ်ပြန်ဘူး။ ပြောင်းချင်တဲ့အချိန်ထပြောင်းသွားတော့ စာသင်တဲ့ကလေးတွေက စာတစ်ဝက်တစ်ပျက်နဲ့ ကျန်ခဲ့တယ်" ဟု ဦးထွန်းရှိန်ဇုန်းကီက ပြောသည်။

ပြောင်းသွားသည့် နေရာကို အစားထိုးရောက်လာမည့်ဆရာ၊ ဆရာမများရောက်လာမည်ဖြစ်သော်လည်းအပြောင်းအရွှေ့အချိန်သည် တစ်လမှငါးလခန့်အထိ ကြာမြင့်တတ်သည့်အတွက် ကလေးများ စာမသင်နိုင်ကြောင်းလည်း သိရသည်။

ကလေးများသည် ပညာသင်နှစ်တစ်နှစ်သည် ဆရာ၊ ဆရာမများကြောင့် နစ်နာမှုများနှင့် မိဘများကြောင့် နစ်နာမှုများ မရှိစေရန်အတွက် သက်ဆိုင်ရာပြည်နယ်အစိုးရများအနေဖြစ် ကောင်းစွာစီမံပေးစေလိုကြောင်း ဒေသခံကျောင်းသား မိဘများက တောင်းဆိုနေကြသည်။

"ဒီမှာ အထက်တန်းကျောင်းဖွင့်တာ သုံးနှစ်ရှိပြီး အခုထိဆယ်တန်းဘယ်သူမှမအောင်သေးဘူး။ ရာထူးတိုးယူပြီးတော့ ပြန်ပြန်သွားကြတော့ ကလေးတွေက စာကောင်းကောင်းမသင်နိုင်ဘူး"ဟု ဦးဇုန်းကီက ပြောသည်။

အဆိုပါကျောင်းတွင် ကျောင်းတက်နေသည့်ကလေးများသည် ကျေးရွာပေါင်း ၁၀ ရွာခန့်ရှိပြီး တစ်ရွာနှင့်တစ်ရွာသည် အနည်းဆုံး လေးမိုင်ခန့်ဝေးပြီး လမ်းလျှောက်ပြီးလာရောက်နေရသည့်အတွက် ကလေးများ နစ်နာမှုမရှိစေရန်အတွက် ကောင်းစွာလုပ်ဆောင်ပေးစေလိုကြောင်း သိရသည်။

ချီဖွေတစ်မြို့နယ်တွင် ကျောင်းသားစုစုပေါင်း ၅၀၀၀ ခန့်ရှိကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှရသည့် အချက်အလက်များအရ သိရသည်။

မွန်းမွန်းပန်

# အလင်းသစ်မီဒီယာသာသနာအဖွဲ့နှင့် ဒေသခံ လွှတ်တော်အမတ်တို့ပူးပေါင်းပြီး မိုးတွင်းကာလ အခမဲ့ဆေးကု



မြစ်ကြီးနား၊ ဇူလိုင် ၂၇

အလင်းသစ်မီဒီယာသာသနာအဖွဲ့နှင့် ဝိုင်းမော်ဒေသခံလွှတ်တော်အမတ်တို့ ပူးပေါင်းပြီး မိုးတွင်းကာလတွင် အခမဲ့ ဆေးကုသပေးနေကြောင်း သိရသည်။

အဆိုပါ အလင်းသစ်မီဒီယာ သာသနာအဖွဲ့နှင့် ဒေသခံလွှတ်တော်အမတ်ဖြစ်သည့် ဝိုင်းမော်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနော်လီဦးဆောင်သည့် အဖွဲ့က ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်ရှိ ကျန်းမာရေးဌာနနှင့် လက်လှမ်းမမီသည့် တောင်ပေါ်ဒေသများ၊ စစ်ရှောင်ဒုက္ခသည်စခန်းများကိုသွားရောက်ပြီး အခမဲ့ဆေးကုသပေးနေခြင်းဖြစ်သည်။

"ကျွန်တော်ဒီလုပ်ငန်းကို ၂၀၁၆-၁၇ မှာတော့ပညာရေးကို ဦးစားပေးတဲ့အနေနဲ့ မူလတန်းကျောင်းနဲ့ အလယ်တန်းကျောင်းအောက်ကို ခဲတံတို့၊ ဗလာစာအုပ်တို့၊ မျှဝေခြင်းပုံစံနဲ့ လိုက်ထောက်ပံ့တာရှိတယ်။ သို့သော်လည်းပဲ ဒီ ၂၀၁၇ မနှစ်ကတော့ နှစ်နှစ်ဆက်တိုက်ပညာရေးကိုကူညီပေးပြီးရင် ၂၀၁၈ ရောက်လာတဲ့ အခါကျရင် မိဘပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်ပေးမှုအနေနဲ့ လုပ်မယ်ဆိုပြီးမှ မနှစ်တုန်းကတည်းက စိတ်ကူးမိပြီးတော့မှ ဒီနှစ်မှာ လိုက်လုပ်ဖြစ်တယ်"ဟု ဦးနော်လီက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ထိုသို့ အခမဲ့ဆေးကုသပေးခြင်းကို လှည့်လည်ပြုလုပ်ရာတွင် ဆရာဝန်များအပါအဝင် ကျန်းမာရေးဝန်ထမ်းများ၏ အချိန်ပေးရန်ခက်ခဲမှု၊ ငွေကြေးခက်ခဲမှုတို့ရှိခဲ့၍ အလင်းသစ်မီဒီယာအဖွဲ့နှင့် ပူးပေါင်းကာ လုပ်ဆောင်နေခြင်းဖြစ်သည်ဟုဦးနော်လီက ဆက်ပြောသည်။

"အဲလိုစီစဉ်တော့ ပထမဆုံးကျွန်တော်မှာ အခက်အခဲရှိတာက ကျွန်တော်တို့ဝိုင်းမော် NLD ပါတီမှာတော့ ဆရာဝန်မရှိဘူး။ အဲတော့ကျွန်တော်မှာ ခက်ခဲတာက ဆရာဝန်နဲ့ကျန်းမာရေးဆရာမတွေ ခက်ခဲတာပဲ။ အဲဒီတော့ ကျွန်တော်က အလင်းသစ်မီဒီယာအဖွဲ့ကို အကူအညီ တောင်းလိုက်တာပေါ့နော်။ အဲဒီမှာ သူတို့က နှစ်စဉ်နှစ်တိုင်းလိုက်ကုတယ်။ ငါးကြိမ်ရှိပြီ။ လူအင်အားက ၂၅ နဲ့ ၃၀ ကြားမှာရှိတယ်"ဟုယင်းက ပြောသည်။

ထိုသို့မိုးတွင်းကာလ အခမဲ့ဆေးကုသပေးခြင်းကို ပထမဆုံးအနေဖြင့် တောင်ပေါ်ဒေသကို ဦးစားပေးကာ မြို့နှင့်နီးသော နေရာဒေသများ၊ စစ်ရှောင်စခန်းများတွင် ပြုလုပ်သွားမည်ဟုလည်း သိရသည်။


"အများအားဖြင့် အသက်ကြီးတဲ့လူတွေ သွေးတိုးဖြစ်တယ်။ အဲဒီအထဲမှာ အထူးသဖြင့် လေဖြတ်တဲ့သူတွေ၊ လေဖြန်းတဲ့သူတွေ အရမ်းများတာကျွန်တော်တို့ တွေ့ရတယ်။ နောက်ပြီး ကလေးတွေဆိုရင် ဒီရာသီ ပေါ်ရောဂါတွေ ဝမ်းလျှော၊ ဝမ်းပျက်တွေဖြစ်တယ်။ နောက်ပြီးတော့ အသက်ကြီးပိုင်းဆိုရင် သွေးတိုး၊ ဆီးချိုဖြစ်ဖို့များမယ်။ ဒေသခံအာဟာရချို့တဲ့တာတွေလည်း အများကြီးတွေ့ရပါတယ်"ဟု Zခမ်းစိန်က ပြောသည်။

မိုးတွင်းကာလ အခမဲ့ဆေးကုသပေးခြင်းကို ဇူလိုင်လ ၁၈ ရက်မှ ဩဂုတ်လ ၈ ရက်နေ့အထိ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး ဇူလိုင်လ ၂၇ ရက်နေ့အထိ လူနာပေါင်းတစ်ထောင်နီးပါးကို ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

ဆိုင်း (ကချင်မြေ)







# ပြည်နယ်အစိုးရအစီအစဉ်ဖြင့် လိုင်စင်မဲ့ဆိုင်ကယ်များကို ယာဉ်လိုင်စင်ထုတ်ပေးနေသော်လည်း လိုင်စင်လာရောက်လျှောက်ထားသူအရေအတွက်မှာ အင်မတန်နည်းပါးနေသေးကြောင်းသိရသည်။ ကချင်ပြည်နယ်အတွင်းရှိ အများစုသောဆိုင်ကယ်များမှာ လိုင်စင်မဲ့များဖြစ်ကြသည်ကို တွေ့မြင်နေရသော်လည်း မည်သည့်အတွက် ဆိုင်ကယ်လိုင်စင်မလျှောက်ထားသည်ကို မြစ်ကြီးနားဂျာနယ်က လိုက်လံမေးမြန်းထားပါသည်။

PH. ဘရန်ဂျာ မေးမြန်းသည်



**ကိုတင်ဌေး ၊ အသက်၂၃နှစ်**

ယာဉ်မောင်းလိုင်စင် ဖမ်းတာတော့ကိစ္စမရှိပါဘူး။ မြစ်ကြီးနားမှာ ဆိုင်ကယ်လိုင်စင်ရှိတာက သုံးပုံတစ်ပုံလောက်ပဲရှိမယ်။ ဖမ်းမယ်ဆိုရင်တော့ တစ်မြို့လုံးဖမ်းရုံပဲ ရှိမယ်။ ယာဉ်ထိန်းအဖွဲ့ဆိုင်ကယ်ဖမ်းတာက သဘာဝကျတယ်။ ဒါပေမဲ့ဈေးပေါက်ဝမှာ လာဖမ်းတာက သိပ်အဆင်မပြေပါဘူး။ လေး၊ ငါးသောင်းဆိုရင်တော့ ကြိုးစားပြီး လုပ်လို့ရတယ်။ အဲဒီထက်ကျော်သွားရင်တော့ ကျွန်တော်တို့ ဆိုင်ကယ်အဟောင်းနဲ့တော့ မတန်ပါဘူး။ လုပ်နိုင်ရင်ကတော့ ကောင်းပါတယ်။ လောလောဆယ်တော့ အဟောင်းပဲစီးနေတော့ မလုပ်ဖြစ်သေးဘူး။



**ဒေါ်ခေါန်ဂျာ ၊ အသက် ၄၃နှစ်**

ဆိုင်ကယ်လိုင်စင်ကို အစိုးရယာဉ်ထိန်း တာဝန်ရှိအဖွဲ့က ဈေးသက်သာစွာနဲ့ ပြုလုပ်ပေးရင်တော့ အားလုံးရနိုင်မယ်။ အခုမိုးရာသီဆိုတော့ ကုန်စိမ်းစိုက်လို့ရတဲ့ ငွေနဲ့တော့ လိုင်စင်လုပ်ဖို့ ခက်ခဲတယ်။ ဒီဆိုင်ကယ်လိုင်စင်မှာပဲ သောင်းကြီး၊ သိန်းလောက်ကုန်နေရင် အခြားပိုအရေးကြီးတဲ့ ကလေးကျူရှင်ကိစ္စမဖြေရှင်းနိုင်ဘူး။ ဆိုင်ကယ်လိုင်စင်လုပ်ပြီး အမြတ်ရလာတယ်ဆိုရင်တော့ လုပ်မယ်။ တစ်စီးကို ငါးသောင်းအောက် ဆိုရင်တော့ လုပ်မယ်၊ ပြည်သူအားလုံးလည်း လုပ်နိုင်မှာပါ။



**ဦးအောင်ကျော်ထွန်း ၊ အသက်၂၉**

ဆိုင်ကယ်ဦးထုပ်မဆောင်းလို့တော့ ဖမ်းခံရဖူးတယ်။ လိုင်စင်ကတော့ မလုပ်ရသေးဘူး။ အစိုးရက လုပ်ရမယ်ဆိုတော့လည်း ဘာမှပြော လို့မရဘူး။ ဆိုင်ကယ်လိုင်စင်ဖမ်းတာကတော့ မကြုံရသေးဘူး။ အခုလုပ်ပေးနေတာလို့တော့ ကြားတယ်။ ကျွန်တော်တို့ကတော့ မလုပ်နိုင်ပါဘူး။ သနပ်ခါးလေးပဲ ရောင်းပြီး ရှာဖွေစားသောက်နေရတာဆိုတော့။ အကယ်လို့ နှစ်သောင်း၊ သုံးသောင်းဆိုရင်တော့ လုပ်ဖြစ်အောင်တော့ လုပ်မှာပဲ။ ဆိုင်ကယ်ဖမ်းတာကိုတော့ မီးပွိုင့်ရှိတဲ့နေရာမှာ ဖမ်းရင်ကောင်းမယ်၊ ဈေးပေါက်ဝမှာ ဖမ်းတာတော့ သဘာဝမကျဘူး။



**ဒေါ်ရွယ်တောင် ၊ အသက်၂၈ နှစ်**

အခုဆိုင်ကယ်မောင်းလိုင်စင်တွေ စစ်နေတယ်လို့ကြားတယ်။ ကျွန်မတို့အတွက်တော့ ဆိုင်ကယ်လိုင်စင်ဖမ်းမယ်ဆိုရင် အရမ်းခက်ခဲလာမှာပါ။ ကလေးကျောင်းကြို၊ ကျောင်းပို့၊ ဈေးသွားဈေးလာလည်း ခက်ခဲတော့မှာဖြစ်တယ်။ အားလည်းမအားဘူး။ ကျွန်မက အိမ်မှာပဲနေပြီး ကလေးထိန်းနေရတယ်။ ဆိုင်ကယ်ကို လိုင်စင်လုပ်မယ်ဆိုလည်း ငွေကြေးမတတ်နိုင်ဘူး။ ယောကျ်ားက ကျပန်းအလုပ်ပဲလုပ်တော့ လိုင်စင်လုပ်ဖို့က မဖြစ်နိုင်ဘူး။



**ဒေါ်အားချို ၊ အသက်၄၁နှစ်**

လိုင်စင်လုပ်တာလည်း ကောင်းတယ်၊ တချို့က ဆိုင်ကယ်တိုက်သွားပြီး ထွက်ပြေးသွားတာရှိတယ်။ လိုင်စင်နံပါတ်မှတ်ထားပြီး ဖမ်းလို့ရတာပေါ့။ ငှက်ပျောသီးပဲရောင်းတယ်၊ မိုးတွင်းဆိုတော့ လိုင်စင်လုပ်ဖို့ အဆင်မပြေဘူး။ ပွင့်လင်းရာသီရောက်ပြီး လုပ်ပေးနေသေး တယ်ဆိုရင်တော့ လုပ်မယ်။ ယာဉ်မောင်းလိုင်စင်တော့ လုပ်ထားပြီ။ ဆိုင်ကယ်လိုင်စင်တော့ မလုပ်ရသေးဘူး။ အခုလက်ရှိအခြေအနေမှာတော့ မလုပ်နိုင်သေးပါဘူး။



**ဦးတိန့်ယိမ်း ၊ အသက်၃၅နှစ်**

ဆိုင်ကယ်လိုင်စင်က မလုပ်တဲ့လူတွေလည်း အများကြီးရှိပါတယ်။ အရင်ကလည်းလုပ်တယ်။ ဘာအကျိုးမှလည်း မခံစားရဘူး။ ဆိုင်ကယ်မော်ဒယ်လ် အလိုက်လုပ်ပေးနေတယ်။ အရင်ကတော့ ခြောက်သောင်း၊ အခုက ရှစ်သောင်း၊ ကိုးသောင်း၊ တစ်သိန်းလောက်ဆိုတာတော့ကြားတယ်။ အစိုးရက မလုပ်မနေရ ဆိုတော့လုပ်ရမှာပေါ့။ ဦးထုပ်၊ ဘက်မှန် တို့ကအကျိုးရှိတယ်၊ လိုင်စင်က ကျွန်တော့်အတွက်တော့ အကျိုးမရှိဘူး။ ပျောက်သွားရင်လည်း လိုင်စင်ဘီးဆိုပြီး ပြန်ရတာမရှိဘူး။ ကျပန်းအလုပ်လုပ်ရုံနဲ့တော့ မလုပ်နိုင်ဘူး။

# မြစ်ကြီးနားမြို့ Mobile Phone ဈေးနှုန်းများ

| Samsung | |
|---|---|
| S9 Plus | 1400000 ks |
| Note 8 | 1275000 ks |
| Note Fan | 790000 ks |
| A8 2018 | 615000 ks |
| A8 Star | 789000 ks |
| A6 Plus | 499000 ks |
| J7 Plus | 495000 ks |
| J6 | 315000 ks |
| J4 | 219000 ks |
| J5 Pro | 349000 ks |
| J7 Core | 209000 ks |
| S9 | 1090000 ks |
| J7 Prime | 299000 ks |
| Tab S3 | 918000 ks |
| S2 | 572000 ks |
| Tab J | 259000 ks |
| TabA (8") | 343000 ks |

| Vivo | |
|---|---|
| V9 | 399000 ks |
| Y53 | 169000 ks |
| Y81 | 259000 ks |
| Y85 | 319000 ks |
| Y52 | 155000 ks |
| M6s (3GB+32GB) | 239000 ks |

| Huawei | |
|---|---|
| P20 pro | 1099000 ks |
| Nova 2i | 309000 ks |
| Y9 2018 | 259000 ks |
| Y7 Pro 2018 | 199000 ks |
| 76Prime 2018 | 154000 ks |
| Y5 Prime 2018 | 129000 ks |
| M3 2017 | 339000 ks |
| Y3 2017 | 99000 ks |

| Oppo | |
|---|---|
| F7 | 389000 ks |
| F7 youth | 319000 ks |
| A71k | 179000 ks |
| A37 | 169000 ks |

| Meizu | |
|---|---|
| PRO7/7Plus( 4GB+64GB ) | 459000 ks |
| M6 note (3GB+32GB) | 249000 ks |
| M6s (3GB+32GB) | 239000 ks |
| M5note (3GB+16GB) | 179000 ks |
| M5c (2GB+16GB) | 129000 ks |
| M5c(2GB+32GB) | 149000 ks |

| Xiaomi | |
|---|---|
| Mi A1 (4GB+64GB) | 319000 ks |
| Mi A1(4GB+32GB) | 299000 ks |
| Mi Max2(4GB+64GB) | 369000 ks |
| Mi Mix 2s (6GB+64GB) | 699000 ks |
| Redmi Note5(4GB+64GB) | 279000 ks |
| Redmi Note5(3GB+32GB) | 329000 ks |
| Redmi Note4 | 239000 ks |
| Redmi S2 | 225000 ks |
| Redmi 5Plus(3GB+32GB) | 225000 ks |
| Redmi 5Plus(4GB+64GB) | 249000 ks |

KMK Plaza မှကောက်ယူထားသော ဈေးနှုန်းများဖြစ်ပါတယ်။

GLOBAL RESEARCH NETWORK ON PARLIAMENTS AND PEOPLE

## သုတေသနလုပ်ငန်းများအတွက် ထောက်ပံ့ကြေးပေးအပ်မည့်အစီအစဉ်

လွှတ်တော်နှင့်လူထုဆိုင်ရာ ကမ္ဘာ့သုတေသနအသိုက်အဝန်း (The Global Research Network for Parliament and People - GRNPP) သည် ပြည်သူအားလုံးပါဝင်ခွင့်ရသည့် ဒီမိုကရေစီနိုင်ငံရေးစနစ်တစ်ရပ်ကို မျှော်မှန်းသော လေ့လာမှုများ၊ ဆွေးနွေးမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ပေါ်လာစေရေးအတွက် သုတေသီများ၊ အနုပညာရှင်များ၊ သတင်းမီဒီယာများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ တက္ကသိုလ်နယ်ပယ်မှ ပညာရှင်များ၊ လွှတ်တော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များအကြား ချိတ်ဆက်ပံ့ပိုးမှုပေးရန် ရည်ရွယ်ပါသည်။ GRNPP ၏ ဒီမိုကရေစီအမြစ်တွယ်ခိုင်မာစေရေးစီမံကိန်းမှ သုတေသနဆိုင်ရာ ထောက်ပံ့ကြေးအစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်လျက်ရှိပါသည်။

**ငွေကြေးထောက်ပံ့မှုအစီအစဉ် (၃) မျိုးရှိပါသည်။**
**အသေးစားငွေကြေးထောက်ပံ့မှုအစီအစဉ်- စတာလင်ပေါင် ၁,၀၀၀ မှ ၅,၀၀၀**
**အလတ်စားငွေကြေးထောက်ပံ့မှုအစီအစဉ် - စတာလင်ပေါင် ၅,၀၀၀ မှ ၃၀,၀၀၀**
**အကြီးစားငွေကြေးထောက်ပံ့မှုအစီအစဉ် - စတာလင်ပေါင် ၃၀,၀၀၀ မှ ၁၀၀,၀၀၀**

ယခုစီမံကိန်းကို The Arts and Humanities Research Council နှင့် Global Challenges Research Fund တို့မှ ငွေကြေးထောက်ပံ့ကူညီပြီး SOAS သည် ပညာအလင်းပွင့်မြန်မာ သုတေသနဖောင်ဒေးရှင်း (EMReF)၊ Forum for Social Studies ၊ Hansard Society ၊ Jawaharlal Nehru University နှင့် Leeds University တို့နှင့် အတူတကွပူးပေါင်းဆောင်ရွက်ကြပြီး ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် စီမံကိန်းပြီးဆုံးမည်ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များ၊ စည်းကမ်းချက်များ၊ လျှောက်လွှာပုံစံများနှင့် နောက်ဆုံးလျှောက်လွှာတင်ရက်များကို **http://parliaments4people.com/grants/** တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

Arts & Humanities Research Council
EMReF Enlightened Myanmar Research Foundation
GCRF Global Challenges Research Fund
SOAS University of London

# စံနှုန်းတွေအောက် နစ်မြုပ်ပျောက်ကွယ်တော့မလား ...ပြည့်တန်ဆာ



မြန်မာနိုင်ငံမှာရှိတဲ့လိင်အလုပ်သမများအတွက် ပြည့်တန်ဆာနှိပ်ကွပ်မှုဥပဒေကို ပြောင်းလဲဖို့ ၂၀၁၃ ခုနှစ်ကတည်းက လွှတ်တော်မှာ ဆွေးနွေးခဲ့ကြပါတယ်။ အခွင့်အရေးတွေအတွက် တက်ကြွလှုပ်ရှားတဲ့ အဖွဲ့တွေကတော့ ဥပဒေသစ်မှာ ပြည့်တန်ဆာတွေ အခွင့်အရေးပိုမိုရရှိဖို့နဲ့ အကာအကွယ်ပေးမှုတွေ ရှိလာလိမ့်မယ်လို့ပြောဆိုနေကြပေမယ့် အဲ့ဒီဥပဒေဟာ နှစ်အနည်းငယ်ကြာလာတဲ့အထိ ချောင်ထိုးခံရနေဆဲဖြစ်ပါတယ်။ ဒီအပတ်မှာတော့ ဒို့အသံအဖွဲ့အနေနဲ့ရန်ကုန်မြို့နယ်ထဲကလိင်လုပ်သားတွေကို သွားရောက်တွေ့ဆုံပြီး သူတို့ကြုံတွေ့နေရတဲ့ အခက်အခဲတွေ၊ လိင်ပိုင်းဆိုင်ရာအလွဲသုံးစားအလုပ်ခံရမှုတွေ၊ ကျန်းမာရေးပြဿနာနဲ့ တစ်ခါတရံမှာ တာဝန်ရှိသူတချို့ရဲ့ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုတွေကိုလည်း မေးမြန်းခဲ့ပါတယ်။

ခင်ခင်(အမည်လွှဲ)နဲ့ သူမရဲ့ သားတို့ကို ခင်ပွန်းဖြစ်သူက လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်ကတည်းက စွန့်ပစ်ခဲ့ပါတယ်။ ခင်ပွန်းဖြစ်သူက သူမကိုထားခဲ့ပြီး တခြားမိန်းမ တစ်ယောက်ဆီကို ထွက်သွားခဲ့ပါတယ်။ ခင်ခင်ဟာ ရန်ကုန်အရှေ့ပိုင်း သာကေတမြို့မှာရှိတဲ့ သူမရဲ့အစ်မထံမှာ သွားရောက်နေထိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ခဲအိုဖြစ်သူရဲ့ မုဒိမ်းကျင့် မှုခံရတဲ့ နောက် ထွက်ပြေးခဲ့တာလို့ ခင်ခင်က ပြောပါတယ်။

"ပုဇွန်တောင်ဘက်ရောက်သွားတယ်၊ ညကြီးအချိန်မတော်ရောက်သွားတော့ ကျွန်မက ထိုင်ငိုနေတယ်၊ လမ်းမှာအလုပ် လုပ်စားနေတဲ့ ညီမလေး တစ်ယောက်ကနေပြီးတော့ ဟယ်. . . ဘာလို့ငိုနေတာလဲ လို့မေးတော့ ငါ့ခဲအိုစော်ကားတာ ငါ့အစ်မကို ပြောပြတာ ငါ့အစ်မက ငါ့ကိုရိုက်နှက်ပြီး ပေးစားတယ်၊ ငါလည်းမယူနိုင်လို့ထွက်ပြေးလာတာလို့၊ ငါက အိမ်ထောင်ပျက်ပဲလို့ ကလေးတစ်ယောက်တော့ရှိတယ်လို့ အဲဒါဆို လာခဲ့လေတဲ့ နေစရာလည်းမပူနဲ့တဲ့၊ စားစရာလည်းမပူနဲ့ ပိုက်ဆံလည်းရမယ်တဲ့ စော်ဘွားကြီးကုန်းက (ပြည့်တန်ဆာ)ခေါင်းအိမ်ကိုခေါ်သွားတယ်"လို့ ပြည့်တန်ဆာဘဝရဲ့အစကို ခင်ခင်ကပြန်ပြောင်းပြောပြတယ်။

သိပ်မကြာခင်မှာပဲ အဲ့ဒီပြည့်တန်ဆာခေါင်းက မင်္ဂလာဒုံမြို့နယ်ထဲက စစ်တပ်ဝင်းတစ်ခုထဲက စစ်သားတစ်ဦးနဲ့ အဖော်လုပ်ပေးရမယ်လို့ ခင်ခင်ကို ပြောပါတယ်။ ခင်ခင် အဲဒီရောက်သွားတော့ အမျိုးသားနှစ်ဆယ်လောက်က သူ့ကို စောင့်နေတာမြင်လိုက်ရတော့ ထိတ်လန့်သွားတယ်လို့ ဆိုပါတယ်။

"မမှတ်မိတော့ဘူး။ အယောက် သုံးဆယ်ကျော်လောက်တော့ရှိမယ်၊ သူတို့စစ်သားတွေက တစ်ယောက်ပဲဆိုပြီး ဟိုရောက်သွားတော့ မင်္ဂလာဒုံဘက်က သားရေစက်ရုံဆိုလား ရာဘာစက်ရုံဆိုလား မမှတ်မိတော့ဘူး၊ အဲ့ဒီကိုခေါ်သွားတယ်။ သူတို့ရဲ့ တာလပတ်လေးကိုခင်းထားပြီး ဆက်ဆံခံရတယ်။ တစ်ယောက်၊ နှစ်ယောက်ဆိုရင်လည်း နည်းနည်းတော်သေးတယ်၊ အခုဟာက အများကြီး၊ တစ်ယောက်ပြီး တစ်ယောက် . . ကြည့်လည်း ကြည့်နေတယ်၊ အရမ်းရှက်တာပေါ့၊ အဲ့လိုမျိုးမကြည့်ပါနဲ့ ပြောတော့ ဖာသည်မရာ ဘာလို့ဖာခံစားလဲဆိုပြီး ပါးရိုက်တယ်။ ကျွန်မ ဖာခံစားတယ်ဆိုတာလည်း ကျွန်မအကြောင်းကြောင့်နဲ့ပါ၊ ခေါ်တုန်းကတော့ တစ်ယောက်ဆိုပြီးတော့လို့ အဲ့လောက်အများကြီး ကျွန်မ မရဘူးလို့၊ အဲလောက်လောက်မခံခဲ့ရဘူးလို့၊ သူတို့လုပ်တာ မခံနိုင်တဲ့အဆုံး သူတို့လုပ်တာ ပါးတွေရိုက်ပြီး နှိပ်စက်တာခံရတယ်။ အဲ့ဒါနဲ့ . . ပြေးတော့တဲ့ နင်တဲ့ အခုဆိုရင်တဲ့ နင့်ကို သတ်ပစ်လိုက်မယ်တဲ့ ဆောင့်ကန်ပြီးတော့ အဲဒါနဲ့ ထွက်ပြေးလာခဲ့တယ်။ ထွက်ပြေးလာခဲ့တော့ ခေါင်းအိမ်ပြန်ရောက်သွာတယ်"လို့ သူ့ဘဝအတွေ့အကြုံကို ပြောပြပြန်တယ်။

ရုပ်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခံရတာ၊ ဆဲဆိုခံရတာ၊ နှိပ်စက်ခံရတာဟာ လိင်လုပ်သားတွေကြုံတွေ့ရတဲ့ ဘဝအစိတ်အပိုင်းတွေဖြစ်ပြီး သူတို့ဟာ တစ်ခါတလေ ရဲကိုတိုင်မယ်ဆိုပြီး ခြိမ်းခြောက်တဲ့ ရဲသတင်းပေးတွေရဲ့ ခေါင်းပုံဖြတ်အမြတ်ထုတ်တာတွေကိုလည်း ခံရတယ်လို့ ခင်ခင်ကပြောပါတယ်။

"ကွန်ဒုံးသုံးပါဆို မသုံးဘူး၊ ကိုယ့်ဆီကရှိတဲ့ ပိုက်ဆံကိုဖမ်းမှာကြောက်လို့ မိတယ်ပေါ့နော်၊ မိရင် ပါသလောက်ပိုက်ဆံပေးလိုက်ရတယ်။ သူတို့ယူသွားတယ်"လို့ အနိုင်ကျင့်ခံနေရတဲ့ပြည့်တန်ဆာဘဝကိုမထူးဆန်းတော့တဲ့လေသံနဲ့ ခင်ခင်က ခပ်တည်တည်ပြောပြခဲ့ပြန်ပါတယ်။

ပြည့်တန်ဆာလုပ်ငန်းဟာ မြန်မာနိုင်ငံမှာ ကြီးမားတဲ့လုပ်ငန်းဖြစ်ပေမယ့်လုပ်ငန်းက ငွေအများအပြားရှာနိုင်သူဟာ လိင်လုပ်သားများမဟုတ်ဘဲ ပြည့်တန်ဆာခေါင်းတွေ၊ ပြည့်တန်ဆာခန်းထောင်သူတွေနဲ့ ရဲများအပါအဝင် အကျင့်ပျက်အရာရှိများသာ ဖြစ်ပါတယ်။ ၁၉၄၉ ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေအရ ပြည့်တန်ဆာလုပ်ငန်းဟာ မြန်မာနိုင်ငံမှာ တရားမဝင်ပါဘူး။ အပြစ်ကျူးလွန်သူကို တစ်နှစ်ထက်မပိုတဲ့ ထောင်ဒဏ်(သို့) ငွေဒဏ်ချမှတ်ခံရနိုင်ပါတယ်။ ပြည့်တန်ဆာလုပ်ငန်းကျယ်ပြန့်လာတဲ့အခါ ပြစ်ဒဏ်များတိုးမြှင့်ခဲ့ပြီး ကျူးလွန်သူကို ထောင်ဒဏ်သုံးနှစ်(သို့) ငွေဒဏ်(သို့)ဒဏ်နှစ်ရပ်လုံးချမှတ်ဖို့ တိုးချဲ့ခဲ့ပါတယ်။ နောက်ပိုင်း ၁၉၉၈ ပြင်ဆင်ချက်အက်ဥပဒေအရတစ်နှစ်ထက်မနည်း၊ ငါးနှစ်ထက်မပိုတဲ့ ထောင်ဒဏ်အပြင် ငွေဒဏ်ချမှတ်နိုင်ပါတယ်။ ဥပဒေကို ပြင်ဆင်ခြင်းဖြင့် လိင်လုပ်သားတို့ရဲ့ ဘဝအခြေအနေကို တိုးတက်ကောင်းမွန်အောင်လှုပ်ရှားမှုတစ်ခု ၂၀၁၃ ခုနှစ်မှာ စတင်ခဲ့သော်လည်း လက်ရှိချိန်ထိ ပြည်ထောင်စုလွှတ်တော်မှာ ချောင်ထိုးခံထားရဆဲဖြစ်ပါတယ်။ အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းမှကာကွယ်တားဆီးရေး အက်ဥပဒေဟာ ၁၉၇၉ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံတဲ့ ပုံစံအားလုံးဖယ်ရှားတဲ့ ကွန်ဗင်းရှင်းနဲ့ ပိုနီးစပ်လာခဲ့ပါတယ်။

လိင်လုပ်သားများ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုများထဲက တစ်ခုမှာ ကျန်းမာရေးစောင့်ရှောက်မှုရရှိရေး ဖြစ်တဲ့အကြောင်း အမျိုးသမီးတွေနဲ့ ကလေးသူငယ် အခွင့်အရေးလှုံ့ဆော်ပေးနေတဲ့ NGO ပြည်ကြီးခင်အဖွဲ့ရဲ့ အမှုဆောင်ဒါရိုက်တာတစ်ဦးဖြစ်သူ ဒေါ်နွယ်ဇင်ဝင်းက ပြောပါတယ်။

HIV ပိုးရှိတဲ့ လိင်လုပ်သားတွေဟာ လူ့အဖွဲ့အစည်းရဲ့ကဲ့ရဲ့ပြောဆိုမှာစိုးရိမ်တာကြောင့် ဆေးဝါးအကူအညီယူဖို့ နောက်တွန့်နိုင်ပါတယ်။ နောက်ပြီး ကာရာအိုကေနဲ့ အလှပြင်ဆိုင်တွေလို နေရာတွေမှာလုပ်တဲ့ အမျိုးသမီးအများအပြားဟာ ကျန်းမာရေးစစ်ဆေးဖို့အရေး အချိန်ရဖို့ခက်ခဲနိုင်တယ်လို့ ၎င်းကပြောပါတယ်။ လိင်လုပ်သားတွေ မကြာခဏရင်ဆိုင်ကြုံတွေ့ရတဲ့ အခက်အခဲတစ်ခုကတော့ ရက်စက်စွာပြုမူခံရတဲ့ အခြေအနေကိုရောက်သွားတာပဲလို့ ဒေါ်နွယ်ဇင်ဝင်းက ပြောပါတယ်။ လိင်လုပ်သားတွေဟာ ရဲဒါမှမဟုတ်ဖောက်သည်တွေက အနိုင်ကျင့်ခေါင်းပုံဖြတ်ရင် အကူအညီမဲ့နေတဲ့အကြောင်းကိုလည်း အကိုးအကားနဲ့ ပြောကြားခဲ့ပါတယ်။

"သူတို့ရဲ့ အကြီးမားဆုံး ဒုက္ခကတော့ ခေါင်းပုံဖြတ်ခံရမှုပေါ့၊ ဖောက်သည်တွေ ဒါမှမဟုတ် သူတို့ရဲ့ပိုင်ရှင်တွေရဲ့ အနိုင်ကျင့်တာတွေခံရတယ်။ အနိုင်ကျင့်ခံရတယ်ဆိုတာက ဥပမာ-တစ်ယောက်တည်းဆိုပြီး ခေါ်လာပြီးမှ အများကြီးနဲ့ ဆက်ဆံပြီး ပိုက်ဆံမပေးဘဲ ရိုက်ပြီးပြန်လွှတ်တာ မျိုးပေါ့။ အရင်တုန်းကတော့ လုပ်စားတယ်၊ အခုက မလုပ်စားတော့ဘူးဆိုတဲ့အခါမှာ အတင်းခေါ်သွားတဲ့ဟာမျိုးပေါ့။ ပြောမယ်ဆိုရင် အများကြီးပဲ"လို့ ရှင်းပြပါတယ်။

လက်ရှိပြဋ္ဌာန်းထားတာနဲ့ ဆန့်ကျင်နေတာတစ်ခုက လိင်လုပ်သားတွေဟာအနိုင်ကျင့်ခံရတာကို တိုင်မယ်ဆိုရင် သူတို့ဟာ အဖမ်းခံရနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည့်တန်ဆာလုပ်ခြင်းဟာ ဥပဒေကိုဆန့်ကျင်နေလို့ ဖြစ်ပါတယ်။ လူမှောင်ခိုကူးခြင်းက လိင်ကုန်ကူးခြင်း လုပ်ငန်းကို အမျိုးသမီးတွေ ဖြည့်ဆည်းပေးနေလို့ လူမှောင်ခိုကူးခြင်းကိုလည်း အလားတူအရေးယူပေးဖို့ ဒေါ်နွယ်ဇင်ဝင်းက တောင်းဆိုခဲ့ပါတယ်။ မြန်မာတို့လို ရှေးရိုးစွဲလူ့အဖွဲ့အစည်းတစ်ခုမှာ နိုင်ငံရေးစိန်ခေါ်မှုလည်း ရှိနေပါတယ်။ လိင်လုပ်သားတွေကို ထိခိုက်နေတဲ့ ဥပဒေတွေကိုပြုပြင်ဖို့ အတည်ပြုပေးဖို့ ဝေဖန်ခံရမှာကို NLD အစိုးရကလည်း စိုးရိမ်နေတယ်လို့ ဒေါ်နွယ်ဇင်ဝင်းက ပြောပါတယ်။

နော်ဆူဆန်နာ လှလှစိုးက ရန်ကုန်တိုင်းဒေသကြီးက NLD အမတ်တစ်ဦးဖြစ်ပြီး အမျိုးသားလွှတ်တော်ရဲ့ အမျိုးသမီးနဲ့ ကလေးသူငယ်အခွင့်အရေးကော်မတီရဲ့ အတွင်းရေးမှူးဖြစ်ပါတယ်။ ဥပဒေနဲ့ပတ်သက်ပြီး စကားလုံးအသုံးအနှုန်းအတွက် သဘောတူညီမှုမရတဲ့အတွက် ဥပဒေသစ်ကို လွှတ်တော်မှာ မရေးဆွဲနိုင်သေးဘူးလို့ပြောပါတယ်။

"အန်တီတို့က လွှတ်တော်ဆိုတော့၊ လွှတ်တော်ပိုင်းမှာရောက်မှဆွေးနွေးလို့ရမှာလေ၊ အခုဟာက ဝန်ကြီးဌာနနဲ့ ရှေ့နေချုပ်ရုံးနဲ့ပဲ အသွားအပြန်လုပ်နေတယ်လို့ သိရတယ်။ ကိုးလလောက်ရှိပြီလို့ ပြောတယ်"လို့ ဥပဒေပြင်ဆင်ရေးနဲ့ပတ်သက်တဲ့ လက်ရှိအနေအထားကို ပြောပြပါတယ်။

အသက် ၂၆ နှစ်အရွယ် မလှပိုး (အမည်လွှဲ)ဟာရန်ကုန်ရဲ့ဆင်ခြေဖုံးမြို့စွန်မှာ ကြီးပြင်းခဲ့ပါတယ်။ သူမ ၁၈ နှစ်အရွယ်မှာ မိဘတွေဆုံးပါးခဲ့ပါတယ်။ သူမရဲ့အစ်ကိုကလည်း ရပ်ဝေးမှာရှိတဲ့စစ်တပ်မှာပါ။ မွန်ပြည်နယ်၊ မော်လမြိုင်က စားသောက်ဆိုင်တစ်ခုမှာ အလုပ်ရမယ်ဆိုပြီး အိမ်ကထွက်ခဲ့ပါတယ်။ ဒါပေမဲ့ သူရောက်သွားတဲ့အချိန် အလုပ်ကရှိမနေခဲ့ပါဘူး။ အဲ့ဒီနောက်မှာတော့ ပြည့်တန်ဆာလုပ်ငန်းထဲကို အဓမ္မသွတ်သွင်းခံလိုက်ရပါတယ်။ နောက်နှစ်တွေမှာ ဒီလောက'က ထွက်ပြီး အလုပ်အမျိုးမျိုးပြောင်းလုပ်ဖို့ ကြိုးစားခဲ့ပေမဲ့ ငွေရေးကြေးရေး အခက်အခဲကြောင့် ဒီလောကကို ပြန်ရောက်ခဲ့တယ်လို့ မလှပိုးကပြောပြပါတယ်။ တစ်ခါတလေအလုပ်ထဲမှာ ပြဿနာရင်ဆိုင်ပေမဲ့ ဒါဟာသူ့ကံကြမ္မာပဲလို့ လက်ခံထားတဲ့မလှပိုးက ဆက်ပြောပါတယ်။

"ကိုယ့်ဘဝကြီးကို ဒီမှာပဲ အဆုံးသတ်လိုက်ပြီ၊ သေလည်းသေပါစေတော့ ဘာလို့လဲဆိုတော့ ကိုယ်က ဒီအလုပ်လုပ်တာ ကြာသွားပြီလေ။ ကြာတော့ သေလည်းသေပါစေတော့၊ ဆေးသောက်ရမှာက သောက်မှာပဲ၊ မသောက်ရဘူးဆိုလည်း မသောက်ဘူးပေါ့"လို့ သူကပြောပါတယ်။

ပြည့်တန်ဆာသက်တမ်းရင့်လာတာနဲ့အမျှ အခြားအလုပ်အကိုင်ကိုမလုပ်တော့တာကတစ်ကြောင်း၊ မထူးဇာတ်ခင်းပြီး ဖြစ်လိုရာဖြစ်စေတော့ ရယ်လို့ ဘဝကိုအရှုံးပေးပြီး ပြည့်တန်ဆာဘဝကို မပျော်ပေမယ့် ပိုက်နေရတဲ့ မပျော်ပိုက်သူလေးတွေရဲ့ အနာဂတ်က နိုင်ငံတကာအလယ်က မြန်မာ့ယဉ်ကျေးမှုဆိုတဲ့ 'စံ'တံတိုင်းကြီးကို ကျော်ဖြတ်နိုင်မှသာ ရောဂါမပျံ့ပွားရေး၊ အမျိုးသမီး အခွင့်အရေးဆိုတာတွေကို သူတို့ခံစားခွင့်ရတော့မှာပါ။

**မြစ်ကြီးနားသတင်းဂျာနယ်**

***မြစ်ကြီးနားသတင်းဂျာနယ်နဲ့ Frontier Myanmar တို့ ပူးပေါင်းတင်ဆက်ပြီး Myitkyina News Journal Facebook Page တွင် တင်ဆက်ခဲ့သော ဒို့အသံ ရေဒီယိုအစီအစဉ်ကို ပုံနှိပ်စာအဖြစ် ပြန်လည်ဖော်ပြလိုက်ပါသည်။***

# ခရိုင်ပေါင်းစုံဘောလုံးပြိုင်ပွဲတွင် မြစ်ကြီးနားခရိုင် ဗိုလ်စွဲ



ဇူလိုင် ၂၃

အသက် ၁၇ နှစ်အောက် (U-17) ခရိုင်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲတွင် မြစ်ကြီးနားခရိုင်အသင်းက ပထမရရှိခဲ့ကြောင်း သိရသည်။

ဗိုလ်လုပွဲကို ဇူလိုင်လ ၂၁ ရက်နေ့ ညနေက မြစ်ကြီးနားနှင့် မိုးညှင်းခရိုင်တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မြစ်ကြီးနားခရိုင်က ၄ ဂိုး ၂ ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့ခြင်း ဖြစ်သည်။

လာမည့် စက်တင်ဘာလတွင် နေပြည်တော်၌ ကျင်းပမည့် တိုင်းနှင့်ပြည်နယ် အားကစားပြိုင်ပွဲအတွက် ယခုခရိုင်အဆင့်ပြိုင်ပွဲမှ လူရွေးချယ်မှု ပြုလုပ်သွားမည်ဟု မြစ်ကြီးနားခရိုင်အသင်းအုပ်ချုပ်သူ ဦးဂျတ်မွန်းအောင်ကပြောသည်။

"အသက် ၁၇ နှစ်အောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲအတွက် ရည်ရွယ်ပြီးလုပ်တာ။ အဲဒီအတွက် လူရွေးတာလည်း ဖြစ်တာပေါ့။ ကလေးတွေကိုတော့ ပဏာမတော့ရွေးထားပြီး ပြန်ပြီးသေချာ ပြန်ရွေးချယ်ရဦးမှာပါ"ဟု ဦးဂျတ်မွန်းအောင်က ပြောသည်။

အသက် ၁၇ နှစ်အောက် တိုင်းနှင့်ပြည်နယ် ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၆ ရက်နေ့မှ ၂၀ရက်နေ့ကြားတွင် ကျင်းပရန် လျာထားကြောင်း သိရသည်။

အသက် ၁၇ နှစ်အောက် ခရိုင်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကို မြစ်ကြီးနားမြို့ရှိ ပြည်နယ်အားကစားကွင်းတွင် ဇူလိုင်လ ၁၇ ရက်နေ့မှစတင်ကျင်းပခဲ့ရာ မြစ်ကြီးနားခရိုင်က ပထမ၊ မိုးညှင်းခရိုင်က ဒုတိယနှင့် တတိယဆုကို ဗန်းမော်ခရိုင်တို့က အသီးသီးရရှိခဲ့ကြသည်။

ဆုကြေးအနေဖြင့် ပထမဆုကျပ်၇သိန်း၊ ဒုတိယဆုကျပ်ငါးသိန်းနှင့် တတိယဆုကျပ်သုံးသိန်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။

Salai




## Fashion Designer (ရက်တိုသင်တန်း)

Designer Sai Ye Lin ကိုယ်တိုင် တစ်ဦးချင်းစီသင်ကြားပေးမည် ဖြစ်ပါသည်။

Classs (1) Drapping အထူးသင်တန်း (၆. ၈. ၂၀၁၈ မှ ၁. ၉. ၂၀၁၈ အထိ)
(မနက် ၉နာရီ မှ ၁၂နာရီ အထိ)

Classs (2) ဂါဝန် Pattern - Evening Gowns, Wedding Gowns Pattern သီးသန့်
(၆. ၈. ၂၀၁၈ မှ ၁. ၉. ၂၀၁၈ အထိ) (နေ့လယ် ၁နာရီ မှ ၄နာရီ အထိ)

Classs (3) ရင်ခံ Pattern သီးသန့် (ကော့ဆက်၊ ဘော်လီအုံ၊ ရင်ခံ Pattern အမျိုးမျိုး)
(၆. ၈. ၂၀၁၈ မှ ၁၇. ၈. ၂၀၁၈ အထိ) (နေ့လယ် ၁နာရီ မှ ၄နာရီ အထိ)

အခြေခံစက်ချုပ်တတ်ထားပြီးသူတိုင်းတက်ရောက်နိုင်ပါသည်။

အသေးစိတ်စုံစမ်းနိုင်ရန်နှင့်ကြိုတင်စာရင်းပေးသွင်းနိုင်ပါရန်

ဖုန်း - 09401533668

No (127), Thida, Myitkyina


# We are One Cup ဗိုလ်လုပွဲတွင် Kachin Real FC နှင့် Mogaung Selection FC တို့ ယှဉ်ပြိုင်မည်



Kachin Real FC



Mogaung Selection FC

မြစ်ကြီးနား၊ ဇူလိုင် ၂၇

မြန်မာဘီယာမှ ဦးစီး၍ ကျင်းပသည့် We are One Cup 2018 (မြစ်ကြီးနား) ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲ ပွဲစဉ်ကို ဩဂုတ်လ ၁၈ ရက်နေ့တွင် ပြည်နယ်အားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဗိုလ်လုပ်ပွဲတွင် မြစ်ကြီးနားမြို့မှ အပျော်တမ်း ကလပ်အသင်းဖြစ်သည့် Kachin Real နှင့် မိုးကောင်းမြို့နယ်မှ Selection ကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သည်။

ဇူလိုင်လ ၂၆ ရက်နေ့က ဆီမီးဖိုင်နယ်ပွဲစဉ်များ ပြီးဆုံးခဲ့ပြီး Kachin Real အသင်းက Quadrant Final ပွဲစဉ်တွင် လုံးခင်းအသင်းကို လည်းကောင်း၊ Semi Final တွင် မနော‌အလှအသင်းကိုလည်းကောင်း အနိုင်ရရှိပြီး မိုးကောင်း Selection အသင်းက ကွာတားဖိုင်နယ်တွင် နိုင်မဟာအသင်းကို လည်းကောင်း၊ ဆီမီးဖိုင်နယ်တွင် နောင်ရာအသင်းကို လည်းကောင်း အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းခဲ့ကြခြင်းဖြစ်သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်နှစ်ပွဲလုံးမှာ ပွဲချိန် မိနစ် ၉၀ အချိန်ထိ တစ်ဖက်နှင့်တစ်ဖက် သရေရလဒ်ထွက်ပေါ်ခဲ့၍ ဗိုလ်လုပွဲတက်ရောက်ခဲ့သည့်အသင်းနှစ်သင်းလုံးမှာ ပနယ်လ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရလာသည့် အသင်းများ ဖြစ်သည်။

ဗိုလ်လုပွဲပွဲစဉ် နောက်ကျရခြင်းနှင့်ပတ်သက်၍ ယင်းပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက် ဒိုင်လူကြီးအဖြစ် ဆောင်ရွက်ခဲ့သူကိုသူရိန်စိုးက "ရှပ်ရှင်မင်းသားတွေလာမှာဆိုတော့ သူတို့ ရက်မရတော့ နောက်ဆုတ်သွားတာပါ။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ Final ပွဲတွေအားလုံးရပ်ထားတယ်။ မြို့ရှစ်မြို့လုံးက Final ပွဲတွေကိုလှည့်ပြီးတော့လာကြမှာဆိုတော့ အဲ့ဒါကြောင့်ရက်ရွှေ့တာပါ"ဟု ၎င်းကပြောသည်။

Kachin Real နှင့် Mogaung Selection အသင်းတို့ ယှဉ်ပြိုင်မည့် ဗိုလ်လုပွဲစဉ်တွင် Old Star အသင်းနှင့် ရုပ်ရှင်မင်းသားများပါဝင်သည့် အနုပညာရှင်များဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားမည့်အပြင် နိုင်ငံကျော် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများလည်း ပါဝင်မည်ဖြစ်ကြောင်း ကိုသူရိန်စိုးထံမှ သိရသည်။

အဆိုပါ We are One Cup ဘောလုံးပြိုင်ပွဲကို မြစ်ကြီးနားမြို့အပြင် အခြားမြို့ကြီးများဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ ပုသိမ်၊ တောင်ကြီး၊ လားရှိုး၊ မော်လမြိုင်၊ မကွေးမြို့များတွင်လည်း ကျင်းပသည်။ မြို့ကြီးရှစ်မြို့တွင် ပထမရရှိသည့် ကလပ်အသင်း ရှစ်သင်းသည် စက်တင်ဘာလ နောက်ဆုံးအပတ်တွင်မန္တလေးမြို့၌ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

ဆုကြေးငွေအဖြစ် ချန်ပီယံအသင်းကို ကျပ်သိန်း ၅၀၊ ဒုတိယဆုသိန်း ၃၀၊ တတိယဆု ၁၉ သိန်း၊ စတုတ္ထဆု ၁၇ သိန်းနှင့် ပဉ္စမဆုမှ အဋ္ဌမဆုအထိ ကျပ် ၁၅ သိန်းစီ အသီးသီးချီးမြှင့်သွားမည်ဖြစ်သည့်အပြင် အနိုင်ရမြို့များ၏ ဘောလုံးအဖွဲ့ချုပ်များနှင့် ကော်မတီများအား ချန်ပီယံအသင်းမြို့အတွက် ၂၅ သိန်း၊ ဒုတိယ သိန်း ၂၀၊ တတိယ ၁၇ သိန်း၊ စတုတ္ထ ၁၃ သိန်း၊ ပဉ္စမမှအဋ္ဌမရသည့်မြို့များအတွက် ၁၀ သိန်းစီ ဂုဏ်ပြုသွားမည်ဖြစ်ကြောင်း We are One Cup လူမှုကွန်ရက်စာမျက်နာတွင် ဖော်ပြထားသည်။

We are One Cup 2018 (မြစ်ကြီးနား) ဘောလုံးပြိုင်ပွဲကို ဇွန်လ ၁၀ ရက်မှစတင်ကျင်းပခဲ့ပြီး အဆိုပါပြိုင်ပွဲတွင် ကလပ်အသင်းပေါင်း ၃၂ သင်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

Salai




# မြန်မာ့ဂုဏ်ဆောင် ကချင်ပြည်နယ်သူ ၊ နိုင်ငံတကာဆယ်ကျော်သက် အလှမယ် နှင့် တွေ့ဆုံခြင်း



ယခုတစ်ပတ်ရဲ့ အနုပညာကဏ္ဍမှာတော့ကချင်ပြည်နယ်က နိုင်ငံတကာ Miss International Teen of the Year 2018 အလှမယ်လေးတစ်ဦးကို တွေ့ဆုံမေးမြန်းထားပါတယ်။ သူက လော်ဝေါ်တိုင်းရင်းသူ အလှမယ်လေးတစ်ယောက်ဖြစ်ပြီး သူ့နာမည်က လဒွမ်လွမ်းနော်လို့ ခေါ်ပါတယ်။

သူမဟာ လော်ဝေါ်တိုင်းရင်းသူတွေထဲမှာ ပဉ္စမမြောက်အလှမယ်ဖြစ်ပေမယ့် နိုင်ငံတကာအလှမယ်လောကကို ပထမဆုံးခြေချခဲ့တဲ့ သူလို့ဆိုရမှာပါ။ သူက မတ်လ၃၁ရက်နေ့က ဝိုင်းမော်မှာ ကျင်းပခဲ့တဲ့ ၄၄ ကြိမ်မြောက် လော်ဝေါ်ရိုးရာစာပေနှင့် ယဉ်ကျေးမှုပွဲတော်မှာ အလှနတ်သမီးဆုကို ရရှိခဲ့ရာကနေ နိုင်ငံတကာပွဲအထိ တက်လှမ်းခဲ့သူလေးပါ။ ထိုင်းနိုင်ငံဘန်ကောက်မြို့မှာ ကျင်းပခဲ့တဲ့ Mister and Miss International Teen of the Year ပြိုင်ပွဲကို မြန်မာကိုယ်စားသွားရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ အဲဒီမှာ Winner ဆုရခဲ့တာပါ။ သူကတော့ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ နယ်မြေ (၂) မှာနေထိုင်ပြီး ဦးလဒွမ်ထော လွမ်း နဲ့ ဒေါ်သန်းသန်းဝင်းတို့က မွေးဖွားတဲ့မွေးချင်း ငါးယောက်မှာ ဒုတိယမြောက်သမီး ဖြစ်ပါတယ်။ ၂၀၁၆-၁၇ ပညာသင်နှစ်မှာ တက္ကသိုလ်ဝင်တန်းကို အောင်မြင်ခဲ့ပြီး လာမယ့် အဝေးသင်တက္ကသိုလ်ကျောင်းဖွင့်ရင် သင်္ချာမေဂျာ ပထမနှစ်တက်ရောက်ဖို့ ပြင်ဆင်နေသူလေးပါ။

ဒါကြောင့် ကချင်ပြည်နယ်အတွင်းက စာဖတ်သူပရိသတ်များကို နူပျိုတက်ကြွတဲ့ ဆယ်ကျော်သက် လော်ဝေါ်တိုင်းရင်းသူ အလှမယ်လေးနဲ့ မိတ်ဆက်ပေးလိုက်ရပါတယ်။

**ပထမဆုံးအနေနဲ့ ညီမရဲ့နာမည်အပြည့်အစုံကို မိတ်ဆက်ပေးပါဦး။**

လဒွမ်လွမ်းနော ဖြစ်ပါတယ်။ ညီမ မွေးသက္ကရာဇ်က ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်မှာ မွေးဖွားခဲ့ပါတယ်။

**ဒီပွဲကို သွားပြိုင်ဖြစ်ခဲ့တာနဲ့ ပတ်သက်ပြီးတော့လည်း ပရိသတ်ကို ပြောပြပေးစေချင်ပါတယ်။**

ဝိုင်းမော်မှာလုပ်တဲ့ အလှနတ်သား/အလှနတ်သမီး ပွဲမှာ ပထမဆု အလှနတ်သမီးဆုကိုရရှိခဲ့တာပါ။ အဲလိုအလှနတ်သမီး ပထမဆုနောက်မှာ နိုင်ငံတကာပြိုင်ပွဲကို ဆက်ပြိုင်ဖို့ နောက်မှာ ချိတ်ပါလာခဲ့တယ်။

ပြောရမယ်ဆိုရင် ကျောင်းတွေမှာ King နဲ့ Queen ရွေးသလို လော်ဝေါ်ရိုးရာယဉ်ကျေးမှုအဖွဲ့ကလည်း ဒီ ၄၄ ကြိမ်မြောက်ပွဲမှာ အလှနတ်သား/အလှနတ်သမီးကို ရွေးခဲ့တယ်။ ဒီလိုနဲ့ ဆက်ပြိုင်ဖြစ်ခဲ့တာ Miss International Teen of Myanmar ကနေ နိုင်ငံတကာပြိုင်ပွဲကို ချိတ်ဆက်ပြီး မြန်မာနိုင်ငံကိုယ်စားပြုအနေနဲ့ Teen Show သွားပြိုင်ခဲ့တာပါ။

**အဲဒီမှာ နိုင်ငံပေါင်း ဘယ်နှနိုင်ငံလောက်ပြိုင်ရလဲ။ ဘယ်လိုဆုမျိုး ရရှိခဲ့သေးလဲ။**

အဲဒီမှာတော့ နိုင်ငံပေါင်း ၄၀ က ကိုယ်စားပြုတွေနဲ့ ထပ်ပြီးယှဉ်ပြိုင်ခဲ့ရပါတယ်။ အဲဒီမှာလည်း ညီမက ပထမဆုဖြစ်တဲ့ Winner ဆုကိုထပ်ရခဲ့ပါတယ်။

**နိုင်ငံခြားမှာသွားပြိုင်ရတဲ့အခါ ဘယ်လိုစိန်ခေါ်မှုမျိုးတွေနဲ့ ရင်ဆိုင်ခဲ့ရသေးလဲ။ ဘာအတွေ့အကြုံတွေ့ရလဲ။**

ညီမအနေနဲ့ ပထမဆုံးကြုံတွေ့ရတာကတော့ မိတ်ကပ်တွေ ကိုယ့်ဟာနဲ့ကိုယ် လိမ်းရတာပဲ။ အိမ်မှာ နေရင်က မိတ်ကပ်က ကိုယ့်ဟာကိုယ် လုံးဝမပြင်ဘူးပေါ့နော်။ မိတ်ကပ်က လုံးဝ မကြိုက်တဲ့အထဲမှာ ပါတယ်။ အဲဒါကိုယ့်ဟာကိုယ် တစ်ယောက်တည်း မိတ်ကပ်တွေ စပြင်ရတယ်။ ကိုယ့်ဟာနဲ့ကိုယ် ကျန်တာတွေလည်း တစ်ယောက်တည်း လုပ်ရတယ်။ နေတာထိုင်တာကအစ တစ်ယောက်တည်း နေရတယ်။ ညီမအတွက် အခက်အခဲဆုံး ပြဿနာကို ပြောပါဆိုရင်ကတော့ မိတ်ကပ်ပြင်ရတဲ့ ပြဿနာ လို့ဆိုရမှာပါပဲ။

**အဲလိုအခက်အခဲတွေကြုံတွေ့ရတော့ ဘယ်လိုကြိုးစားပြီး ဆက်ပြိုင်ခဲ့လဲ။**

အားလုံးကိုဖြည်းဖြည်းချင်းပြင်ဆင်ယူခဲ့ရတယ်။ မိတ်ကပ်ပြင်တဲ့နေရာတွေ၊ လမ်းလျှောက်တဲ့နေရာတွေကအစ အကုန်လုံးကို ဖြည်းဖြည်းချင်း ပြင်ဆင်ခဲ့ရတယ်။ နောက်ပြီး စကားပြောတာ၊ နေတာထိုင်တာကအစ သူများတွေဘယ်လိုနေထိုင်လဲ၊ ဆရာဆရာမတွေက ဘယ်လိုကြိုက်တယ်၊ လူငယ်ဖြစ်တော့ ဖော်ဖော်ရွေရွေဆက်ဆံတာကအစ ပြင်ဆင်ခဲ့ရပါတယ်။

**နောက်ပြီးတော့ ကိုယ့်နိုင်ငံနဲ့ မတူတဲ့ အခက်အခဲတွေ ဘာများရင်ဆိုင်ခဲ့ရသေးလဲ။**

သူတို့ကကျတော့ အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားက သူတို့ဘာသာစကားလို ဖြစ်နေတော့ မြန်လည်းမြန်တယ်။ ညီမတို့အတွက်ကျတော့ ဒါက ကိုယ့်ဘာသာစကားမဟုတ်ခဲ့တော့ အဲ့ဒါတစ်ခုတော့ ခက်ခဲတယ်။ ကျန်တာကတော့ မတူတဲ့အခက်အခဲက မရှိသလောက်ပါ။ အဝတ်အစားတွေဆိုရင်လည်း သူတို့နိုင်ငံမှာက စနစ်တကျနဲ့။ အကုန်လုံးတစ်ခုမကျန် စနစ်တကျရှိတယ်။ အရမ်းကိုစနစ်ကျပါတယ်။

**အခုဆိုရင် နိုင်ငံတကာဆုတွေလည်း ရလာခဲ့ပြီ၊ နာမည်တစ်ခုကလည်းရလာခဲ့ပြီ ဆိုတော့ ရှေ့ဆက်လျှောက်လှမ်းမယ့် ညီမရဲ့ အလှမယ်ခရီးကိုလည်း ပရိသတ်ကသိချင်မှာပဲ ပြောပြပေးပါဦး။**

အခုဆိုရင် ညီမကအဝေးသင် ကျောင်းတက်ရဦးမယ်ဆိုတော့ပညာရေးဘက်ကို အချိန်တစ်လလောက်တော့ ပေးရဦးမယ်။ ကျောင်းပြီးတာနဲ့ အနုပညာအလုပ်ကို တောက်လျှောက်လုပ်သွားဖို့လည်း ရှိပါတယ်။

**ကချင်ပြည်နယ်အတွက်ကိုကော ဘာတွေလုပ်ဆောင်သွားမယ်လို့ စိတ်ကူးဖြစ်သေးလဲ။ ဖြေလို့ရရင်ဖြေပေးပါ။**

ညီမက အခုမှ ဆယ်ကျော်သက် ပထမနှစ်ကျောင်းသူလေးပဲ ဆိုတော့ ရုတ်တရက်ပြောဖို့ အဆင်မပြေရင်လည်း ရပါတယ်။ အခု လောလောဆယ်တော့ ကျောင်းလည်းတက်ရမယ်ဆိုတော့ ကျောင်းစာလည်း ကြိုးစားရမယ်။ အခု ကချင်ပြည်နယ်ကလူတချို့က စစ်ဘေးကြောင့် စစ်ရှောင်စခန်းတွေမှာ ရောက်နေတယ်။ ဒါကိုတော့ တတ်နိုင်တဲ့ဘက်နေ တတ်နိုင်တဲ့အင်အားနဲ့ သူတို့ကိုကူညီဖို့ ကြိုးစားချင်တဲ့ စိတ်ကူးတော့ရှိတယ်။

**ကချင်ပြည်နယ်က နောက်ထပ်ပြိုင်မယ့် Missညီမလေးတွေ အတွက် တစ်ခုခုပြောပေးပါလား။**

ညီမအနေနဲ့ ပြောချင်တာကတော့ ဘာပဲလုပ်လုပ် ကြိုးစားကြဖို့ပါပဲ။ မလျှော့ကြပါနဲ့လို့ အဲဒါ တစ်ခုပဲ ပြောချင်ပါတယ်။ နောက်ပြီးတော့ ဘုရားကို မမေ့ဖို့ပေါ့။

အခုလို အချိန်ပေးပြီး ဖြေကြားပေးတဲ့ ညီမလဒွမ်လွမ်းနော်ကို မြစ်ကြီးနားသတင်းဂျာနယ်က အထူးကျေးဇူးတင်ပါတယ်။

ဟုတ်ကဲ့ရှင့်။ ညီမကလည်း စာဖတ်ပရိသတ်နဲ့ မိတ်ဆက်ပေးတဲ့ မြစ်ကြီးနားသတင်းဂျာနယ်ကို ကျေးဇူးတင်ပါတယ်။

